
Facebook link : www.facebook.com/daddyzhanghan
Page Name : ဒက်ဒီကျန်းဟန်
Telegram : https://t.me/daddyzhanghan
Available on :
Wun Zinn
Book Store
WOW Book Store
Bookstore
K Eros
(ကျန်းဟန်)
အင်မော်တယ်ဖေဖေ
Godly Stay-Home Dad
အင်မော်တယ် ဖေဖေ
K Eros

အင်မော်တယ်ဖေဖေ

စာစဥ်(၃၃)

## စာစဥ်(၃၃) အပိုင်း(၁) အခန်း(၃၈၇-ခ) သူဌေးကတော်၏နာမည်(၂)

စိတ်ဝင်စားစရာကောင်းသည်မှာ လျန်ဟောင်တစ်ယောက် သူတို့ရှေ့ပြန်ပေါ်လာသည့်အချိန်တွင် သူ၏ဆံပင်ရှည်များက အလွန်တိုသွားပြီး တစ်လက်မခန့်သာ ရှိတော့လေသည်။ ၎င်းက လူကြိုက်များသည့်ဆံပင်ပုံစံမဟုတ်သော်လည်း သူ့အား ပို၍တက်ကြွသည့်ပုံပေါက်သွားစေပြီး ပျော့ဖတ်ဖတ်ပုံစံနည်းသွားစေသည်။

လျန်ဟောင်သည် အလွန်နာခံစွာဖြင့် သူ၏ဆံပင်ကို ညှပ်လာသည်အား တွေ့တော့ ကျန်းလီ အနည်းငယ် အံ့အားသင့်သွားသည်။ သို့သော် လျန်ဟောင်၏အသွင်ပြင်က ပို၍ မျက်စိ

ပသာဒဖြစ်လာသော်လည်း အတော်လေးသိမ်မွေ့နူးညံ့ပြီး ယောကျ်ားမဆန်ဖြစ်နေသေးသည့်အတွက်ကြောင့် ကျန်းလီ၏အမြင်တွင် သူသည် ကျောက်ဖုန်းလောက် ဆွဲဆောင်မှုမရှိချေ။

သို့သော် လျန်ဟောင်သည် စားသောက်ဆိုင်သို့ လျန်မုန့်ချီထက် ပို၍မကြာခဏလာထိုင်သောကြောင့် ကျန်းလီနှင့် မကြာခဏစကားပြောခွင့်ရခဲ့ပြီး သူတို့အချင်းချင်း တဖြည်းဖြည်း ရင်းနှီးလာကြသည်။

ကျန်းလီသည် လျန်ဟောင်နှင့်အတူ အချိန်ဖြုန်းရသည်ကို သဘောကျ၏။ နောက်ဆုံးတွင်တော့ သူမ စားသောက်ဆိုင်တွင် တစ်နေကုန်နေရသည်မှာ အလွန်ငြီးငွေ့နေရသည်မဟုတ်ပါလား။ လျန်ဟောင်က နေ့တိုင်း ဆိုင်သို့ရောက်လာပြီး ရံဖန်ရံခါ သူမနှင့်လမ်းလျှောက်ထွက်ကာ သူမ၏ငြီးငွေ့ဖွယ် နေ့စဉ်ဘဝကို အရောင်ခြယ်ပေးလေသည်။

ချောမောသည့်လျှန်ဟောင်မှာ လီလီအား သိသိသာသာ စွဲဆောင်လာသည်ကို သတိပြုမိပြီး လော့ချင်းမှာ သူတို့အေး နားတွင် ကြိတ်ရယ်နေတတ်၏။ လျှန်မုန့်ချီပင် သူ တို့၏ဆက်ဆံရေး ပြောင်းလဲသွားသည်ကို ခံစားနိုင်သည်။ လျှ န်မုန့်ချီသည် ညီမတစ်ယောက်အနေဖြင့် အစ်ကိုဖြစ်သူလျှန် ဟောင်၏အကြောင်းကို ပို၍သိသည်။ သူမ၏အစ်ကိုသည် မ ငယ်တော့သည့်အတွက် အိမ်ထောင်ပြုရန်အချိန်ရောက်နေပြီ ဖြစ်ရာ သူမအတွက် ယောင်းမတစ်ယောက် ရှာတွေ့နိုင် လိမ့်မည်ဟု လျှန်မုန့်ချီ မျှော်လင့်သည်။

သို့သော် ကျန်းလီသာ သူမ၏ယောင်းမဖြစ်လာလျှင် အနည်းငယ် ကိုယ့်ယို့ကားယားဖြစ်နေလိမ့်မည်။ နောက်ဆုံးတွင် တော့ သူမက ကျန်းလီ၏အစ်ကိုကို သဘောကျနေပြီး သူ့အား လိုက်ချင်ခဲ့သည်မဟုတ်ပါလား။

နောက်ပိုင်းတွင် ကျန်းလီက ကျောက်ဖုန်း၏ပုံစံမျိုးကို သူမသဘောကျပြီး လျှန်ဟောင်ကို စိတ်မဝင်စားကြောင်း လျှန်

မုန့်ချီအား ပြောပြသည့်အချိန်တွင် လျန်မုန့်ချီ ကျန်းလီအား အံ့အားသင့်မှုဖြင့် မကြည့်မိဘဲမနေနိုင်ချေ။

ကျောက်ဖုန်းလား... အဲဒီ... ငါနဲ့စကားပြောဖို့ အမြဲတမ်း အခွင့်အရေးရှာနေတဲ့ ကျောက်ဖုန်းလား...

ထိုနောက် သူမ၏အစ်ကိုအား ငေးကြောင်ကြောင် ကြည့်လိုက်ပြီး သုံးပွင့်ဆိုင်အချစ်တစ်ခု ရှိနေသည်ကို ခံစားမိလိုက်သည်။

မဟုတ်ဘူး။ ကျောက်ဖုန်းက ငါ့ရဲ့အကြိုက်ပုံစံမဟုတ်ဘူး...

"လီလီ နင်အသက် ၂၄ နှစ်လား" လျန်မုန့်ချီ မေးသည်။

"ဟုတ်တယ်" ကျန်းလီ ပြန်ဖြေ၏။

"အာ... စားသောက်ဆိုင်ကို အရင်သွားရအောင်။ ငါ့အစ်ကို နဲ့ငါ ဒီနေ့လည်ခင်း စားသောက်ဆိုင်မှာပဲ နေမယ်" လျန်မုန့်ချီ က ခေါင်းခါလိုက်သည်။

ညနေ ၂ နာရီ ၃၀ မိနစ်တွင် လျန်မုန့်ချီနှင့် လျန်ဟောင်တို့ အပြင် ကျန်းလီနှင့် လော့ချင်းတို့လည်း လမ်းလျှောက်ထွက်လာကြ၏။ ယခု သူတို့ မီတာငါးရာခန့်ဝေးသည့် စားသောက်ဆိုင်သို့ လမ်းလျှောက်လာခဲ့ကြသည်။

"လီလီ ငါတို့က သူငယ်ချင်းတွေမလား" လျန်မုန့်ချီက ရုတ်တရက် ပြောသည်။

"ဟုတ်တယ်လေ" ကျန်းလီက ခေါင်းညိတ်လိုက်ပြီး အနည်းငယ်ထူးဆန်းသလို ခံစားလိုက်ရသည်။ သူတို့က သူငယ်ချင်းမဟုတ်ပါက ဘာလို့ လျန်မုန့်ချီနှင့်အတူတူ ဈေးဝယ်ထွက်မည်နည်း။

"ဒါဆို သူ့ဌေးကတော်က ဘယ်သူလဲပြောပြ။ ငါ သူမ နာမည်ကို မသိသေးဘူး" လျန်မုန့်ချီ သိချင်စိတ်ဖြင့် ပြောသည်။

"ယောင်းမနာမည်လား။ နင်သူမကို သိမှာသေချာတယ်" လော့ချင်းက ပါးစပ်ကိုအုပ်ကာ ပြုံး၍ပြောသည်။

"ငါသူမကို သိတာလား။ ဘယ်သူလဲ" လျှန်မုန့်ချီ၏မျက်လုံးများ ပြူးကျယ်သွားသည်။

လျှန်ဟောင်ပင် အနည်းငယ် စပ်စုချင်စိတ်ပေါက်သွား၏။ မုန့်မုန့်လေးမှာ အလွန်ချစ်စရာကောင်းပြီး နူးညံ့လှပသူဖြစ်ရာ သူမလေး၏အမေထံမှ ဗီဇကြောင့်ဟု သတ်မှတ်ရမည်ဖြစ်သည်။ ထိုကဲ့သို့ နတ်သမီးလေးနှင့်တူသည့်မိန်းကလေးမျိုးအား သာမန်လူများ မမွေးဖွားနိုင်ချေ။

"ဒါဆို ငါနင့်ကို ပြောပြမယ်။ သူမ နာမည်က... ခန့်မှန်းကြည့်လေ" ကျန်းလီ ပြုံးကာ မျက်စိမှိတ်ပြရင်း ပြောလိုက်၏။

"အာ... မြန်မြန်ပြောစမ်းပါ လီလီရယ်" လျှန်မုန့်ချီက ကျန်းလီ၏လက်ကို ဆွဲကာ အကြိမ်အနည်းငယ် ယမ်းလိုက်၏။

"အင်း... နားထောင်" အနည်းငယ် ရယ်မောပြီးနောက် ကျန်းလီက ပြောလိုက်သည်။ "ငါ့ယောင်းမအကြောင်း နင်ကြားဖူးမှာပါ။ သူမက စူပါစတား ဇီယန်လေ"

"ဟမ်" လျှန်မုန့်ချီ အံ့အားသင့်သွားပြီး အာမေဋိတ် သံထွက်လာသည်။

"ဘယ်သူ။ ဇီယန်လား" လျှန်ဟောင် အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။ ကျန်းလီအား ကြည့်ကာ "သေချာလား"

"သေချာတာပေါ့။ အဲဒါအမှန်ပဲ။ စားသောက်ဆိုင်က ခေတ်ပုံတွေကို ရှင် သတိမထားမိဘူးလား။ နံရံမှာ သူမခေတ်ပုံတွေလည်းရှိတယ်။ ရှင်တော်တော်တုံးတာပဲ" ကျန်းလီက နှုတ်ခမ်းကိုတွန့်ကာ ပြောသည်။

"ဝိုး ဇီယန်ပေါ့။ ငါ့အစ်ကိုနဲ့ ဇီယန်က သူငယ်ချင်းတွေလေ" လျှန်မုန့်ချီက အံ့အားသင့်စွာပြောသည်။

"ရှင်တို့က အချင်းချင်းသိတာလား" ကျန်းလီ အံ့အားသင့်သွားပြီး လျှန်ဟောင်ကို ကြည့်လိုက်၏။

"ဟုတ်တယ်။ တိုက်ဆိုင်လိုက်တာ" လျှန်ဟောင်အားတင်းပြုံးလိုက်ပြီး ဖုန်းကိုထုတ်ကာ ဇီယန်၏နံပါတ်ကို ခေါ်

လိုက်သည်။ "ဟဲလို ဇီယန် ငါ နင့်ယောက်ျားရဲ့ဟင်းချက် လက်ရာကို စားဖူးပြီထင်တယ်။ တိုက်ဆိုင်လိုက်တာ။ နင့်ရဲ့ သမီးလေးက အရမ်းချစ်စရာကောင်းတယ်.....”

ဇီယန်အလုပ်ရှုပ်နေသည့်အတွက် လျန်ဟောင်က ရိုးရှင်းစွာ ရှင်းပြပြီး ဖုန်းချလိုက်၏။

"ရှင် ကျွန်မယောင်းမကို သိတာလား။ ကျွန်မယောင်းမကို လိုက်ဖူးလား” ကျန်းလီက လျန်ဟောင်အား စိုက်ကြည့်ကာ မေးသည်။

"အာ... မလိုက်ဖူးဘူး။ ငါ ဘယ်သူ့ကိုမှ မလိုက်ဖူးပါဘူး” လျန်ဟောင် ခေါင်းယမ်းလိုက်သည်။

လျန်ဟောင်သည် သိုင်းပညာကို အလွန်စွဲလမ်းနေသောကြောင့် ယခုအချိန်ထိ မိန်းကလေးများနှင့် ချိန်းတွေ့ရန် အချိန်မရှိခဲ့ချေ။ သူသည် ချီစွမ်းအားမာစတာအဆင့်နှင့် နီးကပ်နေပြီဖြစ်ဟု သိနေပြီး ၎င်းက ရည်းစားရှာရန် အချိန်တန်ပြီဟု ထင်ခဲ့သည်။

"အိုး... ရှင် သူမကို လိုက်ခဲ့ရင်လည်း ကိစ္စမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မယောင်းမက ရှင့်လို ပျော့တိပျော့ဖတ်ကို ကြိုက်မယ်မထင်ဘူး" ကျန်းလီက ပြန်ဖြေသည်။

"...." လျန်ဟောင်၏အမူအရာမှာ တောင့်တင်းသွား၏။

နှစ်ပေါင်းများစွာအတွင်း သူ့အား မည်သူမျှ ယခုလို ဝေဖန်ငြင်းဆန်သူမရှိခဲ့ချေ။

သို့သော် သူ ဒီကိုရောက်လာကတည်းက ကျန်းလီ၏အထွေအငေါ်အပြောအဆိုများကို နားထောင်နေရပြီး သူသည်လည်း ၎င်းကို သဘောကျနေဆဲပင်။ ၎င်းက အနည်းငယ်စိတ်ဝင်စားဖွယ်ကောင်းသည်ဟု ခံစားရ၏။

လျန်ဟောင် ရယ်ရမလား ငိုရမလား မသိတော့။ သူ ကျန်းလီကို ကြည့်လိုက်ပြီး "ငါ ဆံပင်ကို အတိုညှပ်လိုက်ပြီ။ ပျော့တိပျော့ဖတ်ကောင်လေးနဲ့ တူသေးလား"

"တူတယ်" ကျန်းလီက ခေါင်းညိတ်လိုက်သည်။

"ငါတို့ အချင်းချင်းသိသွားရင် တကယ့်ယောကျ်ားစစ်စစ် ဆိုတာ မင်းသိလာမှာပါ" လျှန်ဟောင်က ယဉ်ယဉ်ကျေးကျေး ပြန်ပြောသည်။

"ဘယ်သူက ဂရုစိုက်လို့လဲ။ ကျွန်မယောင်းမနဲ့ ရှင်က သိ တယ်ဆိုတော့ ကျွန်မကို သူ့အကြောင်း တစ်ခုခုပြောပြ" ကျန်း လီက ပြောသည်။

"အင်း... သူမက စက်ဘ်ပူ ဇီမိသားစုက တရားဝင်သမီးပဲ။ သူမက မျိုးဆက်သစ်တွေထဲမှ အလှဆုံးမိန်းကလေးလေ။ သူမ က ကြယ်ပွင့်တစ်ယောက်ဖြစ်ချင်ပေမယ့် မိသားစုက သဘော မတူခဲ့ဘူး။ သူတို့က တခြားမိသားစုတစ်ခုနဲ့ ဆက်ဆံရေးခိုင်မာ ချင်တဲ့အတွက် မိသားစုချင်း လက်ထပ်ပေးဖို့ စီစဉ်ချင်ခဲ့ကြ တယ်။ အဲဒါကြောင့် သူမက သူမရဲ့ကိုယ်ပိုင်ဆန္ဒအတွက် ဟောင်ကောင်ကို လာခဲ့တာ......"

စားသောက်ဆိုင်ကိုပြန်လာသည့်လမ်းတွင် ရိုးရှင်းသည့် စကားဝိုင်းမှတဆင့် ဇီယန်အကြောင်းတစ်စုံတစ်ရာကို ကျန်းလီ သိရှိသွားခဲ့ရသည်။

စားသောက်ဆိုင်ကိုပြန်ရောက်သည့်အချိန်တွင် ကျန်းဟန် နှင့် မုန့်မုန့်တို့ ဆိုဖာပေါ်တွင် ကားတွန်းကားကြည့်နေသည်ကို တွေ့လိုက်ရသည်။

"အစ်ကို လျန်ဟောင်နဲ့ ယောင်းမက သူငယ်ချင်းတွေတဲ့။ သူတို့သိတာ တော်တော်ကြာပြီ။ ဒါပေမယ့် ငါ ဒီနေ့မှ သိခဲ့ရ တာ" ကျန်းလီက ကျန်းဟန်ထံ ပြေးလာပြီး ပြောသည်။

ကျန်းဟန်က ခေါင်းလှည့်ကာ လျန်ဟောင်အား ကြည့် လိုက်ပြီး အသာခေါင်းညိတ်ပြသည်။

လျန်ဟောင်လည်း ဆိုဖာဘေးနားသို့ လျှောက်သွားလိုက် ပြီး လက်ကိုဆန့်ကာ "ဟဲလို မစ္စတာကျန်း။ ကျုပ်ကိုယ်ကျုပ် တရားဝင်ပြန်ပြီး မိတ်ဆက်ပါရစေ။ ကျုပ်နာမည် လျန်ဟောင် ပါ။ ဇီယန်လည်း ကျုပ်လိုပဲ စကော်ပူမှာ ကြီးပြင်းခဲ့တာပါ"

"အင်း" ကျန်းဟန်က သူ့အား လက်ဆွဲနှုတ်ဆက်သည်။

"ကျုပ်ဒီကို မလာခင်က ဇီယန်က သူ့မှာ ဟင်းချက်ကောင်းတဲ့ခင်ပွန်းရှိတယ်လို့ ပြောခဲ့သေးတယ်။ ဒါပေမယ့် ခင်ဗျား ဒီလောက်ထိ ခမ်းနားလိမ့်မယ်လို့ မမျှော်လင့်ထားဘူး" လျန်ဟောင်က ပြုံးရွှင်စွာ ပြောသည်။

"ခင်ဗျား..." ကျန်းဟန် တစ်ခုခုပြောတော့မည့်အချိန်တွင်။

စားသောက်ဆိုင်တံခါး ပွင့်လာပြီး ဝတ်စုံပြည့်ဝတ်ဆင်ထားသည့် လူတစ်ယောက် လျင်မြန်စွာ လျှောက်ဝင်လာ၏။

"မင်္ဂလာပါ မစ္စတာကျန်း။ ဒါက ခင်ဗျားအတွက်ပါ"

သူက ကတ်တစ်ကတ် ပေးသည်။

ကျန်းဟန် ကတ်ကိုယူပြီး ဖွင့်လိုက်သည်။

"ရှင့်ကို နောက်ထပ် မနှောင့်ယှက်စေချင်ရင် ရှူရှင်းဟိုတယ် ဒုတိယထပ် အခန်းနံပါတ် ၃၆ ကိုလာခဲ့ပါ။ နောက်ဆုံး

အကြိမ် စကားပြောရအောင်။ ဒါက ကျွန်မရဲ့ နောက်ဆုံးစည်း ပါပဲ”

"နင့်ကို ဘယ်သူလာခိုင်းတာလဲ။ အဲဒီ ချောင်လား” ကျန်းလီက အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသည့်လူကို စိုက်ကြည့်လိုက်သည်။

ထိုလူက ဘာမှမပြောဘဲ ပြုံးလိုက်၏။

"အစ်ကို ငါ နင်နဲ့လိုက်ခဲ့မယ်။ သူမ ဘာလုပ်ရဲမှာလဲ” ကျန်းလီက အထင်သေးစွာပြောသည်။

"တောင်းပန်ပါတယ်။ မစ္စတာကျန်းတစ်ယောက်တည်းကိုပဲ ဖိတ်ထားတာပါ။ တခြားသူတွေပါရင် မစ္စချောင်က တွေ့မှာ မဟုတ်ပါဘူး” သတင်းပို့သူက ပြုံးကာ ပြောသည်။

လျှန်မုန့်ချီနှင့် လျှန်ဟောင်တို့ သူတို့ထိုင်နေကျထိုင်ခုံဆီသို့ ပြန်သွားကာ ထိုဘက်သို့ သိချင်စိတ်ဖြင့်ကြည့်လိုက်၏။

မုန့်မုန့်သည်ပင် ကာတွန်းကားကြည့်နေသည်ကို ခဏရပ်တန့်သွား၏။ သူမလေး ကျန်းဟန်အား ကြည့်ကာ "ဖေဖေ ဘာဖြစ်လို့လဲ။ သမီးတို့ အပြင်သွားပြီး ကစားမှာလား"

"မဟုတ်ဘူး" ကျန်းဟန်က ပြုံးကာ ခေါင်းယမ်းလိုက်သည်။ သူ၏လက်ချောင်းများက လှုပ်ရှားသွားပြီး ကတ်ကို လေထဲသို့ ပစ်လွှတ်လိုက်ရာ ရှေ့ရှိ အမှိုက်ပုံးထဲသို့ ကျသွား၏။

ကျန်းဟန် ၎င်းကို ဂရုမစိုက်သည်မှာ ရှင်းပေသည်။

၎င်းကိုမြင်တော့ သတင်းပို့သူက ပြုံးကာ ပြောသည်။ "မစ္စတာကျန်း၊ မစ္စဇီက မင်းကို တစ်ခုခုပြောခဲ့သေးလားမသိဘူး။ မစ္စချောင်က လွန်ခဲ့တဲ့ရက်အနည်းငယ်က သူမကို ဆက်သွယ်ခဲ့တယ်။ မင်း သွားကြည့်လိုက်တာ ပိုကောင်းမယ်"

"ဟမ်"

ကျန်းဟန် မျက်မှောင်ကြုတ်လိုက်ပြီး ထိုလူအား ကြည့်လိုက်၏။

“အရက်မရှိလိုက်တာ” ကျန်းလီက ဒေါသတကြီး ပြောသည်။ "ငါ့ရဲ့လောကအမြင်တောင် သူ့မကြောင့် အသစ်ဖြစ်သွားရတယ်။ အစ်ကို နင် သူ့ဆီသွားပြီး ရှင်းရှင်းလင်းလင်း ဖြစ်အောင်လုပ်လိုက်ပါ။ ငါတို့ရှေ့မှာ အရက်မရှိ ပေါ်မလာနဲ့ တော့လို့ ပြောလိုက်”

ကျန်းဟန်က ခေါင်းညိတ်ကာ မတ်တပ်ထရပ်ပြီး မုန့်မုန့်ကို ကြည့်၍ "မုန့်မုန့် အန်တီလီလီနဲ့ ခဏလောက်ကစားနေဦးနော်။ ဖေဖေ ခဏနေရင် ပြန်လာမှာ”

"အင်း... ဖေဖေ မြန်မြန်လာနော်” မုန့်မုန့်က နာခံစွာဖြင့် ခေါင်းညိတ်၏။

ကျန်းဟန် စားသောက်ဆိုင်မှ ထွက်လာခဲ့သည်။

"မစ္စတာကျန်း ကျုပ်ကားနဲ့ လိုက်ခဲ့မလား” ထိုလူက ပန်းရောင် Bently ဆီ လျှောက်သွားရင်း မေးသည်။

"ရှေ့ကမောင်းပါ”

ကျန်းဟန်က ဘာသိဘာသာပင် တုံ့ပြန်လိုက်ပြီး သူ၏ပန်ဒါကားပေါ်သို့ တက်သွားသည်။

ထိုလူက ကားပေါ်တက်ပြီး စားသောက်ဆိုင်မှ မောင်းထွက်လာခဲ့သည်။

ရှုရှင်းဟိုတယ်သည် လဆန်းပင်လယ်ကွေ့တွင်ရှိသော်လည်း ထိုလူသည် နာရီကိုတစ်ချက်တစ်ချက်ကြည့်ရင်းနောက်ထပ် ဘလောက်အနည်းငယ်လှည့်ပတ်သွားနေခဲ့သည်။ နေ့လည် ၂ နာရီ ၅၀ မိနစ်တွင် ကားနှစ်စီးက ရှုရှင်းဟိုတယ်ဝင်ပေါက်သို့ ရောက်ရှိခဲ့၏။

ရှုရှင်းဟိုတယ်သည် ကျယ်ဝန်းသည့်ဧရိယာနှင့် ကြယ်ငါးပွင့်ဟိုတယ်တစ်ခုဖြစ်သည်။

ကျန်းဟန် ကားပေါ်မှ ဆင်းပြီး ဟိုတယ်ထဲသို့ တန်း၍လျှောက်သွားသည့်အချိန်တွင် Bently ထဲမှလူသည် ကင်မရာကိုထုတ်ကာ ကျန်းဟန်၏နောက်ကျောကို အဝေးမှ ဓာတ်ပုံရိုက်ယူခဲ့သည်။

ထိုနောက် နောက်ထိုင်ခုံရှိ သက်လတ်ပိုင်းလူကို ကင်မရာပေးလိုက်ပြီး "ဓာတ်ပုံတွေကိုစုပြီး မြန်မြန်ဖြေရှင်းပါ။ ကျန်တဲ့ တစ်ဝက်ကို မင်းအကောင့်ထဲ လွှဲပေးမယ်"

"ကောင်းပြီ"

သက်လတ်ပိုင်းလူက စိတ်လှုပ်ရှားစွာဖြင့် ကင်မရာကိုယူလိုက်ပြီး ဘေးသို့ချကာ သူ၏လက်ပ်တော့ကို ဖွင့်လိုက်သည်။

ကျန်းဟန် ဒုတိယထပ်သို့ တက်သွားပြီး ပတ်ဝန်းကျင်အား ကြည့်လိုက်ရာ ပြတင်းပေါက်ထောင့်၌ ထိုင်နေသော ချောင်လောလောကို တွေ့လိုက်ရသည်။

သူသည် သူမထံ တည့်တည့်လျှောက်သွားပြီး ဝင်ထိုင်ကာ သူမအား အမူအရာကင်းမဲ့စွာ ကြည့်လိုက်သည်။

ချောင်လောလောသည် စကားစမပြောချင်ပုံရ၏။ သူမသည် ကျန်းဟန်အား အဓိပ္ပာယ်ပါပါအပြုံးဖြင့် ကြည့်နေသည်။

"နှစ်မိနစ်" ကျန်းဟန်က ခြောက်ကပ်ကပ်ပြောလိုက်သည်။

"ရှင်က အခု ဂရုမစိုက်ဟန်နဲ့ အရမ်းအေးစက်နေတာပဲ။ အရင်က တက်ကြွပြီး စိတ်အားထက်သန်နေခဲ့ဖူးတယ်လေ။ အထူးသဖြင့် ကျွန်မအတွက်ပေါ့" ချောင်လောလောက ပြုံးကာ ပြောသည်။

"အတိတ်ကအကြောင်းတွေ ငါ့ကိုလာမပြောနဲ့" ကျန်းဟန်က သူမအား ကြားဖြတ်လိုက်ပြီး "မင်းက ငါ့ရဲ့ပထမဆုံးမဟုတ်ပေမယ့် နောက်ဆုံးတစ်ယောက်ပဲ။ ငါက သိပ်ပြီးစိတ်မရှည်တတ်ဘူး။ ငါ့ကို ထပ်ပြီး မနှောင့်ယှက်နဲ့"

"မင်း ငါ့လိပ်စာနဲ့ ဇီယန်ရဲ့ကိုယ်ပိုင်ဖုန်းနံပါတ်ကို ရှာနိုင်မှတော့ နောက်ထပ် အချက်အလက်တွေလည်း ရှာနိုင်မှာပါ"

"မင်းကိုယ်မင်းနဲ့ ချောင်မိသားစုကို ဒုက္ခရောက်စေချင်နဲ့"

"ငါက ပြဿနာတွေကို မကြိုက်ဘူး။ မင်းငါ့ကို ထပ်ပြီး နှောင့်ယှက်ရင်တော့ ငါ အကုန်လုံးကို တစ်ခါတည်းဖြေရှင်းပေးမယ်"

"အဲဒါပဲ။ မင်း ကိုယ့်ဘာသာ စဉ်းစား"

ချောင်လောလော စကားပြောခွင့်ပင်မရဘဲ ကျန်းဟန်က သူပြောချင်တာ ပြီးအောင်ပြောပြီးနောက် မတ်တပ်ရပ်လိုက်သည်။

သူသည် စားပွဲပေါ်မှ လက်ဖက်ရည်ခွက်ကိုပင် မထိချေ။

-အပိုင်း(၁) အခန်း(၃၈၇)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၂) အခန်း(၃၈၈-က) နောက်ဆုံးတော့ ပြန်လာပြီ(၁)

ကျန်းဟန် ပြန်ထွက်ခါနီးတွင် ချောင်လောလောက အနည်းငယ် မျက်မှောင်ကြုတ်ကာ "ရှင် ကျွန်မကို အချိန် နှစ်မိနစ်ပေးမယ်ပြောထားတာမလား။ စက္ကန့် ၂၀ ပဲရှိသေးတယ်လေ”

"ဒါပေမယ့် ငါအခု မင်းစကားတွေ နားမထောင်ချင်တော့ဘူး” ကျန်းဟန်က တန်း၍ လှည့်ထွက်လာခဲ့သည်။

"တကယ်လား။ ရှင်က အရမ်းကို ဥပေက္ခာပြုပြီး နှလုံးသားမဲ့လွန်းနေတယ်” ချောင်လောလော နှုတ်ခမ်းထပ်တွင် လျှောင်ပြုံးတစ်ခုနှင့်အတူ ကျန်းဟန် ထွက်သွားသည်ကို တည်ငြိမ်စွာ ကြည့်နေလိုက်သည်။

တစ်လှမ်း၊ နှစ်လှမ်း....

ကျန်းဟန် ပဋ္ဌမမြောက်ခြေလှမ်းကို လှမ်းလိုက်သည့် အချိန်တွင်...

"ဒင်..."

ကျန်းဟန်၏ဖုန်းက မြည်လာသည်။

ချောင်လောလော၏လှောင်ပြုံးမှာ ပိုမိုထင်ရှားလာ၏။ ထို နောက် သူမ ပိုက်ဆံအိတ်ကို ကောက်ကိုင်ကာ အပြင်ထွက်ရင် အသင့်ပြင်လိုက်သည်။

ဖုန်းသံကိုကြားတော့ ကျန်းဟန် ရပ်လိုက်ပြီး ဖုန်းကို ထုတ်၍ ကြည့်လိုက်၏။ ၎င်းက ဇီယန်ဖြစ်သည်။

ကျန်းဟန် ဖုန်းကိုင်လိုက်ပြီးနောက် ဇီယန်၏အသံကို ကြားလိုက်ရသည်။ ဤတစ်ကြိမ်တွင်တော့ သူမ၏နာကျည်းမှု၊ စိတ်ပျက်မှု၊ ဝမ်းနည်းမှုနှင့် ငိုကြွေးသံကို ကြားလိုက်ရသည်။

"ရှင်ဘယ်မှာလဲ"

"အမ်"

ကျန်းဟန် ကြောင်အသွားပြီး ဇီယန်၏ကြောက်မက်ဖွယ် စိတ်အခြေအနေကို ခံစားမိလိုက်သည်။

"ရှင်ဘယ်မှာလဲ" ငိုရှိုက်သံနှင့်အတူ နောက်ထပ် မေးခွန်းသံကို ကြားလိုက်ရ၏။

"ကိုယ်အပြင်မှာ။ မင်းဘာဖြစ်နေတာလဲ။ ကိုယ်..."

ကျန်းဟန်စကားမဆုံးခင်မှာပင် ချောင်လောလောက လက်ထဲတွင်ဖုန်းကိုကိုင်ထားကာ WeChat မှ မက်ဆေ့ချ်ပို့ ရင်း သူ့ဘေးမှ ပေါ့ပေါ့ပါးပါးဖြတ်လျှောက်သွားသည်။

"အချစ်ရေ ကျွန်မလာနေပြီ" ဟု သူမ ညှုတုတုအသံဖြင့် ပြောကာ မက်ဆေ့ချ်ပို့လိုက်၏။

ထိုနောက် သူမဖုန်းကိုပြန်သိမ်းကာ ထွက်သွားခဲ့သည်။

ကျန်းဟန် ဆက်ပြောခါနီးတွင် ဖုန်းချသွား၏။

၎င်းက ပုံမှန်မဟုတ်။ ကျန်းဟန် မျက်မှောင်ကြုတ်ကာ အပြင်သို့ထွက်သွားသည့် ချောင်လောလော၏နောက်ကျောကို

ကြည့်လိုက်သည်။ လျှို့ဝှက်ကြံစည်မှု၏အရိပ်အယောင်ကို သူ ခံစားနေရသည်။

သို့သော် ဇီယန်အကြောင်း တွေးမိလိုက်ပြီးနောက် သူ စိုးရိမ်သွား၏။ ဇီယန်အား ထပ်၍ ဖုန်းခေါ်မည့်အချိန်တွင် WeChat မက်ဆေ့ချ်ဝင်လာလေသည်။

ဇီယန်ထံမှာ စာသားမက်ဆေ့ချ်အတန်းလိုက်ဖြစ်သည်။

"ရှင့်ရဲ့ တည်နေရာကို ပို့ပေးပါ”

"ရှင့်ရဲ့ တည်နေရာကို ပို့ပေးပါ”

"ရှင့်ရဲ့ တည်နေရာကို ပို့ပေးပါ”

…

"ဘာဖြစ်လို့လဲ။ ကိုယ်မင်းကို ဖုန်းခေါ်ရမလား” ကျန်းဟန်က အသံမက်ဆေ့ချ်ပို့၏။

သို့သော် ဇီယန်က

"ရှင့်ရဲ့ အခုတည်နေရာကို ပို့ပေးပါ။ ကျွန်မ ရှင့်ရဲ့ တည်နေရာကို သိချင်တယ်"

၎င်းကိုမြင်တော့ ကျန်းဟန် သူ၏လက်ရှိတည်နေရာအား မြေပုံတွင်ထောက်ကာ ဇီယန်အား ပို့ပေးလိုက်သည်။

ထိုနောက် သူ မက်ဆေ့ချ်တစ်စောင်ပို့သည်။

"ဘာဖြစ်လို့လဲ။ ကိုယ်တို့ ဖုန်းပြောကြမလား"

ကျန်းဟန် မက်ဆေ့ချ်ပို့ပြီးနောက် ဇီယန်၏ဖုန်းကို ချက်ချင်းဆက်လိုက်သည်။ သို့သော်...

"ဝမ်းနည်းပါတယ်။ လူကြီးမင်းခေါ်ဆိုသော ဖုန်းနံပါတ်မှာ စက်ပိတ်ထားပါတယ်ရှင်။ ဝမ်းနည်းပါတယ်..."

ခံစားချက်ကင်းမဲ့သည့် အလိုလျောက်ဖြေကြားသံကြောင့် ကျန်းဟန်နှလုံးသား နစ်မြုပ်သွားခဲ့သည်။

သူ အောက်သို့ အမြန်ဆင်းကာ ကားပေါ်တက်ပြီး စားသောက်ဆိုင်ဆီသို့ တန်းတန်းမတ်မတ် ပြန်လာခဲ့သည်။

လမ်းတွင် ဇီယန်အား အကြိမ်များစွာ ဖုန်းခေါ်ခဲ့သော်လည်း သူမ၏ဖုန်းမှာ ပြန်ဖွင့်မလာတော့ချေ။ ဆိုင်ရှေ့တွင် ကျန်းဟန် ကားပေါ်မှ မဆင်းခင် ကျိုးဖေးအား အရင် ဖုန်းခေါ်သည်။ သို့သော် သူ မည်ကဲ့သို့ပင် ခေါ်ဆိုပါစေ မည်သူမျှ ဖုန်းပြန်မဖြေ။

ထိုအချိန်တွင် ကျန်းဟန်သည် တစ်ခုခုမှားနေပြီဟု ခံစားလိုက်ရသည်။

သူ ကျောက်ဖုန်းအား ခေါ်လိုက်ရာ နောက်ဆုံးတွင် အဆက်အသွယ်ရသွားခဲ့သည်။

သို့သော် ကျောက်ဖုန်း သူ့ကို ပြောလိုက်သည်ကား....

"မင်းဘာပြောလိုက်တယ်”

ကျန်းဟန်၏သူငယ်အိမ်များ တဖြည်းဖြည်း ကျုံ့သွား၏။

...

လွန်ခဲ့သည့်နာရီဝက်က...

ဇီယန်နှင့် အခြားဝန်ထမ်းများသည် မေပယ်တောင်ခြေရှိ ခြံဝင်းတွင် အနားယူနေကြသည်။ မနက် ၆ နာရီတွင် ရှုတင် စတင်ခဲ့ပြီး နေ့လည် ၂ နာရီတွင် ဤနေရာသို့ ရောက်ရှိခဲ့ကြ၏။ နေ့လယ်စာစားပြီးနောက် အနားယူရန် စိတ်ကူးထားပြီး ညနေ ၄ နာရီခန့်တွင် တောင်ပေါ်သို့ တက်ခဲ့ကြသည်။

ခြံဝင်းအတွင်းရှိ အိမ်များမှာ အတန်းနှစ်တန်းဖြင့် သပ်သပ်ရပ်ရပ်ရှိပြီး တောင်ထပ်ဗီလာများနှင့်ဆင်တူသည်။

ဇီယန်နှင့် ကျိုးဖေးတို့ အိမ်တစ်လုံး၏အိမ်ခန်းတစ်ခန်းကို အတူတူနေကြရသည်။ ကျိုးဖေးက ကုတင်ပေါ်လှဲနေပြီး ဇီယန်က လှုပ်ကုလားထိုင်ပေါ်ထိုင်ကာ အချို့သူများက အခန်းတွင်းသို့မဟုတ် ခြံဝင်းအတွင်းရှိ တဲများတွင် အနားယူနေကြသည်။

ဤတစ်ကြိမ်တွင် လှူလောက်သည့်ငွေကြေးဘတ်ဂျတ်ဖြင့် အလုပ်သမားများစွာကို သုံးကာ အလွန်ရက်ရောစွာ လုပ်ဆောင်ခဲ့ကြသည်။

ဇီယန်သည် လှုပ်ကုလားထိုင်ပေါ်တွင် လှဲကာ Weibo ကြည့်နေသည်။

သူမတွင် ဖော်လိုဝါ သန်း ၂၀ ကျော်နေပြီကို သိလိုက်ရတော့ ဇီယန် ဝမ်းသာပီတိဖြစ်သွား၏။

"ဒင်…”

"ဒင်…”

ရုတ်တရက် မက်ဆေ့ချ်အသံများ ဆက်တိုက်ထွက်ပေါ်လာသည်။

ဇီယန် အံ့အားသင့်သွားပြီး ပထမဆုံးမက်ဆေ့ချ်ကို ဖွင့်လိုက်သည်။

အောက်တွင် ပုံတစ်ပုံတွဲပါလာ၏။

ထိုပုံမှာ ဟိုတယ်တစ်ခု၏ရှိမန်တစ်ဆန်ဆန်အခန်းထဲ၌ ရိုက်ထားသည့်ပုံဖြစ်သည်။ လိုက်ကာများဆွဲထားသည့်အခန်းမှာ အနည်းငယ် မှိန်ဖျော့သည့်အလင်းဖြင့် ပန်းရောင်မီးများ

ဖျက်ခနဲလင်းနေဟန်ရှိသည်။ ချောင်လောလောက ကုတင်ပေါ်တွင် လှဲလျောင်းနေပြီး အမျိုးသားတစ်ဦးက ဖုန်းဖြင့် ဓာတ်ပုံရိုက်နေသည်ကို ဇီယန် တွေ့လိုက်ရသည်။ ထိုလူ၏မျက်နှာကို သေချာမမြင်ရသော်လည်း သူ၏အသွင်ပြင်နှင့် ကိုယ်လုံးကိုယ်ပေါက်မှာ ကျန်းဟန်နှင့် အလွန်ဆင်တူ၏။

ပုံ၏အောက်ခြေတွင် "နင်ကြည့်ရဲရင် ဆက်ကြည့်" ဟု စာပါ၏။

"သူမ စိတ်လွတ်သွားပြီလား"

ဇီယန် အလွန်ဒေါသထွက်သွားသည်။ သူမက ရှုံ့စရာကောင်းနေပြီမဟုတ်ပါလား။

သူမ ဒုတိယမက်ဆေ့ချ်ကို နှိပ်လိုက်သည်။

၎င်းက ဟိုတယ်အပြင်ဘက်တွင် ရိုက်ထားသည့်ပုံပင်။ ပုံထဲတွင်တော့ လမ်းလျှောက်ဝင်သွားသည့် ကျန်းဟန်၏

နောက်ကျောဘက်ပုံပါရှိသည်။ ထိုနေရာတွင်... ပန်ဒါကားတစ်စီးလည်းရှိနေ၏။

ဘယ်ဘက်ထောင့်အောက်တွင် အချိန်ပါရှိသည်။ အောက်တိုဘာလ ၂ ရက်၊ ၁၄ နာရီ ၃၈ မိနစ် ၃၃ စက္ကန့်။

အချိန်အမှတ်အသားက နှစ်ကို မဖော်ပြချေ။ ဤစခရင်ရှော့ခ်အား မူရင်းပုံမှ ရိုက်ယူထားပုံရသည်။

ထိုပုံကိုမြင်တော့ ဇီယန် မျက်မှောင်ကြုတ်သွား၏။

"သူ အဲဒီ ရှုရှင်းဟိုတယ်ကို သွားခဲ့တာလား။ သူ ဘာသွားလုပ်တာလဲ"

သူမ အောက်ရှိ ဓာတ်ပုံများကို ဆက်၍ကြည့်ရှုခဲ့သည်။

အောက်ဖော်ပြပါဓာတ်ပုံမှာ ကျန်းဟန်ကားထဲမှ ထွက်လာသည့်ပုံဖြစ်ပြီး ကျန်းတဟ်ပုံမှာ ဟိုတယ်ခန်းထဲတွင် ရိုက်ထားခြင်းဖြစ်သည်။

၁၄ နာရီ ၄၆ မိနစ် ၅၁ စက္ကန့်။ အမှောင်ခန်းထဲ၌ ခေါင်းငုံ့၍ အဝတ်အစားချွတ်နေသည့် ကျန်းဟန်၏ရှေ့ဘက်ပုံကို ဇီယန် တွေ့လိုက်ရသည်။

၁၄ နာရီ ၄၇ မိနစ် ၃၂ စက္ကန့်။ အဝတ်အစားအချို့ ကြမ်းပြင်ပေါ် ပြန့်ကျဲနေသည်။

...

ဓာတ်ပုံ ၁၀ ပုံကျော်ရှိလေသည်။

တစ်ပုံချင်းစီက ဇီယန်၏မျက်နှာကို ပို၍မည်းမှောင်သွား ပေ၏။ အထူးသဖြင့် နောက်ဆုံးပုံအချို့က ဇီယန်အား ဝမ်းနည်းစေပြီး စိတ်မသက်မသာဖြစ်စေသည်။ သိသာစွာပင် ထိုပုံများက ဇီယန်အား ကျန်းဟန်သည် ချောင်လောလောနှင့် ဖောက်ပြန်နေသည်ဟု ပြောပြနေလေသည်။

ဒါတွေက အတုတွေပဲဖြစ်ရမယ်....

ဒီပုံတွေက အတုတွေပဲ။ ငါမယုံဘူး...

ကျန်းဟန်က အဲ့လိုလုပ်မှာ မဟုတ်ဘူး...

သို့သော် အောက်တွင် ဗီဒီယိုတစ်ခုပါရှိသည်။

ကင်မရာက အိပ်ရာဘေးကို ချိန်ထားပြီး အောက်ဘက်လေးပေကိုသာ မြင်ရသည်။ ၎င်းက သာမန်ဗီဒီယိုတစ်ခုသာဖြစ်သော်လည်း ရုတ်တရက် ဩရှ၍ အလျှင်လိုနေသည့်အသံတစ်ခု ထွက်ပေါ်လာရာ ၎င်းက ဧယန်အား နာကျင်သွားစေပြန်သည်။

"အချစ်လေး ကိုယ်မင်းကို အရမ်းလွမ်းတယ်"

အဲဒီအသံက...

အဲဒါ ကျန်းဟန်ရဲ့အသံပဲ...

မဟုတ်ဘူး...

မဖြစ်နိုင်ဘူး...

အတုပဲဖြစ်ရမယ်...

တွေ့ရှိမှုက ဇီယန်အား ထိတ်လန့်ဖြူဖျော့သွားစေသည်။ သူမ ကုတင်ပေါ်တွင်လှဲကာ ဖုန်းနှင့်ကစားနေသည့် ကျိုးဖေး ကိုကြည့်လိုက်ပြီး တုန်ယင်နေသည့်အသံဖြင့် "ဖေး ဖေးဖေး သွား အနုပညာဒီဇိုင်နာကို သွားခေါ်ချေ"

"ဟမ်" ကျိုးဖေး လှည့်ကြည့်လိုက်ရာ ဖြူဖျော့နေသည့်ဇီယန်ကို တွေ့လိုက်ရပြီး အံ့ဩသွား၏။ သူမ အမြန်ထထိုင်ကာ "ဘာဖြစ်လို့လဲ အစ်မယန်။ နေမကောင်းဘူးလား။ ခုရက်ပိုင်းနင်အရမ်းပင်ပန်းနေတာမလား"

"အနုပညာဒီဇိုင်းနာကို သွားခေါ်ပါ။ မြန်မြန်လေးသွားပေးပါ" ဇီယန်က အမြန်ပြောသည်။

"အင်း အင်း" ကျိုးဖေးက အရေးကြီးကိစ္စတစ်ခုခုဖြစ်နေပြီထင်၍ ရိုက်ကူးရေးအဖွဲ့မှ အနုပညာဒီဇိုင်းနာကို အပြေး သွားခေါ်သည်။

အနုပညာဒီဇိုင်နာသည် လက်ပ်တော့တစ်လုံးနှင့် အခန်းထဲသို့ လျှောက်လာသည့်အချိန်တွင် ကျိုးဖေးက နောက်မှ

လိုက်သွားသော်လည်း ဇီယန်က သူမအား တွန်းထုတ်ကာ အပြင်တွင် ခဏစောင့်ခိုင်းလေသည်။ ထိုနောက် အခန်းတံခါး ပိတ်လိုက်၏။

"ဆရာမ... ကျွန်မ ဓာတ်ပုံသုံးပုံ ပို့ပေးပါမယ်။ အတုလား အစစ်လား ပြောပေးပါ"

ဓာတ်ပုံများ ရရှိပြီးနောက် အနုပညာဒီဇိုင်နာသည် သူမ၏လက်ပ်တော့ကို ဖွင့်လိုက်ပြီး ၎င်းတို့ကို စတင် စစ်ဆေးသည်။

ဇီယန် တဖြည်းဖြည်းနှင့် အသက်ရှုကြပ်လာ၏။

အဲဒါ အတုတွေပဲဖြစ်ရမယ်...

အဲဒါတွေက အစစ်မဖြစ်နိုင်ဘူး...

အဲဒီမိန်းမက ငါ့ကို ဒီလိုညစ်ပတ်တဲ့လှည့်ကွက်တွေနဲ့ လှမ်းမိုးချင်နေတာ...

ဒီအတုအယောင်တွေနဲ့ ငါ့ကို အနိုင်ယူလို့မရဘူး...

အနုပညာဒီဇိုင်နာက သူမ၏ခေါင်းကိုလှည့်ကာ ပြုံး၍ ပြောလိုက်၏။ "ဒီပုံတွေက ပြုပြင်ထားတာမရှိပါဘူး။ ဒါတွေ အားလုံးက မူရင်းကနေ ဖြတ်ထားတာ အမှန်ပါ။ အများ အားဖြင့်တော့ ဝါးတားမက်ခ်ပေါ်မှာ နှစ်ကို တွေ့နိုင်ပေမယ့် ဒီ ဓာတ်တွေပုံကို လုပ်ထားတာက သိပ်မကောင်းဘူး။ နှစ်ကို လည်း ဖြတ်ထုတ်ထားတယ်"

ဘုန်း...

ဒီဇိုင်နာ၏စကားများက ကြည်လင်နေသည့်ကောင်းကင်မှ မိုးကြိုးပစ်ချလိုက်သကဲ့သို့ ဗီယန်၏စိတ်ကို လုံးဝ လွတ်ထွက် သွားစေသည်။

ဒီဇိုင်နာ၏နောက်ထပ်စကားများကိုပင် သူမ မကြား တော့။

အဲဒါ အစစ်တဲ့ ဓာတ်ပုံတွေကအစစ်တွေပဲ...

မဖြစ်နိုင်ဘူး...

ငါသူ့ကို ဖုန်းခေါ်မယ်...

ဇီယန် ဖုန်းကို အမြန်ကောက်ကိုင်လိုက်သည်။ အနုပညာဒီဇိုင်နာ မထွက်သွားသေးသည်ကိုသတိရသွားသော်လည်း သူမ၏ဖြူဖျော့ဖျော့မျက်နှာတွင် အပြုံးတုတစ်ခုပင် မလုပ်နိုင်ချေ။

"ကျေးဇူးပါ ဆရာမ။ အခုသွားလို့ရပါပြီ။ ကျေးဇူးပြုပြီး တံခါးပိတ်ခဲ့ပေးပါနော်"

"ကောင်းပါပြီ" အနုပညာဒီဇိုင်နာက ဇီယန်ကြည့်ပြီး မနေနိုင်ဘဲ ပြောလိုက်သည်။ "အစ်မဇီယန် အရမ်းပင်ပန်းနေရင် ခဏလောက် နားလို့ရတယ်နော်"

ထိုနောက် သူမ လှည့်ထွက်သွားပြီး တံခါးကို ပိတ်လိုက်သည်။

"ဘာကိစ္စလဲ။ ဘာတဲ့လဲ" ကျိုးဖေးက အလျင်စလို မေးသည်။

"ဘာမှမဟုတ်ပါဘူး။ အစ်မဇီယန်က ခေတ်ပုံတချို့ကို အစစ်အား အတုလား စစ်ဆေးခိုင်းတာ”

"အမ် ဘာပုံတွေလဲ”

"ဟိုတယ်နဲ့ တံခါးဝမှာ ဖြစ်နိုင်တယ်။ သုံးပုံပဲရှိတာ။ ဒါပေမယ့် ရှင်းရှင်းလင်းလင်းမသိဘူး”

ထိုနောက် အနုပညာဒီဇိုင်နာက ပြုံးကာ ထွက်သွားသည်။

"ခေတ်ပုံတွေလား။ ထူးဆန်းတယ်...” ကျိုးဖေးက သံသယအပြည့်ဖြင့် ရေရွတ်လိုက်၏။

ကျောက်ဖုန်း၊ လန်ယွဲ့နှင့် အခြားလေးယောက်မှာ ခန်းမ၏တစ်ဖက်တွင် ထိုင်နေကြသည်။ ထိုအချိန်တွင် သူတို့လည်း ကျိုးဖေးအား လှည့်ကြည့်လိုက်ကြ၏။

သူမ တံခါးဝတွင်ရပ်နေပြီး ဘာလို့အထဲမဝင်သွားလဲ အံ့သြနေကြသော်လည်း ၎င်းကို သိပ်ပြီး မစဉ်းစားခဲ့ကြချေ။

အိပ်ခန်းထဲတွင်...

ဖြူဖျော့နေသည့်မျက်နှာ၊ နီရဲနေသည့်မျက်လုံးများဖြင့် ဇီယန်သည် ဝမ်းနည်းနေသည့်အသံဖြင့် သူမဘာသာ ရေရွတ်လိုက်၏။

"အားလုံးက အတုတွေပဲ။ သူမ ငါ့ကို လိမ်နေတာ။ သူမ ငါ့ကိုလိမ်နေတာ...”

သူမ ပြောရင်းဆိုရင်းဖြင့် ခဲတံပုံများအားလုံးကို ဖျက်ပစ်လိုက်၏။

-အပိုင်း(၂) အခန်း(၃၈၈-က)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၃) အခန်း(၃၈၈-ခ) နောက်ဆုံးတော့ ပြန်လာပြီ(၂)

ထိုနောက် ကျွန်းဟန်၏ဖုန်းနံပါတ်ကို အမြန်ခေါ်လိုက်သည်။

တတူတူ ဖုန်းမြည်သံကို နားထောင်ပြီး သူမ အလွန်စိတ်လှုပ်ရှားသွား၏။

ခဏအကြာတွင် ဖုန်းကိုင်လာပြီး သူမ ဝမ်းနည်းမျက်ရည်များဖြင့် မေးလိုက်သည်။ "ရှင်ဘယ်မှာလဲ”

ဟုတ်တယ်... ရှင်ဘယ်မှာလဲ...

ရှင်စားသောက်ဆိုင်မှာပဲဖြစ်ရမယ် ဟုတ်တယ်မလား...

ရှင် စားသောက်ဆိုင်မှာပါလို့ ကျွန်မကို ပြောစမ်းပါ...

ရှင် စားသောက်ဆိုင်မှာပဲရှိနေတယ်လို့ ပြောနော်...

သို့သော် "အချစ်ရေ ကျွန်မလာနေပြီ” ဟူသည့်အသံကို ကြားလိုက်ရသည့်အခါ ဇီယန်၏မျက်နှာမှာ ဖြူဖျော့သွားပြန်သည်။

သူမ WeChat ကိုဖွင့်ကြည့်လိုက်ရ ကျန်းဟန်ပို့ပေးသည့် တည်နေရာအချက်အလက်နှင့် ရှုရှင်းဟိုတယ်လိုဂိုကို တွေ့လိုက်ရသည်။

ဘုန်း...

ဤအခိုက်အတန့်တွင် တစ်ခုခု ကွဲကြေသွားသလိုပင်။

၎င်းက သူမ၏နှလုံးသားပင်။

"အတု အတု အဲဒါ အတုပဲ"

ဇီယန် ၎င်းကို မယုံချင်ကြည့်ချင်။ ဖုန်းမြည်လာမည်ကို ကြောက်ရွံ့ပြီး ကြက်သေသေကာ ဖုန်းအား ပါဝါပိတ်ပစ်လိုက်သည်။ ဤကဲ့သို့သော မက်ဆေ့ချ်မျိုး ထပ်မံရောက်ရှိလာမည်ကို သူမ ကြောက်ရွံ့၏။

မနေ့က ချောင်လောလောထံမှ တမင်တကာရန်စသည့် ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိပြီးနောက် ပြင်းပြင်းထန်ထန် ပြန်လည်တုံ့ပြန်ကာကွယ်နိုင်ခဲ့သည့် ဇီယန်သည် ယခုတော့ စိတ်ပိုင်းဆိုင်ရာလုံးဝ ပြိုလဲနေပြီဖြစ်သည်။

သူမမျက်ရည်များ ဆက်တိုက်ကျလာပြီး စိတ်ဝိညာဉ်ဆုံးရှုံးသွားသလို ခံစားလိုက်ရ၏။

ဤကဲ့သို့ ဝမ်းနည်းဖွယ်ခံစားချက်က သူမ၏နှလုံးသားကို အလွန်နာကျင်စေသည်။

သူမ တံခါးဆီသွားသို့ ယိုင်တိယိုင်တိုင်ဖြင့် လျှောက်သွားပြီး ဖွင့်လိုက်သည်။

သူမ ငိုနေရင်း အော်ဟစ်လိုက်၏။ "တော်ပြီ"

"ငါ ထွက်ပြီ"

"ဟောင်ကောင်ကိုပြန်မယ်။ ငါဟောင်ကောင်ကိုပြန်ချင်တယ်"

"အခုချက်ချင်း လက်မှတ်ဘွတ်ကင်လုပ်လိုက်တော့။ ငါ ပြန်ချင်တယ်"

ဘန်း..

တံခါးပြန်ပိတ်သွားပြီး အခန်းထဲမှ နာကျင်စွာငိုကြွေးသံ ထွက်ပေါ်လာသည်။

ဝုန်း...

ခန်းမထဲရှိလူအားလုံး အံ့အားသင့်သွားကြသည်။

ကျိုးဖေး စိတ်ရှုပ်သွား၏။ အစ်မယန် ကလေးတစ်ယောက် လိုငိုကြွေးသည်ကို သူမ တစ်ခါမှ မမြင်ဖူးချေ။

ကျောက်ဖုန်း၊ လန်ယွဲ့နှင့် အခြားသူများ ချက်ချင်း အမြန် မတ်တပ်ထရပ်လိုက်ကြသည်။

"ဘာလဲ။ ဘာဖြစ်တာလဲ" ကျောက်ဖုန်း ကျိုးဖေးထံ ပြေး လာပြီး မေးသည်။

"ကျွန်မလည်း မသိဘူး" ကျိုးဖေးက စိုးရိမ်တကြီးဖြင့် တံခါးခေါက်လိုက်၏။ "အစ်မယန် အစ်မယန် တံခါးဖွင့်ပါဦး။ ဘာဖြစ်လို့လဲ အစ်မယန်"

သို့သော် အခန်းမှာ တိတ်ဆိတ်သွား၏။ ကျိုးဖေး တံခါး ပေါ်ခေါင်းမှီ၍ နားထောင်လိုက်ရာ ငိုသံယဲ့ယဲ့ကြားလိုက်ရ သည်။ ဧယန် ခေါင်းအုံးဖြင့်အုပ်ကာ ငိုနေပုံရ၏။ ထို့ပြင် ကျိုး

ဖေး အခန်းထဲတွင်ကျန်နေခဲ့သည့် သူမ၏ဖုန်း မြည်သံကို ကြားလိုက်ရသည်။

"ဘာဖြစ်တာလဲ" လန်ယွဲ့က စိုးရိမ်တကြီးပြောသည်။ "ခုနက အားလုံးအဆင်ပြေနေတာ။ ထမင်းစားတုန်းကလည်း သူမ စိတ်အခြေအနေကောင်းပါတယ်"

"ငါ... ငါမသိဘူး။ သြော်ဒါနဲ့... သူခုနက အနုပညာဒီဇိုင်နာနဲ့ တွေ့သေးတယ်" ကျိုးဖေးက အလျင်စလိုပြောသည်။

ဝုစ်...

ကျောက်ဖုန်း အမြန်ထွက်လာပြီး အနုပညာဒီဇိုင်နာကို ရှာလိုက်သည်။ "မင်းအခန်းထဲမှာတုန်းက ဘာဖြစ်သေးလဲ"

"ဟင့်အင်း။ အစ်မဇီယန်က ခတ်ပုံသုံးကို အစစ်ဟုတ်မဟုတ် ခွဲခိုင်းတာ..."

"ဘာခတ်ပုံတွေလဲ။ ဘာတွေလဲ" ကျောက်ဖုန်းက စိတ်လောကြီးစွာ မေးလိုက်သည်။

အနုပညာဒီဇိုင်နာပြောပြသည့် အသေးစိတ်အချက်များမှာ ကျောက်ဖုန်း၏နှလုံးသားကို နစ်မြုပ်သွားစေသည်။

အဲဒီလူက ဆရာလား...

ဤမှန်းဆချက်က ကျောက်ဖုန်းကို ခွန်အားမဲ့၍ အကူအညီမဲ့သလို ခံစားရစေသည်။

ဆရာမားနှင့် အခြားအဖွဲ့သားများလည်း စိတ်ရှုပ်ထွေးနေကြသည်။ ဘာဖြစ်နေမှန်းမသိကြသော်လည်း သတင်းကောင်းတော့ ဟုတ်ပုံမရချေ။

ထိုအချိန်တွင် ကျောက်ဖုန်းသည် ကျန်းဟန်ထံမှ ဖုန်းလက်ခံရရှိသည်။

ကျန်းဟန်က ရှင်းပြပြီးနောက် ဖုန်းချလိုက်သည်။ ကျောက်ဖုန်း အိပ်ခန်းဆီ အမြန်ပြေးကာ တံခါးခေါက်၍ ကျယ်လောင်စွာ ပြောလိုက်၏။ "ဆရာဖုန်းဆက်တယ်။ အဲဒါတွေက အတုတွေတဲ့။ တံခါးဖွင့်ပေးလို့ရမလား ဆရာကတော်”

သူတံခါးကို အချိန်အကြာကြီးခေါ်နေသော်လည်း ဇီယန်က လုံး၀ ပြန်မပြော။

"အတု..."

ဓာတ်ပုံများမှာ အစစ်ဖြစ်သည်။ ဗီဒီယိုက အစစ်ဖြစ်သည်။ အသံမှာလည်း အစစ်ဖြစ်ပြီး တည်နေရာကိုပင် အတည်ပြုခဲ့သည်။

၎င်းက အတုပါဟု သူမ မည်သို့ယုံကြည်နိုင်မည်နည်း။

ဇီယန် အရာအားလုံးက အတုအယောင်တွေဟု သူမ ဘာသာသူမ ယုံကြည့်လိုက်ချင်သည်။ ကျန်းဟန်ကို ယုံကြည်ချင်ပါသော်လည်း ရက်စက်လွန်းသည့်အမှန်တရားက သူမ၏နှလုံးသားကို ကွဲကြေသွားစေခဲ့သည်။

အရင်က သူမ ကျန်းဟန်အား ချစ်ခဲ့သလောက် ထပ်တူပင် ယခု မုန်းတီးနေပြီ။

"ကတိတွေ ကတိတွေက အလိမ်အညာတွေပဲ..."

ဇီယန်သည် သူမ၏စိတ်တက်ကြွမှုအားလုံး ဆုံးရှုံးသွားသလိုပင်။ သူမ ဟောင်ကောင်သို့ ပြန်သွားကာ မုန့်မုန့်အားခေါ်ပြီး ထိုစိတ်ပျက်စရာယောက်ျားကို ထား၍ ထွက်သွားချင်သည်။

......

ကျန်းဟန် ကျောက်ဖုန်းထံမှ သတင်းကိုကြားလိုက်ရသည့်အခါ သူ၏သူငယ်အိမ်များ ကျုံ့သွား၏။

ဓာတ်ပုံတွေလား...

အရင်ကဓာတ်ပုံတွေလား။ ဒါမှမဟုတ် ခုနက အဲ့နေရာမှာ ရိုက်ခဲ့တာလား...

ဒါပေမယ့် ဓာတ်ပုံလောက်က ဒီလောက်ကြီးမားတဲ့ သက်ရောက်မှုရှိမှာ မဟုတ်ဘူး...

ဘာတွေဖြစ်နေတာလဲ။ တခြားအကြောင်းအရင်းရှိသေးတာလား...

ကျိုးဟန်သည် ကြိုတင်ပြင်ဆင်ထားခြင်းမရှိသလို အခြေအနေအတိအကျကို မသိချေ။ သူလုပ်နိုင်သည်က ကျောက်ဖုန်းကို ဟောင်ဟောင် အမြန်ပြန်လာရန် စီစဉ်ပေးဖို့ပင်။

ဇီယန်ပြန်လာသည်နှင့် ရှင်းရှင်းလင်းလင်း ရှင်းပြနိုင်သည်။

ကျန်းဟန် ကားပေါ်မှဆင်းပြီးနောက် စားသောက်ဆိုင်သို့ ပြန်သွားသည့်အချိန်တွင် သူ၏စိတ်အခြေအနေမှာ ဆိုးရွားနေသည်။

သူ ဆိုင်ထဲသို့ ဝင်သွားသည့်အခါ လျန်ဟောင်နှင့် အခြားသူများအားလုံး သူ့ဒေါ်၏စိတ်ခံတတ်ကျမှုကို ခံစားလိုက်ရသည်။

၎င်းက အမှန်ပင်။

စားသောက်ဆိုင်ထဲရှိ အခြားသူများကိုကြည့်ပြီးနောက် သူ ရှုယံ့ကိုကြည့်လိုက်သည်။ ကျန်းဟန် လက်ကိုဝှေ့ယမ်းကာ "ငါ တို့ ဒီညဆိုင်ပိတ်တယ်"

"ဟုတ်ကဲ့" ရှုယံ့ ခေါင်းညိတ်လိုက်ပြီး ကြော်ငြာဘုတ်၌ ရေးရန် ထွက်သွားလိုက်သည်။

လျှန်ဟောင်နှင့် လျှန်မုန့်ချီတို့ တစ်ခုခုဖြစ်ပျက်သွားသည် ကို ခံစားမိလိုက်ကြသည်။

"အစ်ကို ဘာဖြစ်လို့လဲ။ နင် မပျော်သလိုပဲ။ နင် အနိုင်ကျင့်ခံရလို့လား" ကျန်းလီက မေးသည်။

"မဟုတ်ပါဘူး။ မင်းရဲ့ယောင်းမပါ။ သူမ... တစ်ခုခုကို အထင်လွဲနေတယ်ထင်တယ်" ကျန်းဟန် ခေါင်းယမ်းလိုက် သည်။

သူ မုန့်မုန့်ကို လှမ်းကြည့်လိုက်ရာ မင်းသမီးလေးက ကာတွန်းကားကို စိတ်ဝင်တစားကြည့်နေ၏။

သူ မုန့်မုန့်၏ခေါင်းလေးကို ပုတ်ပြီး တိုးတိုးလေးပြော လိုက်သည်။ "မုန့်မုန့် တီဗီခဏလောက်ကြည့်နေနော်။ ဖေဖေ အပေါ်တက်ပြီး နားလိုက်ဦးမယ်"

"ဟုတ်ကဲ့" မုန့်မုန့်က ပြန်ဖြေသည်။

လျှန်ဟောင်နှင့် လျှန်မုန့်ချီလည်း မိနစ်အနည်းငယ် ထိုင် နေပြီးနောက် ပြန်သွားခဲ့သည်။ ယနေ့ည ညစာမရနိုင် တော့သည်မှာ သိသာလေသည်။

ထိုအချိန်တွင်း၌ ကျန်းလီတစ်ယောက် အပေါ်ထပ်သို့ တက်ကာ စကားပြောရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ဘာမှ မသိခဲ့ရချေ။ နောက်ဆုံးတွင်တော့ ကျန်းဟန်လည်း ဤ ကိစ္စကို ရှင်းရှင်းလင်းလင်း မသိထားဘူး မဟုတ်ပါလား။

သို့သော် ကျောက်ဖုန်းက အချိန်နှင့်အမျှ ဖုန်းဆက်၏။

ထို့ကြောင့် တစ်ဖက်မှသတင်းများကို သူသိရသည်။

နောက်တစ်နေ့ မနက် ၁၀ နာရီတွင် လက်မှတ် ဘွတ်ကင်လုပ်ပြီးပြီဖြစ်သည်။ ဟောင်ကောင်သို့ နေ့လည် ၂ နာရီခန့်တွင် ရောက်ရှိမည်ဖြစ်ပြီး စားသောက်ဆိုင်သို့ ညနေ ၃ နာရီခန့်တွင် ရောက်ရှိပေမည်။

ညနေပိုင်းတွင် ကျန်းဟန်သည် လူအနည်းငယ်စာအတွက်သာ ချက်ပြုတ်ခဲ့သည်။ ညစာစားပြီးနောက် ကျန်းလီနှင့် လော့ချင်းတို့ ခဏထိုင်နေခဲ့ကြပြီး ည ၁၀ နာရီခန့်တွင် ထွက်သွားကြသည်။

ကျန်းဟန်သည် တစ်ဖက်မှ သတင်းများကို ရရှိပြီး အနည်းငယ် စိုးရိမ်နေခဲ့၏။

ဇီယန်သည် အခန်းထဲတွင် တစ်ယောက်တည်းနေခဲ့ပြီး သူမ၏မျက်လုံးများက မျက်ရည်များဖြင့် ရွှဲနစ်နေသည်။ သူမ အစားလည်းမစားသလို ရေလည်းမသောက်ချေ။ ကျိုးဖေးလာပေးသည့် ယန်ချင်ရေကိုပင် သူမ လွှင့်ပစ်ခဲ့သည်။

"မသောက်ဘူး ငါအဲ့ဒါကို မသောက်ဘူး"

ကျောက်ဖုန်း၊ လန်ယွဲ့နှင့် ဆရားမားတို့ အခန်းထဲဝင်လာသည်ကိုမြင်တော့ ဇီယန် အော်ဟစ်လိုက်သည်။ "ထွက်သွားထွက်သွားကြ ကျွန်မကို တစ်ယောက်တည်းနေခွင့်ပေးပါ....”

ဝှစ်...

အခြားသူများအားလုံး အမြန်ထွက်သွားချိန်တွင် ကျိုးဖေးက စဉ်းစားလိုက်ပြီး အခန်းထဲတွင် နေခဲ့ရန် ရွေးချယ်လိုက်သည်။

သူမ ကုတင်ဘေးထိုင်ကာ ဇီယန်အား ကြည့်လိုက်ပြီး သူမလည်း ငိုချင်လာ၏။ "အစ်မယန် နင်ဘာဖြစ်နေတာလဲ။ ဝမ်းနည်းမနေပါနဲ့။ အားလုံး ကျော်ဖြတ်နိုင်မှာပါ။ ဒါမှမဟုတ် ငါနဲ့စကားပြောမလား”

ဇီယန်က နှုတ်ခမ်းကိုကိုက်လိုက်ပြီး ကျိုးဖေးအားကြည့်ကာ "ငါ သူ့ကိုမယုံခဲ့သင့်ဘူး။ သူ့အချစ်ကို မယုံကြည်ခဲ့သင့်ဘူး...”

ဆိုးရွားသည့်နေ့တစ်နေ့က ကုန်လွန်သွားခဲ့သည်။

နောက်တစ်နေ့တွင် ကျန်းဟန်သည် ဇီယန်မှာ စိတ်အခြေအနေ အနည်းငယ်ပိုမိုကောင်းမွန်လာ၍ ငိုမနေတော့ကြောင်း သိလိုက်ရသည်။ သို့သော် သူမသည် ရေခဲတောင်ပမာ အေးစက်မာကျောသွားခဲ့သည်။

သို့သော် ကျန်းဟန်မှာ ဇီယန်၏ဖုန်းနံပါတ်အား မခေါ်နိုင်သေးချေ။ ကျောက်ဖုန်း၏ဖုန်းကိုပင် သူမဆီ ပေး၍မရချေ။

နေ့လည် ၂ နာရီတွင် ကျန်းလီနှင့် လော့ချင်းတို့ ဆိုဖာပေါ်တွင်ထိုင်ကာ မုန့်မုန့်နှင့်အတူ တီဗီကြည့်နေကြ၏။

ကျန်းဟန်က ဇီယန်ပြန်အလာကို စောင့်မျှော်နေဟန်ဖြင့် ပြတင်းပေါက်စားပွဲတွင်ထိုင်ကာ အပြင်သို့ ငေးနေသည်။

လျန်ဟောင်နှင့် လျန်မန့်ချီတို့က စားပွဲနောက်တွင် ထိုင်နေကြပြီး တစ်ချိန်လုံး တိတ်ဆိတ်နေ၏။ လျန်မုန့်ချီသည် ကျောက်ဖုန်းထံမှ တစ်စုံတစ်ရာသိရှိခဲ့ပြီး သူ့ငွေးနှင့် သူ့ငွေး

ကတော်ကြား ဆက်ဆံရေဂမှာ အဆင်မပြေဖြစ်နေပုံပေါ် ကြောင်း တွေ့ရှိခဲ့သည်။

"ငါ သူနဲ့စကားသွားပြောမယ်"

လျန်ဟောင်က ခဏလောက်စဉ်းစားပြီး ရေခဲသေတ္တာထဲမှ ဘီယာနှစ်ဗူးထုတ်ကာ ကျန်းဟန်ဆီ လျှောက်သွားသည်။

"ဇီယန်နဲ့ကျွန်တော်က ငယ်ငယ်ကတည်းကသိခဲ့ကြတာ။ တကယ်တော့ သူမက ကျွန်တော့်ရဲ့ငယ်ဘဝအချစ်ဦးပဲ။ အဲဒါ အတွက်သာမဟုတ်ရင် ကျွန်တော် သူမကို လိုက်ခဲ့တယ်" လျန် ဟောင်က ဘီယာဗူးကိုဖွင့်ကာ ပြုံး၍ ပြောလိုက်သည်။

ကျန်းဟန်က ဘီယာတစ်ငုံသောက်လိုက်ပြီး သူ့အား ကြည့်ကာ ဘာမှပြန်မပြော။

လျန်ဟောင် ထိတ်လန့်သွားသည်။ သူ စကားမှားသွား ကြောင်း သတိပြုမိလိုက်ပြီး အမြန်ရှင်းပြသည်။ "အဲဒါက ကျုပ် ကျန်းမာရေးမကောင်းလို့မဟုတ်ဘူး။ အဲဒါက...."

လျန်ဟောင်က အသက်ပြင်းပြင်းရှူလိုက်ပြီး နောက်ဆုံးတွင် တိုးတိုးလေးပြောလိုက်သည်။ "ခင်ဗျား သိုင်းပညာတတ်လား"

"အင်း…" ကျန်းဟန်က အသာခေါင်းညိတ်လိုက်သည်။

"ခင်ဗျားရောလား" လျန်ဟောင် မေးသည်။ ပြီးခဲ့သည့်အခေါက်က ကျန်းဟန်သည် သိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း သူ ခံစားမိခဲ့သော်လည်း ကျန်းဟန်၏မရေရာချီကြောင့် သူ သိပ်မသေချာခဲ့။

"ဟုတ်တယ်"

မပြင်းဆန်သည့်သည့်အဖြေကို ရသည့်အခါ လျန်ဟောင် ပြုံးလိုက်ပြီး "ကျုပ် သိုင်းပညာကို လေ့ကျင့်ခဲ့လို့ ဧယန်နဲ့ လွဲခဲ့ရတယ်။ ပြီးတော့ ကျုပ် သေချာတဲ့အဆင့်တစ်ခုမရောက်ခင် လိင်ပိုင်းဆိုင်ရာကိစ္စတွေ မလုပ်နိုင်ဘူး။ ဒါပေမယ့် ကြိုက်နှစ်သက်မှုဆန္ဒပုံစံတွေ အများကြီးရှိတယ်ဆိုတာ သိလိုက်ရတဲ့အတွက် ကျုပ်အဲဒါကို နောင်တမရဘူး"

သူ စကားပြောနေရင်း ကျန်းလီကို တိတ်တဆိတ်ကြည့် လိုက်မိပြီး သူမကို ပို၍ နှစ်သက်ကြောင်း ခံစားလိုက်ရသည်။

"ဧယန်က ကလေးဘဝကလေးက အမြဲတမ်းထူးချွန်တဲ့သူ ပါ။ အိုး ဟုတ်သားပဲ သူမ မူလတန်းကျောင်းတတ်တုန်းက အမြဲတမ်းဆံပင်တိုတိုလေးနဲ့နေတာ။ ကောင်ကလေးတစ် ယောက်လိုပဲ" လျှန်ဟောင်က ပြောသည်။

"တကယ်လား" နောက်ဆုံးတွင် ကျန်းဟန်သည် စကား ဝိုင်းအား စိတ်ဝင်စားလာ၏။ ဧယန်၏ကလေးဘဝပုံရိပ်ကို သူ တွေးကြည့်ရင်း ပြုံးလိုက်မိသည်။

"ဟုတ်တယ်။ အခုထိ အဲ့ဒါကို စဉ်းစားလိုက်ရင် စိတ်ဝင်စားဖို့ကောင်းနေတုန်းပဲ......"

လျှန်ဟောင်သည် ဧယန်၏ငယ်ဘဝအကြောင်းကို ကျန်း ဟန်အား စတင်ပြောပြ၏။ သူ ၎င်းကို သိပ်အများကြီးမသိ သော်လည်း သူ၏စကားများက ကျန်းဟန်အား ခံစားချက်ပိုမို ကောင်းမွန်လာစေခဲ့သည်။

"ငါမင်းကို အရမ်းအားကျတယ်။ ငါအများကြီးမသိပေမယ့် အချစ်က ဘဝမှာ အလှည့်အပြောင်းတွေများကြီးဖြစ်စေမှာကို သိတယ်။ ဒါတွေအကုန်လုံး ကျော်ဖြတ်နိုင်မှာပါ။ ငါတို့ သိုင်းပညာရှင်တွေက သိပ်ပြီး ဇီဇာမကြောင်ကြဘူးလေ။ လဆန်းပင်လယ်ကျွန်းက မာစတာကျန်းကို မင်း ကြားဖူးလား။ သူက သိုင်းပညာကို လေ့ကျင့်ခဲ့ပြီးတော့ ကောင်းကင်အဆင့်မာစတာကို တစ်ချက်တည်းနဲ့သတ်ခဲ့ဖူးတယ်။ အဲ့လိုမျိုး သိုင်းပညာရှင်တွေက ငါတို့ရဲ့လေးစားမှုနဲ့ ထိုက်တန်တယ်မဟုတ်လား။ တကယ်တော့ မင်းရဲ့ဘဝက သက်သာအဆင်ပြေလွန်းပေမယ့် သိုင်းပညာကို... ခက်ခဲပြင်းထန်တဲ့ပတ်ဝန်းကျင်မှာ လေ့ကျင့်ဖို့လိုအပ်တယ်။ မြင့်မားတဲ့အဆင့်ကိုရောက်တဲ့အခါ ပြဿနာအများစုက ဘာမှမဟုတ်တော့တာကို မင်းသိလိမ့်မယ်"

သူ စကားပြောနေရင်းဖြင့် ကျန်းဟန်ကို ဥပမာပေးခဲ့သည်။

သို့သော် သူလေးစားရသည့် မာစတာကျန်းမှာ ကျန်းဟန် ဖြစ်သည်ကိုတော့ သူမသိခဲ့ချေ။

"မင်းမှန်တယ်"

ကျန်းဟန်က ဝတ်ကျောတမ်းကျောဖြေလိုက်ပြီးနောက် စားသောက်ဆိုင်အပြင်ဘက်တစ်နေရာကို ရုတ်တရက် စိုက်ကြည့်လိုက်သည်။

မာစီးဒီးယာဉ်တန်းတစ်ခုသည် လမ်းမဘေး၌ ဖြည်းညှင်းစွာ ရပ်တန့်သွားသည်။ ကျိုးဖေးက ဒရိုင်ဘာခုံမှ အရင်ဆုံးဆင်းလာပြီး ဇီယန်က နောက်ခုံမှ ထွက်လာခဲ့သည်။ ကျောက်ဖုန်းနှင့် အခြားသူများကို စောင့်နေရမည့်အစား သူမတို့ စားသောက်ဆိုင်ဆီသို့ တန်း၍လျှောက်လာခဲ့ကြသည်။

"နောက်ဆုံးတော့ မင်းပြန်လာပြီ"

ကျန်းဟန် သူမအား တွေ့ရန် အပြင်ထွက်သွားသည်။

-အပိုင်း(၃) အခန်း(၃၈၈)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၄) အခန်း(၃၈၉-က) မမျှော်လင့်သောပျော်ရွှင်မှု(၁)

ကျန်းဟန် စားသောက်ဆိုင်မှ ထွက်လာသည့်အချိန်တွင် ဇီယန်၏လက်ဖဝါးများမှာ အနည်းငယ်တုန်ယီလာသည်။

သူမနောက်မှလိုက်လာသည့် ကျောက်ဖုန်းနှင့် လန်ယွဲ့တို့ ရပ်တန့်ကာ အဝေးမှကြည့်နေကြသည်။

ကျိုးဖေး၏ခံစားချက်များက ရောထွေးနေ၏။ ယခုထိ ဘာဖြစ်ခဲ့လဲ အတိအကျမသိသော်လည်း... အစ်မယန်မှာ သူမရှေ့ရှိ ခဲအိုကြောင့် နာကျင်ဝမ်းနည်းနေရသည်ကို သူမသိရှိသည်။

"နောက်ဆုံးတော့ မင်းပြန်လာပြီ”

ကျန်းဟန် ရှေ့သို့နှစ်လမ်းတိုးကာ ရပ်လိုက်သည်။

ဇီယန်၏နေကာမျက်မှန်ကိုဖြတ်၍ နီရဲရောင်ရမ်းနေသည့် သူမ၏မျက်လုံးများကို သူ မြင်နိုင်လေသည်။

သူမ ဘယ်လောက်တောင် ငိုထားတာလဲ...

ကျန်းဟန် အလွန်ဝမ်းနည်းသွားသည်။ သူ ရှေ့သို့လှမ်း လိုက်ပြန်ပြီး ဇီယန်အား သူ၏ရင်ခွင်ထဲ ထွေးပွေ့ရန် ကြိုးစား လိုက်သည်။

သို့သော် သူ ခြေတစ်လှမ်းလှမ်းပြီးသည်နှင့် ဇီ ယန်၏အနည်းငယ်တုန်ယင်နေသည့်အသံကို ကြားလိုက်ရ သည်။ "ဒီကိုမလာနဲ့"

ကျန်းဟန်မျက်လုံးများကို မှိတ်လိုက်ပြီး "ကိုယ်တို့ စကားပြောလို့ရမလား"

"ဟင့်အင်း ကျွန်မရှင်နဲ့ ပြောစရာစကားမရှိဘူး။ ကျွန်မ ရှေ့ကဖယ်" ဇီယန် တည်ငြိမ်သွားသော်လည်း သူမ၏အသံက တုန်ယင်နေဆဲဖြစ်သည်။

သူမ စိတ်ပိုင်းဆိုင်ရာ မတည်ငြိမ်သေးချေ။

"ဘာဖြစ်လို့လဲ" ကျန်းဟန်က မျက်မှောင်ကြုတ်ကာ "မင်း ဘာကြားလာလို့လဲ။ ငါသေချာပြောနိုင်တာက မင်းမြင်ခဲ့တာ တွေက အတုအယောင်တွေ...."

"ရှင်အဲဒါတွေဆက်မပြောပါနဲ့လား။ ကျွန်မ မကြားချင် ဘူး။ မကြားချင်ဘူး မကြားချင်ဘူး။ ကျွန်မရှေ့က ဖယ်ပေးပါ။ ကျွန်မကို သွားခွင့်ပေးပါ" ဧီယန် အော်ဟစ်လိုက်သည်။ သူမ၏အသံများ တုန်ယင်နေ၏။

ကျန်းဟန် သူမ၏မျက်လုံးထဲမှ နာကျင်မှုကို ရှင်းရှင်းလင်းလင်းမြင်လိုက်ရပြီး သူမ ပြိုကွဲလုမတတ်ဖြစ် နေသည်ကို ခံစားမိလိုက်သည်။

ကျိုးဖေး အကျပ်ရိုက်နေသည်။ အစ်မယန် အလွန်နာကျင် နေမှန်းသိနေသဖြင့် သူမ ပြောလိုက်သည်။ "အစ်မယန်ရန်... အရင်ဆုံး စိတ်ကိုလျှော့ပါဦး။ နောက်မှစကားပြောလို့ရတယ်မ လား"

ယခု သူ ဇီယန်အား အတင်းအကြပ်နေခိုင်းလိုက်ပါက သူမ၏စိတ်အခြေနေမှာ ထိန်းချုပ်မှုကင်းမဲ့သွားမည်ကို သိနေသည့်အတွက် ကျန်းဟန်တိတ်ဆိတ်နေလိုက်သည်။

ထို့ကြောင့် ကျန်းဟန် လမ်းဘေးသို့ တိတ်တဆိတ် ဖယ်ပေးလိုက်သည်။

ကျိုးဖေးနှင့် ဇီယန်တို့ စားသောက်ဆိုင်ထဲဝင်လာပြီး ကျန်းဟန်က နောက်မှ တိတ်ဆိတ်စွာ လိုက်လာခဲ့သည်။

"အစ်မ”

"ဇီယန်”

"သူဌေးကတော်”

ကျန်းလီ၊ လျန်ပေါင်နှင့် ရှုယုံတို့ နှုတ်ဆက်ကြသည်။

သို့သော် ဇီယန်က ဘာကိုမှ မမြင်သလို မကြားသလိုဖြင့် ဆိုဖာဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားသည်။

မုန့်မုန့်မှာ ထိုနေရာတွင် တီဗီကြည့်နေ၏။

"မေမေလား မေမေ ပြန်လာပြီလား။ သမီး မေမေ့ကို အရမ်းလွမ်းတယ်" မုန့်မုန့်က ဝမ်းသာအားရဖြင့် လက်ကို ဆန့်တန်းလိုက်သည်။

"အင်း မေမေပြန်လာပြီ"

မုန့်မုန့်ကိုမြင်တော့ ဇီယန် ငိုလုမတတ်ပင်။ သူမ လျှာဖျား လေးကို ကိုက်လိုက်ပြီး စိတ်တည်ငြိမ်အောင်လုပ်လိုက်၏။ ထို နောက် မုန့်မုန့်အား ရင်ခွင်ထဲထွေးပွေ့လိုက်ပြီး "မေမေနဲ့ အိမ် ပြန်လိုက်ခဲ့နော်"

"အင်း ပြန်သွားပြီး ကစားကြမယ်" မုန့်မုန့်မှာ နာခံဆဲ ဖြစ်သည်။ ဤအချိန်တွင် သူမနှင့်မေမေတို့ နှစ်ယောက်တည်း သာ အိမ်ပြန်ကြမည်ကို သူမလေး မသိခဲ့ချေ။

ဇီယန် မုန့်မုန့်ကိုပွေ့ချီပြီး ထွက်လာတော့ ဘေးနားတွင် ရပ်နေသည့် လျန်ဟောင်ကို တွေ့လိုက်ရသည်။ သူမ ခဏ

ရပ်တန့်သွားပြီး အသံတိုးတိုးဖြင့် "ရှင်လည်း ဒီကိုရောက်နေတာလား”

"အင်း... ဟုတ်တယ်။ မင်းပြန်လာပြီလို့ ငါကြားလို့ ဒီကိုလာခဲ့တာ”

လျန်ဟောင်က ပတ်ဝန်းကြည့်ရှိ ပြင်းထန်သည့်လေထုကို သတိပြုမိပြီး ခေါင်းညိတ်ကာ ပြန်ပြောလိုက်သည်။

"ဒါဆို ကျွန်မအိမ်လာခဲ့လေ။ စကားပြောကြတာပေါ့” ဇီယန်က တည်တည်တံ့တံ့ဖြင့်ပြောကာ အပြင်ထွက်သွားသည်။

ဇီယန်က မုန့်မုန့်ကိုပွေ့ချီပြီး ဘေးမှဖြတ်သွားသည်ကိုမြင်တော့ ကျန်းဟန် သူမအား တားချင်ခဲ့သည်။

သို့သော် နောက်ဆုံးတွင် သူ မလုပ်ခဲ့။

ထိုအစား စားပွဲဝိုင်းတွင်သာ ရပ်နေပြီး ဇီယန်ထွက်သွားသည်ကို ကြည့်နေခဲ့သည်။

လျန်ဟောင်က ကျန်းဟန်အား လှမ်းကြည့်လိုက်ပြီး ခေါင်းကိုအသာယမ်းကာ လျန်မုန့်ချီနှင့်အတူ ထွက်သွားသည်။

ကျိုးဖေးက ဒရိုင်ဘာခုံတွင်ထိုင်ပြီး ဇီယန်နှင့် လျန်မုန့်ချီက နောက်ခုံတွင်ထိုင်၍ လျန်ဟောင်က ရှေ့ခရီးသည်ခုံတွင်ထိုင်ပြီး နောက် Mercedes ကားမှာ ဖြည်းညှင်းစွာ ထွက်ခွာသွားတော့သည်။

လန်ယွဲ့နှင့် အခြားသူများက ၎င်းတို့နောက်မှ ကားနှစ်စီးဖြင့် လိုက်သွားကြသည်။

ကျန်းဟန်သည် ပြတင်းပေါက်မတဆင့် ငေးကြည့်ရင်း နေရာတွင်ပင် စုံရပ်နေခဲ့သည်။ Mercedes သုံးစီး မျက်စိတစ်ဆုံးထွက်သွားသည်အထိ ရပ်နေခဲ့သည်။

သူ့နောက်ရှိ လော့ချင်းသည် စိတ်အခြေအနေညှိုးငယ်စွာဖြင့် နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။ သူ၌ငွေး၏ အလွန်စိတ်ဓာတ်ကျ အကူအညီမဲ့နေပုံကို သူမ ပထမဆုံးအကြိမ်တွေ့ဖူးခြင်းဖြစ်သည်။

"အစ်ကို... ဝမ်းနည်းမနေပါနဲ့။ အဆင်ပြေသွားမှာပါ။ အစ်မယန်က အကြာကြီးစိတ်ဆိုးမှာမဟုတ်ဘူး။ နင် သူမကို ချော့နိုင်ပါတယ်" ကျန်းလီက မနေနိုင်ဘဲ ကျန်းဟန်အား နှာချ ရန်ကြိုးစားသည်။

"အင်း" ကျန်းဟန် ပြန်ဖြေသည်။

သို့သော် ကျန်းလီသည် သူမအစ်ကို၏စိတ်ခံစားတက်ကျမှုကို ခံစားနေရသေးသည်။

ထိုအချိန်တွင် ကျောက်ဖုန်းနှင့် အားဟူတို့ စားသောက်ဆိုင်ထဲသို့ ဝင်လာသည်။ ကျောက်ဖုန်းမှာ ဘာပြော ရမှန်းမသိသဖြင့် ရှက်ရွံ့သွား၏။

ကျန်းဟန်သည် ဤအသိုင်းအဝိုင်းတစ်ခုလုံး၏အခရာ ဖြစ်သည်။ ထို့ကြောင့် သူ စိတ်ပိုင်းဆိုင်ရာ ဆုတ်ယုတ်မှုဖြစ် သည့်အခါ သူ့အား မည်သို့နှစ်သိမ့်ပေးရမည်ကို မည်သူမျှ မသိကြ။

ထို့ကြောင့် ဝမ်းနည်းဖွယ်လေထုဖြင့် စားသောက်ဆိုင်တစ်ခုလုံး တိတ်ဆိတ်နေခဲ့သည်။

"ကျောက်ဖုန်း"

ရုတ်တရက် ကျန်းဟန်၏အသံကြောင့် အခြားသူများ စိတ်လှုပ်ရှားသွား၏။

"ဟုတ်ကဲ့ သူဌေး" ကျောက်ဖုန်းက လေးနက်စွာပြန်ဖြေ၏။

"သွား" ကျောက်ဖုန်းသည် ကျန်းဟန်၏ဂရုမစိုက်သည့် မျက်လုံးများကြောင့် အေးစက်သွားပြီး ကျန်းဟန်၏တည်ငြိမ်သောအသံကို ကြားလိုက်ရသည်။ "ချောင်လောလောကို ဒီခေါ်လာခဲ့"

"ဟုတ်ကဲ့"

ကျောက်ဖုန်း ခေါင်းညိတ်ကာ တုံ့ပြန်လိုက်သည်။

သူ စားသောက်ဆိုင်မှ ချက်ချင်းထွက်သွားရမည့်အစား နေရာတွင်ပင် ရပ်နေပြီး ကျန်းဟန် လှေကားထောင့်မှ ပျောက်ကွယ်သွားသည်အထိ တိတ်တဆိတ်ကြည့်နေလိုက်သည်။

"အားလုံးကိုပြောလိုက်”

ကျောက်ဖုန်း၏မျက်နှာမှာ လေးနက်လာပြီး သူ၏မျက်လုံးများတွင် ဒေါသများဖြင့် ပြည့်နေသည်။ သူ လက်သီးများကို တင်းတင်းဆုပ်ကာ အေးစက်၍အသက်မဲ့သည့်လေသံဖြင့် "တစ်နာရီအတွင်း ချောင်လောလောရဲ့လိပ်စာကို ရှာပါ”

လူတိုင်းကို အမိန့်ပေးပြီးသည်နှင့် ကျောက်ဖုန်း၏လူများ အားလုံး စတင်လှုပ်ရှားကြသည်။

ကျန်းလီ၊ လေ့ချင်းနှင့် ကျောက်ဖုန်းတို့ ပထမထပ်တွင် သာနေကြပြီး မည်သူမျှ ဒုတိယထပ်သို့ မတက်ကြချေ။ ယခုအချိန်တွင် ကျန်းဟန်သည် တစ်ယောက်တည်းနေလိုကြောင်း အားလုံးသိကြ၏။

ခဏအကြာတွင် နည်းပြလျှို အမြန်ဝင်လာသည်။

အချို့သောနည်းများဖြင့် သူသည် ချောင်လောလော၏လိပ်စာအတိအကျနှင့် လတ်တလောအချက်အလက်များကို ရရှိခဲ့သည်။

သူမ လောလောဆယ်တွင် ဟောင်ကောင်၌မရှိချေ။

ယမန်နေ့ညက အလုပ်ကိစ္စဖြင့် လင်းဟိုင်သို့ ခရီးထွက်သွားပြီး ရက်အနည်းငယ်အတွင်း ပြန်လာမည်မဟုတ်။

ကျောက်ဖုန်းသည် ကျန်းဟန်အား ထိုအကြောင်းပြောပြရန် အပေါ်ထပ်တက်သွားသည်။ သို့သော် ကျန်းဟန်သည် ၎င်းကို မကြားသလိုပင် ဆိုဖာပေါ်၌ တိတ်ဆိတ်စွာ ထိုင်နေ၏။

ကျောက်ဖုန်း အကူအညီမဲ့စွာဖြင့် အောက်ထပ်သို့ ပြန်ဆင်းလာသည်။

ညရောက်လာလေပြီ...

ညစာအတွက်...

သေချာပေါက် ညစာလည်း မရှိချေ။

ည ၉ နာရီတွင် ကျောက်ဖုန်းသည် ယာဂုပန်းကန်ကို လက်ဖက်ရည်စားပွဲပေါ်တင်ပေးကာ ကျန်းဟန်အား အသံတိုးတိုးဖြင့် နှစ်သိမ့်ပေးသည်။

သို့သော် နောက်တစ်နေ့မနက်တွင် ယာဂုမှာ အေးစက်နေပြီး မူလနေရာတွင် အရာမယွင်းရှိနေသေး၏။

ဆိုင်သို့ရောက်လာသည့် စားသုံးသူများအတွက်တော့ "ဆိုင်ပိတ်သည်" ဆိုသည့် ဆိုင်းဘုတ်ကိုမြင်ရသည်မှာ သိပ်ပြီး အဆင်မပြေလှ။

နေ့လည်ရော ညရော... တစ်ချိန်လုံးဆိုင်ပိတ်ထားသည့်အတွက် စိတ်အားထက်သန်နေသည့်စားသုံးသူများကို အလွန်ဒုက္ခရောက်စေသည်။

သူဌေးနှင့် သူဌေးကတော်ကြားရှိ ဆက်ဆံရေးမှာ အကြပ်အတည်းတစ်ခုဖြစ်နေကြောင်း အဖွဲ့ဝင်များဆီမှ သိရှိလာရ

သည့်အခါ စိတ်တိုနေသည့် စားသုံးသူများသည် ကျန်းဟန်၏အပြုအမူကို နောက်ဆုံးတွင် နားလည်သွားကြသည်။

သို့သော် ဤအတိုင်းဆက်သွားနေပါက သူတို့ ရူးသွားကြပေတော့မည်။

ကျန်းဟန်ချက်ပြုတ်ပေးသည့် အစားအစာကို မစားရသည်နှင့်အမျှ သူတို့ ခံစားချက်ဆိုးရွားလာကြမည်ပင်။ သူတို့မည်သို့ ခံနိုင်ရည်ရှိမည်နည်း။

ထို့ကြောင့် လူ ၁၀၀၀၀ က "ပြန်လာပါ သူဌေးကတော်" ဆိုသည့် ကြေငြာစာထုတ်ပြန်ကြသည်။

သိပ်မကြာခင်တွင် ၎င်းက အင်တာနက်၌ ရေပန်းစားလာခဲ့၏။

ဇီယန်ပင် ကြေငြာစာကို မြင်ခဲ့သည်။

"ပြန်ရမယ်လား.... မပြန်နိုင်ဘူး…"

ဇီယန် စတင်ရှုံ့ကိုလာသည်။

သူတို့ မသိလိုက်ခင်မှာပင် စားသောက်ဆိုင်မှာ သစ္စာရှိ ပရိသတ်များကို ပို၍ပို၍ ဆွဲဆောင်လာခဲ့သည်။

ထိုနေ့ မုန့်မုန့် ဇီယန်နှင့်ပြန်သွားသည့်အချိန်တွင် ကား ထဲ၌ ဖေဖေ့အား မတွေ့ရသည့်အခါ ကလေးမလေးမှာ ငို တော့သည်။ သို့သော် သူမလေး မည်မျှပင် ငိုနေပါစေ အသုံးမ ဝင်ချေ။

ဇီယန်နှင့် ယွမ်ရင်ဥယျာဉ်သို့ ပြန်လိုက်လာပြီး လျှန် ဟောင်နှင့် လျှန်မုန့်ချီသည် သူမ အလွန်စိတ်ဓာတ်ကျနေမှန်း သိ၍ ၁၀ မိနစ်ခန့်ထိုင်ပြီးနောက် ပြန်သွားကြသည်။

ညဘက်တွင် မုန့်မုန့်သည် ဖေဖေ့အတွက် ငိုနေသေး၏။ သူမသမီးကို အချိန်အတော်ကြာအောင် ချော့ပြီးနောက် ဇီယန် သည် နောက်ဆုံးတွင် စိတ်ကိုမထိန်းနိုင်တော့ဘဲ အိပ်ခန်းထဲ ပြေးဝင်သွားတော့သည်။ မုန့်မုန့်အား ချော့ရန် ကျိုးဖေးကို တစ်ယောက်တည်းထားခဲ့၏။

"သူတို့ ဘယ်အချိန်မှ ပြန်အဆင်ပြေကြမှာလဲ”

မုန့်မုန့်အား အိပ်ပျော်အောင် ချော့သိပ်ပြီးနောက် ကျိုးဖေးသည် နဖူးမှချွေးများကို သုတ်ရင်း သက်ပြင်းချလိုက်သည်။

ညမှာ တိတ်ဆိတ်စွာ ကုန်လွန်သွားခဲ့၏။

နောက်တစ်နေ့ မနက် ၈ နာရီတွင်...

ကျန်းဟန် အောက်ထပ်သို့ ဆင်းလာသည့်အခါ ကျန်းလီနှင့် လော့ချင်းတို့ ဆိုဖာပေါ်တွင် ထိုင်နေပြီး ကျောက်ဖုန်းနှင့် ရှုယုံတို့က အဖွဲ့ဝင်စားပွဲတွင် ထိုင်နေသည်ကို တွေ့ပြီး အံ့အားသင့်သွားသည်။

"မင်းတို့ ဒီမှာ စောင့်နေဖို့မလိုပါဘူး။ လုပ်စရာရှိတာ လုပ်ကြပါ" ကျန်းဟန်က ပြောသည်။

"ငါတို့အားလုံး နင့်အတွက် စိတ်ပူနေတာ" ကျန်းလီက ပြန်ဖြေသည်။

"ရပါတယ်။ ငါ သူတို့ကို ပြန်ခေါ်မယ်"

ကျန်းဟန်က ပြန်ပြောပြီး တံခါးဆီ လျှောက်သွားသည်။

"အစ်ကို နင်ဘာလုပ်မလို့လဲ” ကျန်းလီက အမြန်မေးလိုက်၏။

"မင်းရဲ့ယောင်းမကို ပြန်သွားခေါ်မှာ”

သူ ဆိုင်ထဲမှ ထွက်လာပြီးနောက် ပန်ဒါကားပေါ်တက်ကာ အမြန်မောင်းလာပြီး ယွမ်ရင်ဥယျာဉ်သို့ နာရီဝက်အကြာတွင် ရောက်ရှိသွားသည်။

အပေါ်ထပ်သို့ တက်လာပြီးနောက် ကျန်းဟန်သည် တံခါးရှေ့တွင်ရပ်ကာ လက်ထဲမှ သော့ကို ကြည့်လိုက်သည်။

နောက်ဆုံးတွင် တံခါးခေါက်ရန် ရွေးချယ်လိုက်သည်။

"ဒေါက် ဒေါက် ဒေါက်”

စက္ကန့်သုံးဆယ်ခန့်အကြာတွင် ဝမ်ကျွမ်းက တံခါးလာဖွင့်သည်။

သို့သော် ကျန်းဟန်အား မကြိုဆိုသည်မှာ ထင်ရှား၏။

"မစ္စတာကျန်း ရောက်နေတာကိုး” ဝမ်ကျွမ်းက ပုံမှန်အတိုင်း နှုတ်ဆက်သည်။

"ဟုတ်ပါတယ်”

"သူမက မင်းကို မတွေ့ချင်ဘူး မစ္စတာကျန်း။ သူမစိတ်အခြေအနေမကောင်းသေးဘူး။ သူမ တည်ငြိမ်သွားတဲ့အထိ မင်းစောင့်တာ ပိုကောင်းမယ်။ ဒီလိုကိစ္စနဲ့ပတ်သက်ပြီး ငါ့မှာ အတွေ့အကြုံရှိပါတယ်။ သူစိတ်အခြေအနေကောင်းလာရင် မင်းကို အကြောင်းကြားပေးမယ်။ ဒါဆို မင်း သူမကို ချော့ဖို့ အခွင့်အရေးရှာလို့ရတယ်” ဝမ်ကျွမ်းက ကြင်နာစွာအကြံပြုသည်။

"ကျွန်တော် သူမကို အခုတွေ့ချင်တာ” ကျန်းဟန် မစောင့်ချင်သော်လည်း သူ အတင်းမဝင်သွား။

ဝမ်ကျွမ်း တံ့ဆိုင်းသွားပြီး "ငါသွားမေးလိုက်မယ်။ ခဏလေးစောင့်ပေးနော်”

ထိုနောက် ဝမ်ကျွမ်း တံခါးပိတ်လိုက်သည်။

ဤတစ်ကြိမ်တွင် ကျန်းဟန် ငါးမိနစ်ခန့် စောင့်လိုက်ရ၏။

တံခါးပွင့်လာသည်နှင့် ကျိုးဖေး ခုန်ထွက်လာပြီး ကျန်းဟန်၏လက်မောင်းကို ကော်ရစ်ဒါဘက်သို့ ဆွဲခေါ်ကာ တိုးတိုးလေးပြောသည်။

"ခဲအို ဘာဖြစ်ခဲ့တာလဲ။ အစ်မယန်က ထပ်ပြီး ငိုနေပြန်ပြီ။ နင် သူမကို သစ္စာဖောက်ခဲ့တာလား။ အဲဒီဆိုဆိုရင်တော့ ငါ နင့်ကို မကူညီနိုင်ဘူး နင်...”

"အဲဒါ ဖြစ်နိုင်တယ်လို့ မင်းထင်လား” ကျန်းဟန်က သက်ပြင်းချလိုက်ပြီး "တကယ်လို့ သူမ တစ်ခုခုမြင်ခဲ့တယ်ဆိုရင် အဲဒါ အတုပဲဖြစ်မယ်”

"ဒါပေမယ့်... အဲဒီပုံတွေက အစစ်တွေ”

"ဘာပုံတွေလဲ”

"ငါမသိဘူး။ အစ်မယန်ရဲ့ဖုန်းကို တိတ်တိတ်လေးဖွင့်ကြည့်ပေမယ့် ဘာမှမတွေ့ဘူး။ သူမ ဖျက်ပစ်လိုက်တာဖြစ်မယ်" ကျိုးဖေးက ခေါင်းယမ်းပြီး "အစ်မယန် နင့်ကိုတွေ့ရင် ထပ်ပြီးဝမ်းနည်းနေမှာ။ နင်စောင့်လိုက်တာ ပိုကောင်းမယ်။ ဒါပေမယ့် နင်တကယ် အဲ့လိုလုပ်ခဲ့တယ်ဆိုရင် နောက်တစ်ခါထပ်မလာဖို့ ငါ အကြံပေးလိုက်မယ်"

"ဒါဆို သူမကို နှစ်သိမ့်ပေးပြီး ငါ့အစား သူတို့ကို ဂရုစိုက်ပေးပါ။ အမှန်တရားက မကြာခင် ပေါ်လာမှာပါ" ကျန်းဟန်က ဗလုံးဗထွေးအသံဖြင့်ပြောသည်။

"ဒါနဲ့ မနေ့ညကတည်းက မုန့်မုန့် ငိုနေတာ။ ညနေကျရင် စားသောက်ဆိုင်ကို လာကြမှာဆိုတော့ နင် အစ်မယန်နဲ့ မုန့်မုန့်အတွက် တစ်ခုခုပြင်ပေးထားလို့ရမလား။ ဒီနေ့စ်ရက်လုံး သူမ ဘာမှမစားရသေးဘူး" ကျိုးဖေးပြောသည်။

"ကောင်းပြီ" ကျန်းဟန် ခေါင်းညိတ်သည်။

"ဒါဆို ငါသွားတော့မယ်" ကျိုးဖေး ပြန်ထွက်သွား၏။

ကျန်းဟန် ငါးမိနစ်ခန့် မတ်တပ်ရပ်နေပြီးနောက် သက်ပြင်းတစ်ချက်ချကာ အောက်ထပ်သို့ ဆင်းသွားခဲ့သည်။

စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အခါ ကျန်းဟန်မှာ မုန့်မုန့်နှင့် ဇီယန်မရှိသဖြင့် သူ၏စိတ်ခွန်အား အားလုံး ဆုံးရှုံးသွားပုံရသည်။

ကံကောင်းထောက်မစွာဖြင့် သူတို့ ညနေပိုင်းတွင် ပြန်လာကြပေမည်။

အချိန်အတော်ကြာစောင့်နေပြီးနောက် ည ၇ နာရီထိုးနေပေပြီ။

မလာခင်တွင် ကျိုးဖေးက ကျန်းဟန်အား မက်ဆေ့ချ်ပို့သည်။

ထို့ကြောင့် သူတို့ရောက်သည့်အချိန်တွင် ကျန်းဟန်သည် အသားဟင်းတစ်မျိုးနှင့် အသီးအရွက်နှစ်မျိုး ဟင်းသုံးမျိုး ပြင်ဆင်ထားခဲ့သည်။

သို့သော် ကျန်းဟန်၏စိတ်ကူးနှင့် တကယ့်လက်တွေ့မှာ ခြားနားမှုတချို့ရှိနေခဲ့သည်။

မုန့်မုန့်လေးသည် ကျန်းဟန်၏ရင်ခွင်ထဲသို့ ပျော်ရွှင်စွာ ပြန်ဝင်သွားသော်လည်း ဇီယန်က သူ့အား တစ်ချက်ကလေးမှ ငဲ့မကြည့်ချေ။

ဇီယန်သည် ကျိုးဖေး၊ လျန်ဟောင်၊ လျန်မုန့်ချီတို့နှင့်အတူ အပြင်ဘက် အဖွဲ့ဝင်စားပွဲတွင်ထိုင်ရန် ရွေးချယ်ခဲ့သည်။

"မေမေ မေမေ ဒီကိုလာပါ" မုန့်မုန့်က လက်ဖက်ရည်စားပွဲ ရှေ့ ဆိုဖာပေါ်မှ လှမ်းခေါ်သည်။

-အပိုင်း(၄) အခန်း(၃၈၉-က)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၅) အခန်း(၃၈၉-ခ) မမျှော်လင့်သောပျော်ရွှင်မှု(၂)

"မေမေပြောထားတာ မေ့သွားပြီလား" ဇီယန်က မုန့်မုန့်အား ကြည့်ကာ ပြောလိုက်သည်။

မုန့်မုန့် နှုတ်ခမ်းလေးစူလိုက်ပြီး ဘာမှထပ်မပြောတော့။

ကျန်းဟန် သက်ပြင်းချလိုက်ပြီး ဇီယန်အား ထမင်းတစ်ပန်းကန်ချပေးကာ နွားနို့တစ်ခွက်ငှဲ့၍ သူမရှေ့ စားပွဲပေါ်တင်ပေးရင်း တိုးတိုးလေးပြောလိုက်သည်။ "ထမင်းအရင်စားလိုက်ပါ"

သို့သော် ဇီယန်က သူ့အား လျစ်လျူရှုပြီး ထမင်းပန်းကန်နှင့် နွားနို့ခွက်ကို ဘေးသို့တွန်းလိုက်သည်။

"ဂလု..."

အရသာရှိ၍ မွှေးပျံ့သည့် အစားသောက်များကို ကြည့်ရင်း လျန်မုန့်ချီနှင့် ကျိုးဖေးတို့ တမ်းတသည့်အကြည့်များဖြင့်

အချင်းချင်းကြည့်လိုက်သည်။ သူတို့ ဗိုက်များက စတင် အသံမြည်လာ၏။

သူတို့ စားချင်သော်လည်း...

နောက်ဆုံးတွင် သူတို့၏တူများကို မလှုပ်ရှားကြဘဲ မွှေး ရနံ့၏နှိပ်စက်မှုကိုသာ တောင့်ခံနေကြရသည်။

"အပေါ်ထပ်မှာ ကိုယ်နဲ့စကားပြောလို့ရမလား။ ဘာပဲ ဖြစ်ဖြစ် မင်း ကိုယ့်စကားကို နားထောင်ပေးမှရမယ်" ကျန်း ဟန် အားတင်းကာ ပြုံးလိုက်သည်။

"ကျွန်မ ရှင်နဲ့ ဘာမှမပြောချင်ဘူး"

ဇီယန် ချက်ချင်းထရပ်ပြီး သူမကားဆီ ပြန်သွားခဲ့သည်။

ကျိုးဖေး၊ လျန်မုန့်ချီနှင့် လျန်ဟောင်တို့လည်း ထွက်သွား ကြ၏။

မိနစ်နှစ်ဆယ်ခန့်ကြာပြီးနောက် ကျိုးဖေးဝင်လာပြီး မုန့် မုန့်အား အတင်းအကြပ်ခေါ်သွားသည်။

ထိုနောက် ကားမှာ ဖြည်းညှင်းစွာ မောင်းထွက်သွား၏။

ညဘက်တွင်... ကျန်းဟန် အိပ်ခန်းထဲ၌ တစ်ယောက်တည်းရှိနေခဲ့သည်။

ဗလာဖြစ်နေသည့်အိပ်ခန်းကိုကြည့်ပြီး သူ သက်ပြင်းချလိုက်၏။

ကျန်းဟန် ထကာ စားသောက်ဆိုင်မှ ထွက်လာခဲ့၏။ သူသည် လမ်းပေါ်တွင် ဦးတည်ရာမဲ့စွာ လမ်းလျှောက်နေခဲ့ပြီး နောက်ဆုံးတွင် လဆန်းတောင်သို့ ရောက်ရှိလာသည်။ အရှေ့ဘက် ကမ်းကားအစွန်းရှိ သစ်ပင်ပေါ်တွင်ထိုင်ရင်း သစ်တောကိုဖြတ်၍ တိုက်ခတ်လာသည့် ပင်လယ်လေညင်းကြောင့် သစ်ရွက်များကို တဖျပ်ဖျပ်အသံထွက်နေသည်ကို ကြားနေရသည်။

လှူင်းပုတ်သံများအောက်တွင် ကျန်းဟန်သည် နေထွက်လာသည်အထိ တစ်ညလုံး ထိုအတိုင်းထိုင်နေခဲ့၏။

ကျန်းဟန် ရုတ်တရက် ထရပ်လိုက်ပြီး အဆုံးမရှိသည့် ပင်လယ်ပြင်ကိုကြည့်ကာ သူ၏အနက်ရောင်လေကာအင်္ကျီကို နောက်သို့ အသာလွှဲချလိုက်သည်။

ထိုနောက် သူ လှုပ်ရှားလိုက်ပြီး ရှေ့သို့ ခုန်းဆင်းလိုက်သည်။

လေထဲတွင် တစ်ပတ်လည်သွားပြီးနောက် ဒေါင်လိုက်ထိုးဆင်းကာ ပင်လယ်ထဲသို့ ကျဆင်းသွားပြီး ရေပွက်ထသွားသည်။ ထိုနောက် ရေပြင်က မူလအခြေအနေအတိုင်း ပြန်ငြိမ်သွားပြီး အချိန်အတော်ကြာသည်အထိ မည်သူမျှ ပြန်တက်မလာခဲ့ချေ။

ဘေးမှကြည့်ရှုသူများ၏အမြင်တွင် ကျန်းဟန်သည် မိမိကိုယ်ကိုယ် သတ်သေနေသည့်ပုံပေါ်သည်။

သို့သော် မမြင်နိုင်သည့် ပင်လယ်ရေထဲ၌ ပုံရိပ်တစ်ခုက ငါးတစ်ကောင်ပမာ ပင်လယ်နက်ထဲသို့ ကူးခတ်နေ၏။

ကျန်းဟန် ကိုယ့်ကိုယ်ကိုယ် သတ်သေနေခြင်းမဟုတ်ချေ။ ထိုအချိန်တွင် သူ၏လက်ထဲ၌ ရေစိတ်ဝိညာဉ်ကျောက်တုံးဟုခေါ်သည့် ပစ္စည်းလေးတစ်ခုရှိနေသည်။

သူ၏အရေပြားနှင့် အဝတ်အစားများကို အပြာရောင်အလင်းတန်းအလွှာတစ်ခုက ဖုံးလွှမ်းထား၏။

ပင်လယ်ဆိုသည်မှာ လှပ၍ လျှို့ဝှက်ဆန်းကြယ်သည်။ ယခုအချိန်ထိတိုင် ပင်လယ်၏အစိတ်အပိုင်း အနည်းငယ်မျှကိုသာ စူးစမ်းရှာဖွေနိုင်ကြသေးသည်။

ပင်လယ်ရေတိမ်ပိုင်းတွင် သန္တာကျောက်များနှင့် ငါးများစွာရှိပြီး လှပသည့်ရှုခင်းကို ဖန်တီးပေးသည်။ သို့သော် ကျန်းဟန်က ၎င်းတို့အား ကြည့်ရန် စိတ်မဝင်စားချေ။ သူ မော်ပန်းနွမ်းနယ်သွားသည်အထိ ကူးခတ်နေချင်ခဲ့သည်။

သူ ရေကူးနေခဲ့သည်မှာ ဘယ်လောက်ကြာပြီလဲ မသိတော့။ သုံးနာရီကျော်လောက်ဖြစ်နိုင်သည်။

သူ ပင်လယ်နက်ပိုင်းသို့ ရောက်လာပြီး ပင်လယ်အောက်ခြေက မှောင်သထက် မှောင်လာ၏။ ရေမျက်နှာပြင်အောက် မီတာ ၈၀၀ ခန့်တွင်ရောက်ရှိနေပြီး နေရောင်က ရေထုအား ဖြတ်၍မဝင်လာနိုင်သည့်အတွက် ဤနေရာတွင် အလင်းရောင်အလွန်အားနည်းသည်။ သာမန်လူများအတွက် မှောင်မဲ၍ အုံ့မှိုင်းသည့်ပတ်ဝန်းကျင်က စိတ်ခံစားချက်ကို ကြောက်လန့်မှုခံစားရစေမည်ဖြစ်သည်။

ကျန်းဟန်သည် သူ၏စိတ်ဝိညာဉ်စွမ်းအင်ကို တွန်းအားပေးကာ မျက်လုံးများ၌ လှည့်ပတ်လိုက်ပြီး သူ့ရှေ့နှင့် အနီးတစ်ဝိုက်မြင်ကွင်းကို ကြည့်ရှုလိုက်သည်။

သူ ရေဖော့ကာ ခဏလောက်အနားယူပြီး ဖုန်းကိုထုတ်ကြည့်လိုက်ရာ ဘတ္တရီ ၃၀ ရာခိုင်နှုန်းသာ ကျန်တော့သည်ကို တွေ့လိုက်ရသည်။ မီတာ ၁၅၀၀ သို့ရောက်သည့်အခါ ပင်လယ်အောက်ခြေကို မြင်နိုင်နေပြီဖြစ်၍ အနက်ပိုင်းသို့ ဆက်၍ ကူးလာခဲ့သည်။

ကျန်းဟန်သည် ရှင်းရှင်းလင်းလင်း မမြင်နိုင်တော့သည့် အချိန်၌ ရုတ်တရက် ပုံမှန်မဟုတ်သည့်တစ်စုံတစ်ရာကို တွေ့ လိုက်ရသည်။ သူ၏အောက်ဘက်မြင်ကွင်းမှာ သူ ဖြတ်သန်း လာခဲ့သည့် ပင်လယ်ပိုင်းထက် ပိုမိုမည်းမှောင်နေပြီး ပင်လယ် အောက်ခြေ၌ လဲလျောင်းနေသည့် အနက်ရောင်အကောင်ကြီး ကဲ့သို့ပင်။

ကျန်းဟန် ဖုန်းကိုထုတ်၍ ဖလက်ရှ်မီး ဖွင့်လိုက်သည်။

သို့သော် ရေဝိညာဉ်ကျောက်၏အကာအကွယ်ကြောင့် အလင်းမှာ ပြန့်မသွားချေ။ ထို့ကြောင့် ကျန်းဟန်သည် ရေဝိ ညာဉ်ကျောက်တုံးကို ထိန်းချုပ်ပြီး ဖလက်ရှ်မီးကို ကာကွယ် ထားသည့်အလွှာနေရာအား ဖယ်ရှားလိုက်ရာ အလင်းရောင်က ဖြည်းညှင်းစွာ လင်းလာသည်။ အလင်းရောင်ပေးနိုင်သည့် အကွာအဝေးကို ကန့်သတ်ထားသော်လည်း ကျန်းဟန်အတွက် အောက်ဘက်မြင်ကွင်းကို ဖျက်ခနဲ မြင်လိုက်နိုင်သည်။

၎င်းက နက်ရှိုင်းသည့် မြောင်းတစ်ခုဖြစ်သည်။

သူ နောက်သို့ အနည်းငယ်ပြန်ဆုတ်ကာ မြောင်း၏အစွန်းသို့ သွားလိုက်ပြီး ဘေးသို့ ခဏလောက် ကူးခတ်သွားသည်။ ရုတ်တရက် မြောင်း၏အနက်ပိုင်းမှ အကျပ်အတည်းတစ်ခုကို ကျန်းဟန် ခံစားလိုက်ရသည်။

အောက်ဘက်တွင် တစ်စုံတစ်ခုရှိနေမည်မှာ သေချာ၏။

ကျန်းဟန် အထဲသို့ လှမ်းကြည့်လိုက်သော်လည်း ဆင်းမသွားချေ။

သူ၏လက်ရှိခွန်အားက စူးစမ်းရှာဖွေရန်အတွက် မလုံလောက်ကြောင်း သူသိသည်။

ထိုအချိန်တွင် ကျန်းဟန်၏ခန္ဓာကိုယ်၌ စိတ်ဝိညာဉ်စွမ်းအား သိပ်မကျန်တော့ချေ။ သူ ပြန်ထွက်ခါနီးတွင် ညာဘက်ခြမ်းရှိ မြောင်း၏အစွန်းတွင် အဖုတစ်ခုရှိနေသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။

မြုပ်နေတဲ့သဘော်သလား...

ငင်းက နစ်မြှုပ်နေသည့်သင်္ဘောနှင့်ပုံစံတူသည်။

ပိုင်ချွမ်းပေးတဲ့ ရတနာမြေပုံပေါ်က တည်နေရာအမှတ်တွေလား။ သိပ်တော့မသေချာ။

ပင်လယ်၏ရေိယာမှာ အလွန်ကြီးမားလွန်းပြီး ကမ္ဘာမြေ၏ ၇၀ ရာခိုင်နှုန်းရှိသည်။ ထိုမြောင်းနှင့် ပင်လယ်ကြမ်းပြင်က အလွန် နက်ရှိုင်းခြင်းမရှိဘဲ ပင်လယ်သမုဒ္ဒရာ၏သေးငယ်သည့် ထောင့်ပိုင်းလေးတစ်ခုသာဖြစ်သည်။

ကျန်းဟန် မှောင်ရိပ်ထဲသို့ ကူးခတ်သွားပြီး ကြည့်လိုက်ရာ ငင်းက နစ်မြှုပ်နေသည့်သင်္ဘော သို့မဟုတ် အပျော်စီးသင်္ဘော ငယ်တစ်စီးဖြစ်ကြောင်း တွေ့လိုက်ရသည်။ တစ်ပိုင်းက မြောင်းအစွန်းတွင် တွဲလောင်းကျနေပြီး ကျန်တစ်ပိုင်းက ချောက်ကမ်းပါးအစွန်းတွင်ရှိ သင်္ဘောပျက်တစ်ခုကဲ့သို့ ပင်လယ်အောက်ခြေ၌ ရှိနေသည်။

သဘော်မှာ ပင်လယ်၏တိုက်စားခြင်းကို ခံစားရသည်။ ကျန်းဟန် သဘော်ကိုယ်ပေါ်ရှိ အပေါက်တစ်ခုကိုဖြတ်၍ အထဲဝင်သွားလိုက်သည်။

သူ ပတ်ပတ်လည်အား ကြည့်လိုက်ရာ အရိုးစု တစ်ဒါဇင်ခန့်ကို တွေ့လိုက်ရသည်။ သာမန်လူများဆိုလျှင် ကြောက်လန့်သွားနိုင်သော်လည်း ကျန်းဟန်က ၎င်းကို တွေ့မြင်နေကျဖြစ်ပုံရသည်။

သဘော်တွင် အထပ်သုံးထပ်ရှိ၏။ နောက်ဆုံးတွင်တော့ အောက်ခြေအထပ်၌ တစ်စုံတစ်ခုကို ကျန်းဟန် ရှာတွေ့ခဲ့သည်။

အောက်ခြေရှိ ဒုတိယထပ်၏အတွင်းခန်း၌ သေတ္တာအများအပြားပြန့်ကျဲနေပြီး ရွှေငွေ ရတနာများ မြောက်များစွာရှိနေသည်ကို တွေ့လိုက်ရသည်။

"ရှူး…"

ကျန်းဟန် သူ၏ရတနာအနံ့ခံနှာခေါင်းကို အသက်သွင်းလိုက်ရာ အခန်း၏ညာဘက်ထောင့်မှ စိတ်ဝိညာဉ်ရတနာရနံ့ကို ရုတ်တရက် ရရှိလိုက်၏။ ထိုလမ်းကြောင်းအတိုင်း ကူးခတ်သွားပြီး သေတ္တာငယ်နှစ်လုံးကို ဖွင့်လိုက်ရာ နောက်ဆုံးတွင် လက်ဖဝါးအရွယ် သတ္တုအပိုင်းအစတစ်ခုကို တွေ့ရှိခဲ့သည်။

ကျောက်တုံးပေါ်ရှိ အညစ်အကြေးများကို သုတ်လိုက်ရာ ၎င်း၏အနီရောင်ကိုယ်ထည်ကို တွေ့လိုက်ရ၏။

၎င်းက တိမ်မီးတောက်ကျောက်တုံးဖြစ်လေသည်။

တိမ်မီးတောက်ကျောက်တုံးသည် ပထမအဆင့် စိတ်ဝိညာဉ်ရတနာ မှတ်ဉာဏ်ကျောက်တုံးတစ်ခုဖြစ်ပြီး မိမိကိုယ်ကိုယ်ကုသနိုင်စွမ်း၊ အရည်အသွေးနှင့် စိတ်ဝိညာဉ်လက်နက်များကို ချိတ်ဆက်ပေးနိုင်သည့်စွမ်းရည်ရှိသည်။ အဆင့်နိမ့်ရတနာတစ်ခုအနေဖြင့် သိပ်ပြီး အသုံးမဝင်သော်လည်း ကျန်းဟန်အတွက် ၎င်းကို အနက်ရောင်ကတတ် ၁၈ ကတ်အား ပြုပြင်ရန် အသုံးပြုနိုင်လေသည်။

သတ္တုကို စစ်ဆေးကြည့်ပြီးနောက် ကျန်းဟန် ပြန်ထွက်တော့မည့်အချိန်တွင် သေတ္တာ၏အောက်ခြေမှ လှုပ်ရှားသွားသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။

သေတ္တာအောက်ခြေမှ အလင်းရောင်အနည်းငယ် ထွက်ပေါ်လာသည်။

ကျန်းဟန် သေတ္တာကြီးအား ရွှေ့လိုက်ရာ အချင်းနှစ်မီတာရှိသည့် အပေါက်တစ်ခုကို တွေ့လိုက်ရသည်။

"ကျင့်ကြံခြင်းနေအိမ်လား”

ကျန်းဟန် လက်ကို ဆန့်ကာ ၎င်းကို ထိလိုက်သည်။ အလင်းလှိုင်းက ကာကွယ်ရေးဖွဲ့စည်းပုံတစ်ခုဖြစ်ကြောင်း သိလိုက်သည်။

"သတိပေးချက်နဲ့ ဖုံးကွယ်စွမ်းရည်တွေပါတဲ့ အသေးစားဖွဲ့စည်းပုံတစ်ခုလေးပါပဲ”

ကျန်းဟန် သူ၏စိတ်ဝိညာဉ်စွမ်းအားကို တိုးမြှင့်လိုက်ပြီး ဖွဲ့စည်းပုံထဲသို့ တိုက်ရိုက်ဝင်ရောက်လိုက်သည်။

မြင်ကွင်း ရုတ်ချည်းပြောင်းလဲသွား၏။

ယခု ကျန်းဟန်သည် စတုရန်းမီတာ ၂၀ ခန့်ရှိသည့် ကျောက်တုံးအိမ်တစ်လုံးထဲတွင် ရှိနေသည်။ သူ့ရှေ့တွင် စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် ထိုင်ဖုံတစ်ခုသာ ရှိသည်။ ထိုင်ဖုံပေါ်တွင် အရိုးစုတစ်ခုကို သူ တွေ့လိုက်ရ၏။

"ဒီက စိတ်ဝိညာဉ်ချီခေတ်က…”

ကျန်းဟန်သည် ဤနေရာရှိ စိတ်ဝိညာဉ်ချီသည် ပြင်ပကမ္ဘာထက် အဆတစ်ရာပိုမိုကြွယ်ဝသည်ဟု ခံစားမိသည်။

ကျောက်တုံးအိမ်၏ထောင့်တိုင်းတွင် သလင်းကျောက် အရိပ်အယောင် ၁၈ ခုရှိသည်။

ကျန်းဟန်သည် ၎င်းတို့အား အကြိမ်အနည်းငယ် ကြည့်ရှုလိုက်ပြီးနောက် အရိုးစုမှာ ဤနေရာ၏ပိုင်ရှင်ဟောင်းဖြစ်ပြီး

သူ၏ကျင့်ကြံခြင်းအဆင့်ချိုးဖြတ်ခြင်း ကျရှုံးခဲ့ကြောင်း သိလိုက်သည်။

"သူ့ကို ဘယ်လိုကျင့်ကြံခြင်းနည်းစနစ်ကများ သတ်လိုက်တာလဲ”

ကျန်းဟန် ခေါင်းကို အနည်းငယ် ယမ်းလိုက်၏။ ကျင့်ကြံခြင်းနည်းလမ်းများစွာရှိပြီး အချို့မှာ အလွန်ထိရောက်သော်လည်း အဆင့်မြင့်လာသည်နှင့် ကျင့်ကြံသူအား ပို၍ပို၍ အန္တရာယ်များလာစေသည်။ အဆင့်ချိုးဖြတ်မှုတစ်ခုပြုလုပ်ပြီး ပိုမိုမြင့်မားသည့်အဆင့်သို့ တက်ရောက်သည့်အချိန်၌ သေဆုံးသွားကြသော ကျင့်ကြံသူများ မရေမတွက်နိုင်အောင်ရှိသည်။

ကြွယ်ဝသည့် စိတ်ဝိညာဉ်ချီနှင့် ကျန်းဟန် မြင်ခဲ့သည့်အရာများမှလွဲ၍ ကျောက်တုံးအိမ်ထဲ၌ အခြားဘာမှမရှိချေ။

ကျန်းဟန်သည် သူ၏စိတ်ဝိညာဉ်စွမ်းအားကို ပြန်လည်ကောင်းမွန်သည်အထိ ၁၀ မိနစ်ခန့် တရားထိုင်ခဲ့သည်။ နောက်ဆုံးတွင် သူသည် ကျောက်တုံးအိမ်ကို ကြည့်ကာ တိမ်

မီးတောက်ကျောက်တုံးကို စားပွဲပေါ်တင်၍ လှည့်ထွက်သွားသည်။

ဤကျောက်တုံးအိမ်နှင့်ပတ်သက်၍ ဘာမှ ထူးခြားမှုမရှိချေ။ သို့သော် ဤနေရာရှိ စိတ်ဝိညာဉ်ချီက သူ့အား များစွာအကူအညီဖြစ်စေသည်။ ဥပမာ... အခြေခံတည်ဆောက်ခြင်းဆေးလုံးသန့်စင်ခြင်းပင်။

ယွမ်ချင်သစ်သီးသည် ရင့်မှည့်တော့မည်ဖြစ်ကာ ဆေးဝါးဖော်စပ်ခြင်း၏အောင်မြင်မှုရာခိုင်နှုန်းမှာ ဤနေရာတွင်ဆိုလျှင် ၃၀ ရာခိုင်နှုန်းတိုးလာနိုင်ပြီး ကျန်းဟန်အတွက် မမျှော်လင့်ထားသောပျော်ရွှင်မှုဖြစ်သည်။

သူသည် သဘော်ာပျက်မှ ထွက်လာပြီး ပင်လယ်ရေမျက်နှာပြင်သို့ တန်း၍ ကူးခတ်လာခဲ့သည်။ တည်နေရာကိုဩဒိနိတ်အမှတ်များကို မှတ်သားပြီးနောက် ရေထဲသို့ ထပ်မံခုန်ဆင်းကာ လဆန်းတောင်၏ချောက်ကမ်းပါးဆီသို့ ပြန်သွားခဲ့သည်။

နေ့လည် ၁ နာရီကျော်တွင် သူ စားသောက်ဆိုင်သို့ ပြန်လာခဲ့၏။

စားသောက်ဆိုင်တွင် အချိန်အတော်ကြာ စောင့်နေခဲ့သည့် ကျောက်ဖုန်းက ချောင်လောလောအား ပြန်ခေါ်ရန် လင်းဟိုင်သို့ လူလွှတ်လိုက်သောလည်း အခွင့်အရေးမရကြောင်း ကျန်းဟန်အား ပြောသည်။ သို့သော ချောင်လောလောက မနက်ဖြန်သို့မဟုတ် သန်ဘက်ခါပြန်လာမည်ဟု သတင်းရ၏။

ညနေပိုင်းတွင် ဇီယန်သည် မုန့်မုန့်နှင့်အတူ ထပ်မံရောက်ရှိလာပြီး ကျိုးဖေး၊ လျန်ဟောင်နှင့် လျန်မုန့်ချီတို့လည်း လိုက်လာခဲ့သည်။

ဤတစ်ကြိမ်တွင် ဇီယန်မှာ စိတ်အခြေအနေပိုကောင်းသောလည်း သူမနှင့် မျက်နှာချင်းဆိုင်တွင်ထိုင်နေသည့် လျန်ဟောင်နှင့်သာ စကားပြောနေခဲ့သည်။ ကျန်းဟန်အပေါ် သူမ၏သဘောထားက ပို၍ပင်အေးစက်နေပြီး သူ့အား

လုံးဝဂရုမစိုက်ဘဲ သူပြင်ပေးထားသည့် အစားသောက်များကို မစားဘဲနေသည်။

ကျန်းဟန်သည် ဇီယန်အား အခြားယောက်ျားများနှင့် ရင်းနှီးနေသည်ကို သဘောမကျသည့်အတွက် တစ်ချိန်လုံး မျက်မှောင်ကြုတ်နေခဲ့သည်။

အစ်ကိုဖြစ်သူ၏အမူအရာကိုမြင်တော့ ကျန်းလီက ဒေါသတကြီးဖြင့် လျန်ဟောင်၏စားပွဲဆီသို့ လျှောက်သွားသည်။

"ကျွန်မနဲ့လိုက်ခဲ့" ကျန်းလီက လျန်ဟောင်အား ပြောသည်။

"အာ... အင်း" လျန်ဟောင်က ပြုံးကာ ခေါင်းညိတ်လိုက်သော်လည်း လီလီသည် သိပ်ပြီး ဖော်ဖော်ရွေရွေမရှိကြောင်း ခံစားမိသည်။

ကျန်းလီ စားသောက်ဆိုင်ထဲမှ ထွက်လာပြီး မီတာ ၅၀ အကွာထိ လမ်းလျှောက်ပြီးနောက် ရပ်တန့်လိုက်သည်။ သူမ

လျန်ဟောင်အား စိုက်ကြည့်ကာ "ဇီယန်က ဘယ်သူလဲ ရှင်သိလား"

"အမ်" လျန်ဟောင် အံ့အားသင့်သွားသည်။ သူမ ဘာပြောချင်တာလဲ။ ဇီယန်က သူနဲ့သိတဲ့ကောင်မလေးမဟုတ်လား။

"သူမက ကျွန်မယောင်းမ။ ကျွန်မယောင်းမ" ကျန်းလီက ဒေါသတကြီးဖြင့် ပြောသည်။ "သူတို့အခုရန်ဖြစ်ထားကြပေမယ့် ကျွန်မယောင်းမပဲ။ ကျွန်မအစ်ကိုရဲ့မိန်းမ။ သူတို့မှာ ကလေးရှိတယ်။ ရှင် ဘာလုပ်ချင်တာလဲ။ ကျွန်မယောင်းမကို ဆွဲဆောင်ဖို့ကြိုးစားနေတာ ရပ်လိုက်လို့မရဘူးလား။ ရှင် ဘယ်လောက် စိတ်တိုစရာကောင်းလဲသိလား"

ကျန်းလီ၏စကားကြောင့် လျန်ဟောင် ရှက်ရွံ့သွားသည်။ သူ ခေါင်းယမ်းကာ "ဇီယန်က စိတ်ဓာတ်ကျနေလို့။ သူမရဲ့ သူငယ်ချင်းတစ်ယောက်အနေနဲ့ သူမကို ကူညီပြီး နှစ်သိမ့်ပေးချင်ရုံပါ"

အရင်က လျန်ဟောင်အား မည်သူမျှ ထိုသို့မပြောရဲကြသော်လည်း ကျန်းလီ၏ အရိုင်းဆန်သည့်သတိပေးမှုက သူ့အား ပို၍စိတ်ဝင်စားဖို့ကောင်းသည်ဟု ခံစားလာစေသည်။

ငါသူမကို သဘောကျလို့ဖြစ်လိမ့်မယ်။ ငါက လူယုတ်မာ မဟုတ်ပါဘူး...

လျန်ဟောင် သူ့ဘာသာသူ ပြုံးလိုက်၏။

သူ၏စကားကိုကြားတော့ ကျန်းလီက နှာခေါင်းရှုံ့လိုက်ပြီး "အဲဒါ ရှင်နဲ့ဆိုင်လား။ ကျွန်မယောင်းမနဲ့ သိပ်ပြီးနီးနီးကပ်ကပ် မနေနဲ့ မဟုတ်ရင် ရှင် အဲဒါအတွက် ပြန်ပေးဆပ်ရမယ်"

ကျန်းလီ ပြောပြီးသည်နှင့် စားသောက်ဆိုင်ဘက်သို့ လှည့်ပြန်လာသည်။ ထိုသို့ပြောခြင်းက ရိုင်းမှန်း သူမ သိသော်လည်း သူမအစ်ကို၏အမူအယာကိုမြင်သည့်အချိန်တွင်တော့ သူမ လွန်သွားလျှင်ပင် ၎င်းကို လုပ်မိပေဦးမည်။

"ဟူး..."

လျန်ဟောင် ခေါင်းကိုအသာယမ်းကာ ကောင်မလေး နောက်မှလိုက်ပြီး စားသောက်ဆိုင်ဆီသို့ ပြန်လာခဲ့သည်။

လျန်ဟောင် ပြန်ထိုင်လိုက်ပြီးနောက် ကျန်းလီက သူ့အား စိုက်ကြည့်နေသည်ကိုသတိပြုမိကာ စကားပြောချင်စိတ်မရှိေ တော့။ ဇီယန်သည် တစ်ခုခုထူးဆန်းနေသလို ခံစားလိုက်ရပြီး တိတ်ဆိတ်သွား၏။ မုန့်မုန့် ထမင်းစားပြီးသည်နှင့် မိနစ် အနည်းငယ်ကြာ ထိုင်ပြီးနောက် ကျိုးဖေးက မုန့်မုန့်အား ပြန် ရန် ပြောသည်။

သူတို့ ထွက်သွားပြီးနောက် တစ်နာရီအကြာတွင် ကျိုးဖေး ထံမှ သတင်းကို ကျောက်ဖုန်း ရရှိခဲ့သည်။

မကြာသေးမီရက်များအတွင်း ဟုန်ချီထောင်သည် တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီနှင့် ညှိနှိုင်းခဲ့ပြီး နောက် တစ်နေ့တွင် အပြီးသတ်ဆွေးနွေးရန် ပြင်ဆင်နေသည်။ ဇီယန် သည် ဟုန်ချန်းကုမ္ပဏီသို့ မဝင်ချင်ကြောင်း သိနေသဖြင့် လျန် ဟောင်က ဇီယန်၏စာချုပ်ကို ဖျက်သိမ်းကာ သူမ၏ကိုယ်ပိုင်

စတူဒီယိုထူထောင်ရန်အတွက် တစ်စုံတစ်ယောက်ကို ရှာဖွေရန် စီစဉ်နေသည်။ လျန်ဟောင်သည် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းကိစ္စရပ်များကို ကိုင်တွယ်ရန် တာဝန်ယူခဲ့သည်။ စတူဒီယိုစတင်လည်ပတ်ပြီး အမြတ်ရရှိသည့်အခါ သူ အမြတ်ဝေစုရရှိနိုင်သည်။ တစ်နည်းဆိုရသော် သူသည် ဇီယန်နှင့် ကုမ္ပဏီတစ်ခု ထူထောင်ရန်ပြင်နေခဲ့သည်။

ကျန်းဟန်သည် အစီအစဉ်အား တိုက်ရိုက်ငြင်းပယ်ခဲ့သည်။ အမည်မသိနာမည်ဖြင့် ဘဏ်ကတ်တစ်ခုပြင်ဆင်ကာ ယွမ် သန်း ၃၀၀ အပ်နှံရန် ကျောက်ဖုန်းအား ခိုင်းစေခဲ့သည်။

ငါက ဇီယန်ရဲ့ယောက်ျားလေ...

သူမက တခြားသူတွေနဲ့ အလုပ်တွဲလုပ်ချင်သေးတာလား...

သူမ ငါ့ကို နောက်နေတာလား...

နောက်တစ်နေ့ မွန်းလွဲ ၁ နာရီခွဲတွင်...

တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီ၏အစည်းအဝေးခန်းမ၌ အရေးကြီးအစည်းအဝေးတစ်ခု ကျင်းပတော့မည်ဖြစ်သည်။

-အပိုင်း(၅) အခန်း(၃၈၉)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၆) အခန်း(၃၉၀-က) ချောင်မိသားစုကို သွားကြမယ်(၁)

ဒါရိုက်တာဘုတ်အဖွဲ့ဝင် ၉ ယောက်တွင် ၈ ယောက်တက်ရောက်လာပြီး အစည်းအဝေးစားပွဲ၏ဘေးတွင် ထိုင်နေကြသည်။

အခြားတစ်ဖက်မှအဖွဲ့ကို ဟုန်ချီထောင်က ဦးဆောင်ပြီး ဟုန်ချန်းက လက်ထောက်ဖြစ်သည်။ နောက်ထပ် ကြန့်ကြာမနေချင်ကြတော့ဘဲ အားလုံးက ရလဒ်ထွက်ပေါ်လာရန်

မျှော်လင့်ထားကြသဖြင့် ယနေ့ ပျက်ကွက်သူ မရှိသလောက် ပင်။

ယွမ်ရင်ဥယျာဉ်၌…

လျန်ဟောင်သည် Escalade ကို ဦးဆောင်မောင်းနှင်ကာ နောက်တွင် ဇီယန်၏ Mercedes တစ်စီးနှင့် လန်ယွဲ့နှင့်အခြား သူများ၏ Mercedes နှစ်စီးလိုက်ပါလာသည်။

Escalade ၏ ခရီးသည်ခုံတွင် လျန်ဟောင်နှင့် စကားပြော နေသည့် သက်လတ်ပိုင်းလူတစ်ဦးရှိသည်။

ထိုလူသည် ယနေ့ တော်ဝင်အန်တာတိတ်မ နို့၏အစည်းအဝေးသို့ မတက်ရောက်သော ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်ဖြစ်ပြီး လျန်ဟောင်၏စီးပွားရေးပါတနာတစ် ယောက်ဖြစ်သည်။

လျန်ဟောင်သည် ကြိုတင်ပြင်ဆင်၍ ထိုနေရာသို့သွား နေသည်မှာ ထင်ရှားပေသည်။

သူ၏စရိုက်ကြောင့် သူ ကူညီရန်ရွေးချယ်လိုက်ကတည်းက အတတ်နိုင်ဆုံး အကောင်ဆုံးကူညီမည်ဖြစ်သည်။

ဟောင်ကောင် တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီအတွင်း၌...

အစည်းအဝေးအကြောင်းကို ဝန်ထမ်းများ အချင်းချင်းပြောဆိုနေကြသည်။

ဒါရိုက်တာဘုတ်အဖွဲ့ဝင်ရှစ်ဦးစလုံးနှင့် ဖျော်ဖြေရေးနယ်ပယ်မဟာပုဂ္ဂိုလ်ကြီးဟောင်း ဟုန်ချီထောင်တို့၏အစည်းအဝေးက မည်မျှအရေးပါသည်ကို တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီ၏ဝန်ထမ်းအားအားလုံး သိရှိကြသည်။

"သူဌေးဟုန်က ဒီကိုရောက်လာပြန်ပြီ။ ကြည့်ရတာ သူတို့ဒီနေ့ ဆုံးဖြတ်ချက်ချမယ်ထင်တယ်။ သူဌေးဟုန်က အစ်မဇီယန်နဲ့ စာချုက်ချုပ်ဖို့ဆုံးဖြတ်ထားတာ”

"ဟုတ်တယ်။ အစ်မယန်က စူပါစတားတစ်ယောက်ဖြစ်လာမှာ သေချာတယ်။ အင်း... နောက်မှ အဲဒါကို ပြောကြမယ်။ သွားကြရအောင်"

ရှလောယွီကိုမြင်လိုက်သည်နှင့် ဝန်ထမ်းမိန်းကလေးနှစ်ဦးက အသံကိုလျှော့ကာ လျင်မြန်စွာ ထွက်သွားကြသည်။

ရှလောယွီ ခါးသီးစွာ ပြုံးလိုက်မိသည်။ ယခု သူမ ဇီယန်နှင့် လုံးဝမယှဉ်နိုင်တော့ကြောင်း ဝန်ခံလိုက်ရသည်။

ဇီယန်အား မနာလိုမဖြစ်ရဲတော့ဘဲ သူမနှင့် ဇီယန်ကို မနှိုင်းယှဉ်ဝံ့တော့။ နောက်ဆုံးအကြိမ် သင်ခန်းစာရထားသည်ကို သူမ မှတ်မိနေသေးသည်။

တစ်ချိန်က ဇီယန်အား မက်ဆေ့ချ်ပို့ပေးခဲ့သည့် လုဇီသည်တော့ သူ့အိုင်ဒေါ၏ အနုပညာလမ်းကြောင်း တိုးတက်လာသည်ကိုမြင်ပြီး အလွန်ပျော်ရွှင်နေသည်။

ယခုအချိန်တွင် ဖျော်ဖြေရေးကုမ္ပဏီများအားလုံးက ဇီယန်အား လိုချင်နေကြကြောင်း သူတို့သိကြ၏။ တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီမှာ ဆက်နေရန်ရွေးချယ်လျှင် သူမက သေချာပေါက် နံပါတ်တစ် အမျိုးသမီးကြယ်ပွင့်ဖြစ်လာမည်ဖြစ်သည်။ သူမ ဟုန်ချီထောင်၏ကုမ္ပဏီသို့ ထွက်သွားပါက သူမအား ပျိုးထောင်ပေးရန် အရင်းမြစ်မျိုးစုံကို အသုံးချမည်ဖြစ်ပြီး မကြာမီ စူပါစတားတစ်ယောက်ဖြစ်လာမည်ဖြစ်သည်။

"အစ်မယန် လာနေပြီ။ အဲဒါ ဒါရိုက်တာဟူမလား။ သူလည်း လိုက်လာတာပေါ့"

"လူချောလေးတစ်ယောက်လည်းပါတယ်"

ဝန်ထမ်းများအားလုံး ဆွေးနွေးကြသည်။ ဇီယန်နှင့်သူမ၏အဖွဲ့ နီးကပ်လာတော့ စကားများ ရပ်တန့်လိုက်ပြီး သူမအား နှုတ်ဆက်ကြသည်။

"အစ်မဇီယန်"

"ဒါရိုက်တာဟူ၊ အစ်မယန်"

စိတ်အားထက်သန်နေသည့်လူအုပ်ကြီးရှေ့တွင် ဇီယန်သည် အသာခေါင်းညိတ်ပြလိုက်သည်။ သူမ၏မျက်နှာမှာ ဖြူဖျော့နေပြီး မျက်တွင်းကျနေ၏။ သူမ၏လှပသည့်မျက်လုံးများက နီရဲ၍ ရောင်ရမ်းနေသေးသဖြင့် ယနေ့တွင် အနက်ရောင်နေကာမျက်မှန်ကို တပ်ဆင်ထားသည်။ ထို့ကြောင့် လူအုပ်သည် သူမ၏မျက်လုံးများကို ရှင်းရှင်းလင်းလင်း မမြင်ကြချေ။

လူအုပ်သည် အစည်းအဝေးခန်းဆီသို့ အမြန်လျှောက်သွားကြ၏။

အစည်းအဝေးခန်းထဲတွင် ဆွေးနွေးမှုမစတင်သေးချေ။ အားလုံးက စကားစမည်ပြောရင်း အဓိကလူကို စောင့်နေကြသည်။

"အစ်ကိုဟုန် မင်းက ငါတို့ရဲ့လူကို ဖယ်ထုတ်ကို တကယ်ကို စိတ်ပိုင်းဖြတ်ထားပုံရတယ်" တော်ဝင်အန်တာတိတ်မန့်၏ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ဟူး... မစ္စတာဟုန် အဲဒါက မလိုအပ်ပါဘူးဗျာ။ ဇီယန်က ဒီမှာလည်း အကောင်းဆုံးရင်းမြစ်တွေ ရနိုင်ပါတယ်"

"ဟုတ်တယ်။ ပိုက်ဆံတင်မကဘူး ငါတို့အားလုံးက သူမ အတွက် အများကြီး မျှော်လင့်ချက်ထားထားတာ"

မာစတာကျန်းက ဇီယန်၏ကျောထောက်နောက်ခံ ဖြစ်သည်ကို သိရှိနေသဖြင့် သူတို့အားလုံး မာစတာကျန်းနှင့် ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းကာ အစွမ်းအထက် အကူအညီရရှိရန် ကြိုးစားနေကြသည်။

"ငါ မင်းတို့ကို အရှက်ရအောင်လုပ်ချင်တာမဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ငါတို့ အတူတူစီးပွားရေးလုပ်ဖို့လိုသေးတယ်လေ" ဟုန်ချီထောင်က ခေါင်းယမ်းပြီး "ဇီယန်ရဲ့ခင်ပွန်းက ငါတို့မိသားစုရဲ့ ကျေးဇူးရှင်ပါ။ သူ့ကျေးဇူးကို ပြန်ဆပ်ဖို့တင်မက ဘဲ ဇီယန်နဲ့ငါတို့ရဲ့ ဆက်ဆံရေးကိုလည်း ထည့်စဉ်းစားရတယ် လေ"

"အခုချိန် အကုန်လုံးကိုပြောဖို့က လိုပါသေးတယ်။ အခု ဇီယန်ရဲ့ ကိုယ်ပိုင်အမြင်ကို ငါတို့သိချင်တယ်လေ။ သူမရွေးချယ်မှုက ဘာပဲဖြစ်ဖြစ် တော်ဝင်အန်တာတိတ်မန့်က သူမရဲ့အတွေးကို လေးစားမှုထားမှာပါ" အခြား ဘုတ်အဖွဲ့ဝင်တစ်ယောက်က ပြောသည်။

"သူတို့လာပြီ"

ရုတ်တရက် ဘုတ်အဖွဲ့ဝင်တစ်ယောက်က တံခါးဆီသို့ လှမ်းကြည့်သည်။

သူတို့ လှည့်ကြည့်လိုက်ရာ ဒါရိုက်တာဟူ ဦးဆောင်သည့်နောက်တွင် လျန်ဟောင်၊ ဇီယန်နှင့် ကျိုးဖေးတို့ လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

သူတို့ဝင်လာသည့်အချိန်တွင် သူတို့ထဲမှလေးယောက်က ဘယ်လက်ရှိ ထိုင်ခုံများ၌ တန်း၍ ဝင်ထိုင်လိုက်သည်။

အားလုံးက ဇီယန်အား ကြည့်နေကြသော်လည်း သူမက အေးစက်နေပြီး သူမ၏နေကာမျက်မှန်ကိုမချွတ်ချေ။

"မိတ်ဆက်ပေးပါရစေ” ဒါရိုက်တာဟူက သူ့ဘေးနားရှိ လျန်ဟောင်ကို ညွှန်ပြသည်။ "ဒါက စကော်ပူနိုင်ငံ လျန်မိသားစု ရဲ့ သခင်လေး လျန်ဟောင်ပါ။ သူက မိသားစုကုမ္ပဏီသုံးခုကို တာဝန်ယူခဲ့ပြီး နှစ်နှစ်အတွင်း သူတို့ရဲ့ဝင်ငွေကို နှစ်ဆတိုး အောင်လုပ်နိုင်ခဲ့တယ်။ ကျုပ်ရဲ့ပါတနာ ဒီလို စီးပွားရေးပါရမီ ရှင်က အခု ဇီယန်ရဲ့ကိုယ်စားလှယ်အဖြစ် ဒီကိုရောက်လာတာ ပါ”

"ခင်ဗျား ကျုပ်ကို မြှောက်ပြောလွန်းနေပါပြီ” လျန်ဟောင် က မတ်တပ်ထရပ်ကာ ပြုံး၍ နှုတ်ဆက်သည်။ "အားလုံးပဲ မင်္ဂလာပါ”

ထိုနောက် သူ ပြန်ထိုင်ကာ စဉ်းစား၍ ပြောလိုက်သည်။ "ဒီနေ့ ဇီယန်ရဲ့ကိုယ်စား ကျုပ်ဒီကိုလာတာပါ။ ကျုပ်ပြောသမျှ က သူမဖြစ်ချင်တာတွေပါပဲ။ ပထမဆုံးအနေနဲ့ မစ္စတာဟုန်ရဲ့

မျှောင်လင့်အချက်နဲ့ သူမကို လေ့ကျင့်ပေးခဲ့တဲ့ တော်ဝင် အန်တာတိတ်မန့်ကို ကျေးဇူးတင်ပါတယ်။ ဒါပေယ့် ကံမ ကောင်းစွာနဲ့ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် တော်ဝင် အန်တာတိတ်မန့်နဲ့ စာချုပ်ဖျက်သိမ်းဖို့ ရွေးချယ်ခဲ့ပြီး လောလောဆယ် တခြားကုမ္ပဏီနဲ့ စာချုပ်ချုပ်မှာ မဟုတ်ပါ ဘူး”

သူပြောလိုက်သည်နှင့် အားလုံး၏အမူအရာများ အေးခဲ သွားကြသည်။

ဟုန်ချီထောင် ခေါင်းယမ်းကာ ပြုံးလိုက်သည်။ သူ ဇီယန် အား ကြည့်လိုက်ပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ "ဇီယန် သမီးစိတ်ဆုံးဖြတ်ပြီးသွားပြီလား”

သူတို့၏ဆက်ဆံရေးက ကောင်းမွန်သည့်အတွက် ဤကိစ္စ နှင့်ပတ်သက်၍ ဇီယန်၏အမြင်ကို သူသိချင်နေသေးသည်။ စာချုပ်ချုပ်လိုလျှင် သူတို့နှင့် သူမကိုယ်တိုင် ညှိနှိုင်းနိုင်သည်။

သူမ စာချုပ်မချုပ်လိုလျှ သူတို့ သူမအား ဖိအားပေးမည်မဟုတ်ချေ။

ဇီယန်က ကုမ္ပဏီမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် တော်ဝင်အန်တာတိတ်မန့်၏ဒါရိုက်တာများ အကူအညီမဲ့သွားကြသည်။

တစ်ချိန်တည်းမှာပင် သူတို့ ယခင်က ဇီယန်အပေါ် သဘောထားမကောင်းခဲ့သည့်အတွက် အနည်းငယ် နောင်တရသွားကြ၏။ သူမအား ရိုးရိုးသားသားဆက်ဆံခဲ့မည်ဆိုလျှင် ယခုလိုဖြစ်လာမည်မဟုတ်ချေ။

၎င်းကိုတွေးရင်း ဝူချန်းဒုန်က ဥက္ကဌရာထူးအတွက် အရည်အချင်းပြည့်မီရဲ့လားဟု ဒါရိုက်တာတော်တော်များများ တွေးမိကြသည်။

"ဟုတ်ကဲ့ ကျွန်မ ဆုံးဖြတ်ပြီးပြီ" ဇီယန်၏အသံမှာ ခါတိုင်းထက် များစွာတိုးလျှနေပြီး အနည်းငယ် တုန်ယင်နေ၏။ "ကျွန်မ အနားယူချင်တယ်"

"ဒါက... ဒါဆို မင်း ကမ်းဘက်မလုပ်တော့ဘူးလား” ဘုတ်အဖွဲ့ဝင်တစ်ယောက်က မေးသည်။

"သူမ ကမ်းဘက်လုပ်မှာပါ။ ဒါပေမယ့် ဘယ်လောက်ကြာကြာ အနားယူမလဲ မသိတာကြောင့် သူမရဲ့ကိုယ်ပိုင်စတူဒီယိုကို တည်ထောင်ဖို့ ကျွန်တော် သူမကို ကူညီပေးမှာပါ” လျန်ဟောင်က ပွင့်လင်းစွာပြောသည်။

နောက်ဆုံးတွင် ဇီယန်မှာ ဤနယ်ပယ်၌ အလုပ်လုပ်နေဆဲဖြစ်ပြီး ဖုံးကွယ်ထားရန်မလိုချေ။ လျန်ဟောင်က ဤကိစ္စအတွက် အခက်အခဲမရှိဟု ခံစားရသဖြင့် ဤကြေငြာချက်ကို တန်း၍ ကြေငြာလိုက်သည်။

"ဒါကြောင့် ကျုပ်တို့ စာချုပ်ဖျက်သိမ်းဖို့ ဒီကိုရောက်နေပေမယ့် ကျုပ်တို့က မိတ်ဆွေတွေဖြစ်နေဆဲပါ။ ဇီယန်မှာ သူမရဲ့ကိုယ်ပိုင်စတူဒီယိုရှိရင်တောင် အချင်းချင်း ပူပေါင်းဆောင်ရွက်မှုတွေရှိလာနိုင်ပါတယ်”

"အခုတော့ စာချုပ်ရပ်စဲဖို့ ကျသင့်ငွေ ကျုပ်တို့ ဘယ်လောက်ပေးရမယ်ဆိုတာကို တန်းပြီး ပြောနိုင်ပါပြီ" လျန်ဟောင်က ပြုံးကာ ပေါ်သည်။

သူပြောပြီးသည်နှင့် ဒါရိုက်တာများ အချင်းချင်းဆွေးနွေးကြသည်။

"အဟမ်း…" ဒါရိုက်တာဟူက အသာချောင်းဟမ့်လိုက်ပြီး "ကျုပ်တို့က အမြဲတမ်းမိတ်ဆွေတွေဖြစ်သွားနိုင်မယ်လို့ ကျုပ်ထင်တယ်။ စာချုပ်ဖျက်သိမ်းခြင်းအတွက် ဧယန်ကို ခင်မင်ရင်းနှီးမှုဈေးနဲ့ ပေးသင့်တယ်"

"မင်းပြောတာ အဓိကကျပေမယ့်" ဒါရိုက်တာလီက ခေါင်းယမ်းပြီး "ဧယန်ရဲ့တန်ဖိုးက ယွမ်သန်း ၃၀၀ ထက်ကျော်လွန်တယ်။ သူမက စာချုပ်အပြည့်ချုပ်ထားတာ။ သူမကို သွားခွင့်ပြုဖို့က…"

ဒါရိုက်တာဘုတ်အဖွဲ့တင်များ ကန့်ကွက်မှုများ ညှိနှိုင်းမှုများဖြင့် အချိန်အတော်ကြာ ဆွေးနွေးပြီးနောက် ဝါအရင့်ဆုံးဒါရိုက်တာလျိုက ဒါရိုက်တာဘုတ်အဖွဲ့ကိုယ်စား ပြောသည်။

"စာချုက်ဖျက်သိမ်းခြင်းနစ်နာကြေးကို ယွမ် ၁ ဘီလီယံ သတ်မှတ်တယ်။ ဒါပေမယ့် မင်း ငွေသားနဲ့ပေးစရာမလိုပါဘူး။ မင်းရဲ့စတူဒီယိုကို တည်ထောင်ပြီးရင် ဒီယွမ် ၁ ဘီလီယံက ငါတို့ရဲ့ ရှယ်ယာဖြစ်လာနိုင်တယ်"

"ရှယ်ယာတွေလား" လျန်ဟောင် အနည်းငယ် အံ့အားသင့်သွားသည်။ တိတ်ဆိတ်နေသည့်ဇီယန်ကို ကြည့်လိုက်ပြီးနောက်ဆုံးတွင် သူ ခေါင်းယမ်းကာ "ဇီယန်ရဲ့အနာဂတ်ကို မသိရသေးတဲ့အတွက် စာချုပ်ဖျက်သိမ်းပြီး နစ်နာကြေးအတွက် ယွမ် သန်း ၁၀၀ ပေးလိုက်တာ ပိုကောင်းမယ်"

ထိုအချိန်တွင် အစည်းအဝေးခန်းတံခါး ပွင့်သွား၏။

ဘယ်သူက ဒီလောက် ယဥ်ကျေးမှုမရှိလဲဟု တော်ဝင်အန်တာတိတ်မန့်ဘုတ်အဖွဲ့ဝင်များ မကျေမနပ် မျက်မှောင်ကြုတ်လိုက်ကြသည်။

ၫင်းက ဘယ်သူလဲ မြင်လိုက်ရသည့်အခါ အားလုံး အံ့အားသင့်သွားကြပြီး လှိုက်လှိုက်လှဲလှဲ ပြုံးပြကြ၏။

အဘယ်ကြောင့်ဆိုသော် အချို့သောလူများမှာ စည်းမျဥ်း များဖြင့် ကန့်သတ်ထားခံရခြင်းမရှိချေ။

တစ်နည်းဆိုရသော် စည်းမျဥ်းစည်းကမ်းများကို ချိုး ဖောက်ရန်အတွက်က သင့်တွင် ထိုသို့ချိုးဖောက်နိုင်သည့် စွမ်းအား ရှိမရှိအပေါ်တွင် မူတည်လေသည်။

ရောက်ရှိလာသည့်လူအတွက်ကား... သူ့တွင် ထိုသို့ စွမ်းအားရှိပေသည်။

ကျန်းဟန် တစ်ယောက်တည်း ဝင်လာခဲ့ပြီး ကျောက်ဖုန်း နှင့် အခြားသူများအား တံခါးအပြင်ဘက်တွင် ထားခဲ့သည်။

"မစ္စတာကျန်း” အပြင်ဘက်ခြမ်းတွင် ထိုင်နေသည့် ဒါရိုက်တာလျိုက ပြုံးကာ နှုတ်ဆက်သည်။

သို့သော် ကျန်းဟန်က သူ့အား ဂရုမစိုက်ချေ။

ဇီယန်အပါအဝင် ရှိနေသည့်လူအားလုံး ကျန်းဟန်အား ကြည့်နေကြ၏။

ထိုအမျိုးသားက သူ၏အိတ်ကပ်ထဲမှ ဘဏ်ကတ်ကို ထုတ်ယူလိုက်ပြီး ဖြည်းညှင်းစွာ ပြောလိုက်သည်။ "ဒီယွမ် သန်း ၃၀၀ က ငါ့မိန်းမရဲ့ စာချုပ်ဖျက်သိမ်းမှု လျော်ကြေးပဲ”

ထိုနောက် ဘဏ်ကတ်ကို အစည်းအဝေးစားပွဲပေါ် တင်လိုက်သည်။

ထိုနောက် ဇီယန်ဆီသို့ လျှောက်သွားပြီး "ကိုယ်နဲ့လိုက်ခဲ့” ဟု ပြောသည်။

ဇီယန်အား ငြင်းဆန်ရန်အခွင့်အရေးမပေးဘဲ ဇီယန်၏လက်ကောက်ဝတ်ကို ဆွဲကာ လျှောက်ထွက်လာခဲ့သည်။

ဇီယန် သူမ၏လက်ကို ပြန်ဆွဲယူချင်သော်လည်း သူမ မည်မျှပင် ကြိုးစားပါစေ အသုံးမဝင်ချေ။ နောက်ဆုံးတွင် ကျန်းဟန် သူမအား ခေါ်ထုတ်သွားခဲ့၏။

"ဒါက…"

အစည်းအဝေးခန်းထဲရှိ လူများ တစ်ယောက်ကိုကုတစ်ယောက် အူကြောင်ကြောင်မျက်နှာများဖြင့် ကြည့်လိုက်ကြသည်။

"ဒါက တဲ့တိုးဆန်လွန်းမနေဘူးလား"

"သူက လျော်ကြေးငွေပေးပြီး ထွက်သွားတာလား"

"ငါတို့နဲ့ ညှိနှိုင်းဖို့ မလိုတော့ဘူးလား"

"ငါတို့ သူ့ကို ခင်မင်ရင်းနှီးမှုအနေနဲ့ လျှော့ဈေးပေးမှာပါ ဟ"

ကျိုးဖေးက သူတို့နှစ်ယောက် ပြန်လည်သင့်မြတ်ရန် အခွင့်အရေးကောင်းဟု တွေးလိုက်မိသောကြောင့် အိတ်ကို ကောက်ကိုင်ကာ တံခါးဆီ လျှောက်သွားရင်း ပြောလိုက်သည်။ "တောင်းပန်ပါတယ် ဒါရိုက်တာတို့။ ကျွန်မတို့ရွေးချယ်မှုက ကျွန်မရဲ့ခဲအိုပြောသလိုပဲ စာချုပ်ဖျက်သိမ်းတာပါ"

"စာချုပ်ဖျက်သိမ်းတာ..."

ကျန်းဟန်သည် သူတို့၏အစီအစဉ်များကို ကြားဖျက်သွားသည်ကို သူတို့ မယုံနိုင်ဖြစ်နေကြသည်။

"အင်း... ကျုပ် ဒီအကြောင်း ပြောဖို့မလိုပါဘူး။ နောက်မှ တွေ့မယ်"

လျန်ဟောင် သူတို့အား ခါးသီးစွာပြုံးပြကာ အခန်းထဲမှ ထွက်သွားသည်။

လမ်းလျှောက်နေရင်း လျန်ဟောင် အတွေးနက်နေ၏။

ကျန်းဟန်၏သဘာဝအရ သူသည် လျော်ကြေးငွေကို အပြည့်အဝပေးခဲ့၏။ သူသာ စီးပွားရေးလုပ်ငန်းလုပ်လျှင် သေချာပေါက် အရှုံးပေါ်ပေလိမ့်မည်။

၎င်းက… အလွန်ရဲတင်းလွန်းသည်။

လျန်ဟောင် ပြုံးကာ ခေါင်းယမ်းလိုက်၏။ ၎င်းအတွက်ကြောင့် ကျန်းဟန်က စိတ်အခြေအနေကောင်းမွန်မနေသည့် ဇီယန်အား ခေါ်ထုတ်သွားနိုင်ခဲ့သည်။ သူ ဇီယန်အား ခေါ်သွားသဖြင့် နောက်ဆုံးတွင် ကျန်းဟန် သူမနှင့် စကားပြောခွင့်ရသွားခဲ့သည်။

သူတို့ ပြန်အဆင်ပြေကြဖို့မျှော်လင့်တယ်။ ထမင်းကြော်မစားရတာ ရက်တော်တော်ကြာပြီ။ ငါတကယ် ထမင်းကြော်ကို လွမ်းနေပြီဟာ…

လျှန်ဟောင် သက်ပြင်းချလိုက်ပြီး ကျော်ဖုန်းနှင့် အခြားသူများကိုတွေ့ရန် အစည်းအဝေးခန်းထဲမှ ထွက်လာခဲ့သည်။ သူတို့၏မျက်လုံးများက ကော်ရစ်ဒါ၏ညာဘက်သို့ လှည့်သွားကြ၏။

ကျန်းဟန်က ဇီယန်ကို ထောင့်သို့ ဆွဲခေါ်သွားသည်။ သူတို့ ၎င်းကို မမြင်နိုင်သောလည်း အံ့ဩစရာရှိမရှိကိုတော့ ကြားချင်ကြ၏။

"ကျွန်မလက်ကိုလွှတ်"

ကျန်းဟန်က သူမ၏လက်ကောက်ဝတ်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားသည့်အတွက် ဇီဘန် ကော်ရစ်ဒါထောင့်သို့ ဆွဲခေါ်ခံခဲ့ရသည်။ ကျန်းဟန်၏ပိတ်ရပ်ထားခင်းကို ခံရပြီး သူမ ထိုအမျိုးသားနှင့်မျက်နှာချင်းမဆိုင်ချင်သည့်အတွက် ပျာယာခတ်သွားသည်။

"ကျွန်မ လက်နာနေပြီ"

ဇီယန် နံရံကို မှီလိုက်ပြီး သူမ၏အသံတွင် နာကျည်းမှု၊ စိတ်ပျက်မှုနှင့် ဝမ်းနည်းမှုတို့ရှိနေသည်။

၎င်းကို ကြားတော့ ကျန်းဟန် သူ၏လက်ကို ပြန်ရုတ်လိုက်သည်။

"ဇီယန် ကိုယ့်ကိုယုံပါ ကိုယ်....”

"ကျွန်မလည်း ရှင့်ကို ယုံကြည်ချင်ပါတယ်။ ဒါပေမယ့် အခု ကျွန်မ ရှင်နဲ့မတွေ့ချင်ဘူး။ ဒီလိုမလုပ်ပါနဲ့။ ကျွန်မကို ခဏလောက် လွှတ်ထားပေးပါ”

ဇီယန် ကျန်းဟန်အားကြည့်ပြီး ရှိုက်ငိုသည်။ ကြည်လင်သည့်မျက်ရည်စီးကြောင်းနှစ်ခုက သူမ၏ပါးပြင်ပေါ်သို့ ဖြည်းညှင်းစွာ စီးကျလာသည်။

ကျန်းဟန် အလွန်ဝမ်းနည်းသွား၏။ ဇီယန်၏ပါးပြင်ပေါ်မှ မျက်ရည်များကို သုတ်ရန် လက်လှမ်းလိုက်သော်လည်း ဇီယန်က ရှောင်ဖယ်သွားသည်။

ကျန်းဟန် အသက်ပြင်းပြင်းရှူလိုက်ပြီး "ကိုယ့်ကို အချိန် သုံးရက်ပေးပါ" ဟု ပြောလိုက်သည်။

ထိုနောက် ကျန်းဟန် လှည့်ထွက်သွား၏။ ယခုအချိန် သူ ဘာပြောပြော အသုံးမဝင်ကြောင်း သူသိသည်။

ကျန်းဟန်လာနေသည်ကိုမြင်တော့ ကျောက်ဖုန်းနှင့် အခြားသူများ စိတ်လှုပ်ရှားသွားသည်။

သူ၏ပုံစံအရ ရလဒ်မကောင်းကြောင်း မြင်နိုင်သည်။

သူတို့ အဆင်မပြေကြသေးဘူးလား...

ကျောက်ဖုန်း ှင့် ကျိုးဖေးတို့ စိတ်ရှုပ်ထွေးနေကြသည်။

ကျန်းဟန်နှင့် ဇီယန် ပြဿနာဖြစ်နေသည်ကိုမြင်တော့ သူ တို့လည်း အလွန်စိတ်မသက်သာခံစားရ၏။

"ဖေးဖေး" ကျန်းဟန် အနားသို့ရောက်လာပြီး ရုတ်တရက် ရပ်တန့်လိုက်သည်။

"အင်း" ကျိုးဖေး ပြန်ဖြေသည်။

"ငါ့အတွက် သူမကို ဂရုစိုက်ပေးပါ"

"ကောင်းပြီ" ကျိုးဖေး ခေါင်းညိတ်သည်။

ထိုနောက် ကျန်းဟန် တန်း၍ ထွက်သွား၏။

-အပိုင်း(၆) အခန်း(၃၉၀-က)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၇) အခန်း(၃၉၀-ခ) ချောင်မိသားစုကို သွားကြမယ်(၂)

ကျိုးဖေး ကော်ရစ်ဒါထောင့်သို့ အမြန်ပြေးသွားပြီး ဇီယန်မှာ ထိုင်၍ ရှိုက်ကြီးတငင်ငိုကြွေးနေသည်ကိုမြင်လိုက်ရသဖြင့် သူမ၏မျက်နှာ အနည်းငယ် ပြောင်းလဲသွားသည်။ သူမ ဇီယန်

ဆီ အမြန်ပြေးသွားပြီး ထိုင်ချကာ "အစ်မယန် မငိုနဲ့တော့။ အိမ်ပြန်ရအောင်...”

ကျန်းဟန် ရှေ့မှဦးဆောင်ကာ တစ်ခုခုလုပ်ရန် အလျင်လိုနေသကဲ့သို့ အမြန်လျှောက်နေသည်။ တစ်လမ်းလုံး သူ တိတ်ဆိတ်နေ၏။

ကျောက်ဖုန်းနှင့် အခြားသူများ သူ့နောက်မှ တိတ်ဆိတ်စွာ လိုက်ပါလာကြသည်။ လမ်းသွားလမ်းလာများ၏စူးစမ်းလိုသည့်အကြည့်များအောက်တွင် သူတို့ ကုမ္ပဏီမှ ထွက်လာကြသည်။

အောက်ထပ်ရှိ Mercedes ငါးစီးပေါ်သို့ တက်သွားကြသည်။

ဇီယန်က သူ့အား ယုံကြည်ချင်ကြောင်း သူသိသော်လည်း ချောင်လောလောမှာ အလွန်ညာဏ်များသည်။

အတိအကျပင်။

ချောင်လောလောသည် အမြဲတမ်း ဉာဏ်များ ကောက်ကျစ်၏။

ကျန်းဟန်အား ပြဿနာရှာ၍မရနိုင်မှန်း သူမ သိရှိသွားသဖြင့် သူမ ဇီယန်ကို ပြဿနာရှာရန် ဆုံးဖြတ်လိုက်သည်။

မင်းက တကယ်ကို အကြံအစည်ကြီးပါတယ်...

ငါဝန်ခံတယ်...

ဒါပေမယ့်....

ချောင်မိသားစုတစ်ခုလုံးတောင်...

ငါ့မျက်လုံးထဲမှာ...

ဘာမှမဟုတ်ဘူး....

ရုတ်တရက်... ကျန်းဟန် လှည့်ကြည့်လိုက်သည်။ သူ၏မျက်နှာမှာ ဘာမှမထူးခြားသလို အသံကလည်း ခပ်နိမ့်နိမ့်ပင်။

"ချောင်မိသားစုကို သွားကြမယ်”

ဝုန်း…

ကျောက်ဖုန်း၏နှလုံးခုန်သံများ ပြင်းထန်သွားသည်။

ဒါ တော်တော်ဆိုးရွားတယ်…

ဆရာ ဒီလိုမထူးမခြားနားအမှုအရာပြတဲ့အချိန်တိုင်း…

ဟူး….

ကျောက်ဖုန်း တံတွေးမျိုချလိုက်ပြီး ခေါင်းညိတ်ကာ ပြန်ပြောလိုက်သည်။ "ဟုတ်ကဲ့”

ထိုနောက် ကားကိုစက်နှိုးကာ ကျန့်ထန်ခရိုင်သို့ မောင်းနှင်သွားခဲ့သည်။

ကျောက်ဖုန်းလည်း ချောင်မိသားစုအကြောင်းကို သိရှိ၏။ နည်းပြလျို၏စကားအရ ချောင်မိသားစုတွင် မိသားစုစီးပွားရေးများစွာရှိသော်လည်း သူတို့က ကောင်ကောင်တွင် သိပ်ပြီး

ယှဉ်ပြိုင်နိုင်စွမ်းမရှိချေ။ အစွမ်းထက်ပုံပေါက်သော်လည်း ချောင်မိသားစုသည် ဒုတိယတန်းစား မိသားစုတစ်ခုသာ ဖြစ်သည်။

သို့သော် ပထမတန်းစားမိသားစုဖြစ်စေ ဒုတိယတန်းစား မိသားစုဖြစ်စေ ချောင်မိသားစုအနေဖြင့် ယခုအချိန်တွင် ပိုပြီး ဂရုစိုက်နေလိမ့်မည်ဟု ကျောက်ဖုန်း မျှော်လင့်သည်။ သူ့ဆရာ ဒေါသထွက်လာပါက သူတို့ အကြီးအကျယ်ဒုက္ခရောက်ပေ လိမ့်မည်။

ချောင်မိသားစုသည် ကျန့်ထန်ခရိုင်ရှိ တောင်အနီးတွင် စံ အိမ်တစ်လုံးရှိသည်။

တကယ်တမ်းတွင် ၎င်းက နံရံများဖြင့် ကာရံထားသည့် ဗီ လာခြောက်လုံးပါရှိသော ခြံဝန်းအိမ်ကြီးဖြစ်သည်။

သို့သော် ချောင်မိသားစုသည် ကျန့်ထန်ခရိုင်တွင် ဤကဲ့သို့ စံအိမ်မျိုး ဆောက်နိုင်သည့်အတွက် လူအများ၏အမြင်၌ ချောင်မိသားစု၏စွမ်းအားကို သက်သေပြထားသည်။

လူများစွာအတွက်ပင် ချောင်မိသားစုက သူတို့၏ဘဝ ရည်မှန်းချက်ဖြစ်သည်။

ချောင်စံအိမ်သည် အပြင်ဘက်ခြံဝန်းနှင့် အတွင်းပိုင်းခြံဝန်းအဖြစ် ပိုင်းခြားထားသည်။

အပြင်ခြံဝန်းတွင် အဓိကဗီလာကြီးလေးခုနှင့် မကြာသေးခင်ကဆောက်ထားသည့် အဆောက်အဦးအချို့ရှိသည်။ အတွင်းပိုင်းခြံဝန်းတွင် အမြင့်မားဆုံးနှင့် အကောင်းဆုံး အနေအထားရှိသည့် ဗီလာကြီးနှစ်လုံးရှိသည်။

အတွင်းပိုင်းခြံဝင်း၏ ပင်မခန်းမဆောင်ထဲ၌ ချောင်မိသားစု အဆင့်မြင့်အဖွဲ့ဝင်တစ်ဒါဇင်ကျော်သည် လက်ဖက်ရည်သောက်ပြီး စကားစမြည်ပြောဆိုနေကြသည်။ ခဏအကြာတွင် သူတို့ ထိပ်တန်းပါတီပွဲတစ်ခုသို့ သွားကြတော့မည်ဖြစ်သည်။

သူတို့ ထွက်ခွာရန် ထရပ်လိုက်သည်နှင့်....

ဝင်ပေါက်ရှေ့တွင် Mercedes ငါးစီး ရောက်လာ၏။

"ဘန်း ဘန်း ဘန်း"

ကားတံခါး အဖွဲ့အပိတ်သံများ ဆက်တိုက်ကြားလိုက်ရပြီး နောက် ကျန်းဟန် ဝင်ပေါက်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

ကျောက်ဖုန်းနှင့် အခြားသူများက သူ့နောက်မှ လိုက်သွားကြ၏။

ခြံဝင်းတံခါးနှစ်ဘက်စလုံးတွင် လုံခြုံရေးအစောင့်များ ရပ်နေကြသည်။ သူတို့၏ပုံစံမှာ အလွန်သန်မာပုံရပြီး ကွန်ဖူး လေ့ကျင့်ထားပုံရ၏။

ဟောင်ကောင်၌ အစောပိုင်းနှစ်များတွင် ဗရမ်းဗတာဖြစ် နေခဲ့သည်။ ခေတ်စနစ်တိုးတက်လာသည်နှင့်အမျှ ချောင် မိသားစုကဲ့သို့ပင် များစွာသော အထက်တန်းလွှာများက အစောင့်အကြပ်များစွာကို ခန့်အပ်ထားခဲ့ကြသည်။

"မင်းဘယ်သူလဲ။ ကြိုတင်ရက်ချိန်းယူထားတာမရှိရင် ဝင်ခွင့်မရှိဘူး"

သူတို့ ထိုလူရှစ်ယောက်ကို မြင်သည့်အခါ ရှေ့သို့ နှစ်လှမ်းတိုးပြီး မေးသည်။ တစ်ချိန်တည်းမှာပင် သူတို့၏ညာလက်က ခါးရှိ လျှပ်စစ်တုတ်များကို ကိုင်လိုက်ကြသည်။

ကျန်းဟန် သူတို့အား ကြည့်ပြီး မျက်လုံးစွေကြည့်လိုက်ရာ ကျောက်ဖုန်း၏မျက်နှာ အနည်းငယ်ပြောင်းလဲသွားပြီး အစောင့်များကို ကန်ထုတ်လိုက်သည်။

"ဘန်း ဘန်း"

အစောင့်နှစ်ယောက်မှာ မခုခံနိုင်လောက်သည့်စွမ်းအားကို ခံစားလိုက်ရပြီး ငါးမီတာအကွာသို့ လွင့်ကျသွားကာ ရင်ဘတ်နှင့် ဗိုက်များကိုကိုင်၍ အော်ဟစ်နေကြတော့သည်။

ကျန်းဟန် စံအိမ်ထဲသို့ လျှောက်ဝင်သွားသည်။

ကျောက်ဖုန်း ထိုနှစ်ယောက်အား ဖြတ်သွားသည့်အခါ သူ့ဘာသာ ရေရွတ်လိုက်သည်။

"ငါသာမဟုတ်ဘဲ ငါ့ဆရာဖြစ်နေရင် မင်းတို့နှစ်ယောက် ဒီလောက်ကံကောင်းမှာမဟုတ်ဘူး"

သို့သော် ကျောက်ဖုန်းနှင့် အခြားသူများ ဝင်သွားပြီးနောက် လုံခြုံရေးအစောင့်တစ်ယောက်သည် သူ၏ဝေါ်ကီတော်ကီကိုထုတ်ကာ "သတိထားကြပါ။ ခြံဝန်းထဲကို တစ်ယောက်ယောက်ဝင်လာတယ်…"

"ဘုန်း"

အပြင်ဘက်ခြံဝန်းရှိ လုံခြုံရေးများမှာ မြစ်ထဲမှရေများ ချောင်းထဲသို့ စီးဆင်းနေသကဲ့သို့ ရှေ့သို့ ပြေးထွက်သွားကြသည်။

သို့သော် နောက်ကျမှရောက်လာသူများမှာ ကြောက်ရွံ့မှုကြောင့် အသက်ရှူရပ်တန့်သွားကြသည်။

အေးစက်စက်မျက်နှာနှင့် အမျိုးသားတစ်ယောက်က လမ်းအလယ်တွင်ရပ်နေပြီး လူခုနစ်ယောက်က သူ့အား ခြံရံထားသည်။ သူတို့၏အပေါင်းအပါများကတော့ လမ်းနှစ်ဘက်တွင် လဲကျနေကြ၏။

"အိမ်တော်ထိန်းကိုခေါ်လိုက်ကြဟ"

ကျန်းဟန် ရှေ့တက်လာသည်နှင့် လူ ၁၀ ယောက်ကျော်မှာ နောက်သို့ ဆုတ်လာကြသည်။

ခဏအကြာတွင် အိမ်တော်ထိန်းက အလျင်စလိုပြေးလာသည်။ အခြေအနေကို အနီးကပ်ကြည့်ပြီးနောက် သူ ပြာယာခတ်သွား၏။

"ကျောက်ဖုန်း မင်းဘာလုပ်ချင်တာလဲ။ အလည်လာတာဆိုရင် ငါတို့ကို အရင်ဆက်သွယ်လို့ရတယ်။ မင်း ဘာလို့ သူတို့ကို ရိုက်နှက်တာလဲ" အသက် ၄၀ အရွယ် သက်လတ်ပိုင်း အိမ်တော်ထိန်းကမေးသည်။

သူသည် ယခင်က မြေအောက်လောကတွင် နေခဲ့ဖူးသောကြောင့် ဟောင်ကောင်မြေအောက်လောကနှင့် ကျောက်ဖုန်းကို သူသိသည်။

"ငါဘာလုပ်ရမှာလဲ" ကျောက်ဖုန်းက ရှေ့သို့ နှစ်လှမ်းတိုးလာပြီး အိမ်တော်ထိန်း၏ရင်ဘတ်ကို လက်ညှိုးထိုးကာ ကြိမ်းမောင်းလိုက်သည်။ "ချောင်မိသားစုက တစ်စုံတစ်ယောက်က ငါ့ဆရာကို ဒေါသထွက်စေခဲ့တယ်။ ငါ ဘာလုပ်ရမလဲ မင်းသိတယ်မလား"

"မင်းရဲ့ဆရာက ဘယ်သူလဲ" အိမ်တော်ထိန်းက မေးသည်။

"သူက ငါ့ဆရာပဲ" ကျောက်ဖုန်းက သူ့ဘေး၌ရပ်နေသည့် ကျန်းဟန်ကို ညွှန်ပြပြီး "မင်း သူ့ကို လဆန်းပင်လယ်ကွေ့က မာစတာကျန်းလို့ ခေါ်နိုင်တယ်"

ဝုန်း...

အိမ်တော်ထိန်းမှာ မိုးကြိုးပစ်ခံလိုက်ရသလိုပင်။

သူ၏မျက်နှာ ပြောင်းလဲသွား၏။

"ကျန်း မာစတာကျန်းလား”

မကြာသေးခင်က သတင်းကို သူ မှတ်မိသည်။ လဆန်းပင်လယ်ကွေ့မှ မာစတာကျန်းက လူ ၁၃ ယောက်ကို သတ်ခဲ့ပြီး ကောင်းကင်အဆင့်မာစတာနှစ်ယောက်ကို အနိုင်ယူခဲ့သည်။

သတင်းက ရိုးရှင်းသော်လည်း အိမ်တော်ထိန်းအား ချွေးပြန်သွားစေ၏။

အိမ်တော်ထိန်း၏တုံ့ပြန်နိုင်စွမ်းကြောင့် လျင်မြန်စွာ သတိပြန်ဝင်လာပြီး တလေးတစားဖြင့်ပြောလိုက်သည်။ "အထဲဝင်ပါ မစ္စတာကျန်း ချောင်မိသားစုကို ကျွန်တော် အကြောင်းကြားလိုက်ပါမယ်”

သို့သော် ကျန်းဟန်က သူ့အား တစ်ချက်သာကြည့်ကာ ရှေ့သို့ဆက်လျှောက်သွားသည်။

သူ၏မျက်လုံးများက အလွန်ကြောက်စရာကောင်းလွန်း၏။

အိမ်တော်ထိန်း ချွေးများ သုတ်လိုက်သည်။ အစက ကျောက်ဖုန်း၏ရန်စမှုကြောင့် သူဒေါသထွက်ခဲ့သော်လည်း ယခုတော့ သူ စိတ်မသက်သာဖြစ်နေသည်။

ချောင်မိသားစု၏ကာကွယ်သူက မြေကမ္ဘာအဆင့်သာရှိကြောင်း သူသိသည်။

သူဝင်လာရင်းဖြင့် ချောင်မိသားစုခေါင်းဆောင်၏ဖုန်းကို ခေါ်လိုက်သည်။ "လဆန်းပင်လယ်ကွေ့ရဲ့ မာစတာကျန်း လာနေတယ်…”

အိမ်တော်ထိန်း၏စကားကိုကြားပြီးနောက် ပင်မအိမ်ဆည့်ခန်းရှိ ချောင်မိသားစုခေါင်းဆောင် ရုတ်တရက် ထရပ်လိုက်ပြီး သူ၏မျက်နှာ ပြောင်းလဲသွားသည်။

"မင်းဘာပြောလိုက်တယ်"

"ငါသိပြီ"

အခြား မိသားစုဝင်များမှာ မိသားစုခေါင်းဆောင်၏အမူအရာကိုမြင်သည့်အခါ သိချင်စိတ်ဖြင့် မေးကြသည်။ "ဘာဖြစ်လို့လဲ"

အကြီးအကဲချောင်သည် အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး မျက်မှောင်ကြုတ်ကာ "လဆန်းပင်လယ်ကွေ့ရဲ့မာစတာကျန်းလာနေတယ်။ သူနဲ့ သွားတွေ့ကြရအောင်"

မာစတာကျန်း၏မူလဇာစ်မြစ်ကို သူ မသိသော်လည်း မာစတာကျန်း၏နာမည်က သူတို့အား များစွာဖိအားပေးသည်။

ချောင်မိသားစုသည် ဒုတိယတန်းစားမိသားစုဖြစ်သော်လည်း ချီစွမ်းအားမာစတာတစ်ယောက်ကို မကြောက်ရွံ့ချေ။ ကောင်းကင်အဆင့်မာစတာတစ်ယောက် ရောက်လာလျှင်ပင် သူတို့ စိတ်ပူကြမည်မဟုတ်။

သို့သော် ၎င်းက မာစတာကျန်းဖြစ်သည်...

မာစတာကျန်းက လူ ၁၃ ယောက်ကို သတ်ခဲ့ပြီး ကောင်းကင်အဆင့်မာစတာနှစ်ယောက်ကို အနိုင်ယူခဲ့ကြောင်း သိနေသဖြင့် သူတို့ ပြာယာခတ်နေကြသည်။ ထို့ပြင် သူသည် လူပေါင်း ၁၀၀ ကျော်၏ ခြေထောက်များကို ရိုက်ချိုးခဲ့၏။

ထိုမျှ ပြဿနာရှာထားသည်ကိုပင် သူ ဘေးကင်းစွာ ရှိနေဆဲဖြစ်သည်။

ထိုအချက်က သူတို့အား ကြောက်ရွံ့တုန်လှုပ်စေ၏။

အထူးသဖြင့် မာစတာကျန်းတွင် အခြားနာမည်တစ်ခုရှိကြောင်း ဒီကလူတိုင်းသိကြသည်။

ကာကွယ်သူကျန်း။

သူသည် ထိုမျှကြီးမားသည့်ပြဿနာကို ဖြစ်စေခဲ့သော်လည်း အပြစ်ပေးမခံရရုံသာမက ကာကွယ်သူအဖြစ်ပါ ရာထူးပေးခံရသည်။ ၎င်း၏နောက်ကွယ်တွင် ဘာတွေရှိသလဲ သူတို့ မတွေးရဲကြ။

ချောင်မိသားစုသည် ချီစွမ်းအားမာစတာကို မကြောက်သော်လည်း မာစတာကျန်းကိုတော့ ကြောက်ရွံ့၏။

မာစတာကျန်းသည် အကြောက်အလန့်ကင်းမဲ့သဖြင့် သူ ဘာလုပ်မလဲ မည်သူမျှ မသိကြချေ။

ထို့ကြောင့် ကျန်းဟန်နှင့် သူ့လူများ ပင်မအိမ်တံခါးဝသို့ ရောက်သည့်အခါ လူ ၁၅ ယောက်ခန့်က စောင့်နေကြပြီ ဖြစ်သည်။

အိမ်တော်ထိန်း၏အရိပ်အမြွက်အောက်တွင် အကြီးအကဲချောင်သည် ကျန်းဟန်ကိုကြည့်၍ ပြုံးကာ ပြောသည်။ "မာစတာကျန်း အိမ်ထဲကြွပါခင်ဗျ"

"မလိုဘူး" ကျန်းဟန်က ချောင်များ၏ရှေ့ သုံးမီတာတွင် ရပ်တန့်ပြီး သူတို့အား မထူးမခြားနားကြည့်လိုက်သည်။ "မိသားစုကခေါင်းဆောင်က ဘယ်သူလဲ"

ကျန်းဟန်၏ဖိအားကို ခံစားလိုက်ရပြီးနောက် အကြီးအကဲချောင်၏သူငယ်အိမ်များ ကြောက်ရွံ့မှုကြောင့် ကျုံ့သွား၏။ သူတည်ငြိမ်ရန် ကြိုးစားလိုက်ပြီး "ကျုပ်ပါ"

"ချောင်လောလောရဲ့အဖေက ဘယ်သူလဲ" ကျန်းဟန်က နောက်မေးခွန်းတစ်ခု ထပ်မေးသည်။

၎င်းက ချောင်များကို အနည်းငယ် အံ့အားသင့်သွားစေသည်။

နောက်ဆုံးတွင် မေးရိုးချွန်ချွန်နှင့်လူက ခေါင်းညိတ်ကာ ဖြေသည်။ "ကျုပ်က ချောင်လောလောရဲ့အဖေ ချောင်ဟူပါ"

"မာစတာကျန်း ဒီကို ဘာလာလုပ်တာလဲမသိဘူး" အကြီးအကဲချောင်က အရိုအသေပြုကာ မေးသည်။

"ကျုပ် ခင်ဗျားကို တစ်ခုပြောဖို့လာခဲ့တာ" ကျန်းဟန်က အကြီးအကဲချောင်ကို စိုက်ကြည့်ပြီး ဖြည်းညှင်းစွာပြောသည်။ "သုံးရက်အတွင်း သူမလုပ်ခဲ့တဲ့ပြဿနာကို ဖြေရှင်းဖို့ ချောင်လောလောကို ဖုန်းဆက်ပြောလိုက်ပါ"

"သူမက ငါ့ကို ပြဿနာလာရှာနေတာ"

ကျန်းဟန်၏အသံမှာ အေးစိမ့်လာပြီး ချောင်များ၏ရိုးတွင်း ချင်ဆီထိတိုင် ထိုးဖောက်ဝင်ရောက်သွားသည်။

"ကျုပ် နည်းနည်း စိတ်ရှည်နေသေးတယ်။ သုံးရက် အတွင်း အားလုံးကိုဖြေရှင်းပါ"

"မဟုတ်ရင်တော့ ချောင်မိသားစု တည်ရှိနေဖို့မလိုတော့ဘူး"

"ဒါက ကျုပ် ခင်ဗျားကိုပေးနိုင်တဲ့ တစ်ခုတည်းသောအခွင့်အရေးပဲ။ ဒါကို စိတ်ထဲမှာ မှတ်ထားပါ"

ကျန်းဟန်၏လက်မှာ တုန်ခါနေသည်။ သူ၏ဒေါသနှင့်ချောင်များအားလုံးကို သတ်ပစ်လိုသည့်ဆန္ဒကို ဖိနှိပ်ရန် သူကြိုးစားနေသည်။

ထိုစကားလုံးများဖြင့် ကျန်းဟန် သူတို့အား နောက်ဆုံးတစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် လှည့်ထွက်သွားသည်။

ထိုချိန်တွင် ချောင်များအားလုံး ကြက်သေသေနေကြသည်။ အအကြီးအကဲချောင်သည်တော့ ကျန်းဟန်၏စကားများကြောင့် ချွေးအေးများထွက်လာသည်။

အေးစက်မွန်းကျပ်မှုက သူ့အား တုန်လှုပ်ချောက်ခြားစေသည်။

"ချောင်ဟူ"

"သူပြောတာ မင်းမကြားဖူးလား"

"မင်းသမီးကို ပြန်ခေါ်လိုက်"

.......

ကျူးကျော်သူများ သူတို့၏ကားများဆီသို့ ပြန်သွားကြသည်။ လဆန်းပင်လယ်ကွေ့သို့ ပြန်မောင်းလာသည့်အချိန်တွင် ကျန်းဟန်သည် မျက်စိမှိတ်ကာ နောက်ခုံတွင် ထိုင်နေ၏။

အကယ်၍ သူသည် ကျင့်ကြံခြင်းကမ္ဘာတွင်ရှိနေပါက ဤကဲ့သို့ စိတ်အခြေအနေဆိုးရွားနေပုံမျိုးဖြင့် သနားညှာတာမှုရှိနေမည်မဟုတ်ချေ။ သို့သော် သူသည် မုန့်မုန့်၊ ဇီယန်တို့နှင့် အတူရှိနေချိန်ကတည်းက အချိန်အတော်ကြာ သူ တငြိမ်ငြိမ်နေခဲ့သည်။ ယခု ငြိမ်သက်နေသည့်ရေပြင်ကို ကျောက်ခဲပစ်ချလိုက်သကဲ့သို့ သူ၏ဖုံးကွယ်ထားသည့် ဒေါသက တဖြည်းဖြည်း နိုးကြွလာခဲ့သည်။

ကျန်းဟန်သည် သူ၏ခံစားချက်များကို ထုတ်ပြလေ့မရှိသောယောက်ျားတစ်ယောက်ဖြစ်ခဲ့ဖူးသော်လည်း သူ ချစ်မိသွားသည့်အချိန်တွင်တော့ အချစ်က အံ့ဩစရာကောင်းစွာပင် သူ့အား တစ်ခါတစ်ရံ စိတ်မသက်မသာဖြစ်စေသည်။ တစ်ခါတစ်ရံ ချိုမြိန်စေသည်။ တစ်ခါတစ်ရံ ဝမ်းနည်းစိတ်ဓာတ်ကျစေသည်။ အင်မော်တယ်များပင် ၎င်းကို မလွဲမသွေ ခံစားကြရ၏။

သူတို့ စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အချိန်တွင်...

ယခု ကျောက်ဖုန်း ပြန်လာပြီဖြစ်၍ ကျန်းလီနှင့် လော့ချင်းတို့ ကောင်းကောင်းအနားယူရန် ဆုံးဖြတ်လိုက်သည်။ ထိုနှစ်ရက်လုံးလုံး သူတို့အလွန်ပင်ပန်းခဲ့ကြရသည်။

ကျောက်ဖုန်းနှင့် ကျန်းဟန်သာ စားသောက်ဆိုင်ထဲ၌ ရှိနေခဲ့သည်။ ကျောက်ဖုန်းက ပထမထပ်တွင်ထိုင်နေပြီး ကျန်းဟန်က ဒုတိယထပ်တွင်ရှိသည်။ အခြားသူများက အပြင်ဘက်ကားထဲတွင်သာ နေကြသည်။

မက်ဆေ့ချ်အနည်းငယ်ပို့ပြီးနောက် ကျောက်ဖုန်း ထရပ်ကာ ဒုတိယထပ်သို့ တက်သွားသည်။

"ဆရာ သူတို့ ခြောက်နာရီလာလိမ့်မယ်" ကျောက်ဖုန်းက တိုးတိုးလေးပြောသည်။

"သိပြီ" ကျန်းဟန်က ပြန်ဖြေ၏။

သူတို့ အနည်းငယ်ကြာအောင် စောင့်နေခဲ့သည်။ ငါးနာရီထိုးတွင် ကျန်းဟန်၏ဖုန်းက မြည်လာ၏။

သူဖုန်းကို ကောက်ကိုင်ကြည့်လိုက်ရာ မရင်းနှီးသည့်နံပါတ်တစ်ခုဖြစ်ကြောင်း တွေ့လိုက်ရသည်။

"ဘယ်သူလဲ"

ကျန်းဟန် ဖုန်းပြန်ဖြေလိုက်သည်။ တစ်ဖက်မှ ပထမဆုံးစကားက ကျန်းဟန်၏မျက်လုံးများကို ပြူးကျယ်သွားစေပြီး သူ၏အသက်ရှူသံများ မြန်လာသည်။

"ဘာ"

ကျန်းဟန်အား အံ့အားသင့်စေမည့်အရာ တစ်ခုသာရှိပုံရသည်။

လဲ့ထျန်းနန်၏အသံကို ဖုန်းထဲမှ ကြားလိုက်ရ၏။

"မင်းမိဘတွေအကြောင်း ငါသတင်းရတယ်"

-အပိုင်း(၇) အခန်း(၃၉၀)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၈) အခန်း(၃၉၁-က) ပျောက်ဆုံးမှု(၁)

"ဘာသတင်းလဲ" ကျန်းဟန် အလျင်စလိုမေးသည်။

"ရှီးဟန်ရဲ့ အရှေ့ဘက်ဆင်ခြေဖုံးက ရှစ်ဖန့်တောင်ပေါ်မှာရှိတဲ့ ချင်းဖုန်းဂိုဏ်းရဲ့ဂိုဏ်းချုပ် ယွဲ့ဝူဝေ့က မင်းမိဘတွေအကြောင်း သိပုံရတယ်" လဲ့ထျန်းနန်က ဖြည်းညှင်းစွာဖြေသည်။ "ချင်းဖုန်းဂိုဏ်းက ဂိုဏ်းသား ၂၀၀ အောက်ပဲရှိတဲ့

ဂိုဏ်းငယ်လေးတစ်ခုပဲ။ ယွဲ့ဝူဝေ့က လွန်ခဲ့တဲ့သုံးနှစ်ကတည်းက ဂရန်းမာစတာအလယ်အဆင့်နဲ့ နီးကပ်နေခဲ့တာ။ မင်း သူနဲ့ရင်ဆိုင်ရင် သတိထားသင့်တယ်။ မင်း သူ့ဆီသွားလို့ရပေမယ့် သူ မင်းကို အားလုံးပြောပြပါမယ်လို့တော့ ငါ အာမမခံနိုင်ဘူး”

ကျန်းဟန်က မျက်မှောင်ကြုတ်ကာ “နားလည်ပါတယ်။ ကျေးဇူးတင်ပါတယ် ဒါရိုက်တာလဲ့”

"အိုး ဟုတ်သားပဲ ၁၀ ရက်ချိန်းထားတာကို ဖျက်လိုက်ဖို့ ငါ မစ္စတာဟုန်ကို ပြောပြီးပြီ။ ဒါပေမယ့် ပိုပြီးကြီးတဲ့ပြဿနာရှိနေတယ်” လဲ့ထျန်းနန်က ခဏရပ်တန့်ပြီး "ဟဲချင်းတန် ပြန်လာပြီ။ သူ ဂရန်းမာစတာနှောင်းပိုင်းအဆင့်ကို မရောက်ပါစေနဲ့ ဆုတောင်းထားတာ မင်းအတွက်ပိုကောင်းတယ်။ မဟုတ်ရင် သူက မင်းအတွက် ပြဿနာကြီးဖြစ်လာလိမ့်မယ်။ မင်းသူ့ကို ခဏလောက်ရှောင်ပြီး ငါ့အတွက်လည်း ပြင်ဆင်ချိန်

ရအောင် ရှီးဟန်ကို သွားလို့ရတယ်။ မင်းအဖေအတွက် ငါ နောက်တစ်ကြိမ် ကူညီပေးမယ်”

ကျန်းဟန်အဖေ၏ကြင်နာမှုကို လဲ့ထျန်းနန် နောက်တစ်ကြိမ် ပြန်ဆပ်နိုင်ခဲ့သည်။ ကျန်းဟန်အား ကူညီရန် အလွန်စိတ်အားထက်သန်နေသည်တော့မဟုတ်ချေ။

"ဟဲချင်းတန်လား။ သူ့အတွက် စိတ်မပူပါနဲ့။ ဒါပေမယ့် ဒါရိုက်တာလဲ့ ကျုပ်ကို တခြားတစ်ခု ကူညီပေးနိုင်ဖို့ မျှော်လင့်တယ်” ကျန်းဟန်က ပြောသည်။

"ဘာများလဲ” လဲ့ထျန်းနန်က အံ့သြစွာမေးသည်။

ကျန်းဟန် ဟဲချင်းတန်ကို မကြောက်ရွံ့ဘဲနေလိမ့်မည်ဟု လဲ့ထျန်းနန် မထင်ထားချေ။ သူက သေမှာမကြောက်ဘူးလား...။

ဟဲချင်းတန်သည် ဟောင်ကောင်၏သိုင်းလောက အသိုင်းအဝိုင်းတွင် အဆင့် ၁၇ ၌ ရပ်တည်နေပြီး အားလုံးက

လေးစားကြသည်။ အကယ်၍ သူသာ ဂရန်းမာစတာနှောင်းပိုင်းအဆင့်သို့ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပါက သူသည် လဲ့ထျန်းနန်နှင့် ညှိနှိုင်းရန် အရေးတယူလုပ်နေမည်မဟုတ်ချေ။

လဲ့ထျန်းနန်ကိုယ်တိုင်ပင် အနည်းငယ်လှည့်ကွက်ရှိနိုင်ဟုခံစားရပြီး ဖြေရှင်းရန် ရက်အနည်းငယ်လိုအပ်သည့်အရာများကို ကျန်းဟန်က လျစ်လျူရှုခဲ့သည်။

လဲ့ထျန်းနန် ၎င်းကို ရယ်စရာကောင်းသည်ဟု တွေးလိုက်မိ၏။

နွားပေါက်စများက ကျားကိုမကြောက်တတ်ချေ။

ကျန်းဟန်၏အခြားတောင်းဆိုမှုကို ကြားလိုက်ရသဖြင့် လဲ့ထျန်းနန်လည်း စိတ်ဝင်စားသွားသည်။ ကျန်းဟန် ဘာလုပ်ချင်နေလဲ သူမသိချေ။

ခဏအကြာတွင် ကျန်းဟန်က တိုက်ရိုက်ပြောလိုက်၏။ "ကျုပ် ဒြပ်စင်ပါးမျိုးမီးဖိုကို လိုအပ်တယ်။ အချိန် အတိုင်းအတာတစ်ခုလောက် ငှားလို့ရမလား"

"ဒြပ်စင်ငါးမျိုးမီးဖိုလား"

"အဲဒါ အမှတ်တစ်သန်း တန်ဖိုးရှိတဲ့ ရတနာပဲ"

လဲ့ထျန်းနန် အံ့အားသင့်သွားသည်။ ဒြပ်စင်ငါးမျိုးမီးဖိုကို ဝယ်ယူလိုသည့် ကောင်းကင်ဆေးလုံးဂိုဏ်းသားများစွာကို ငြင်းပယ်ခဲ့ပြီး ရောင်းချရခြင်းမှာ ကာကွယ်ရန် အမှတ် တစ်သန်းဖြင့် တန်းဖိုးပြန်လည်သတ်မှတ်ခဲ့သည်။

သို့သော် လဲ့ထျန်းနန် ပို၍အံ့အားသင့်သွားသည်ကို မေး လိုက်သည်။ "မင်း ဆေးလုံးဖော်စပ်တတ်တာလား"

"အင်း"

"မင်း...." အမျိုးသားလုံခြုံရေးအေဂျင်စီတွင် ဆေးလုံး ပညာရှင်မရှိကြောင်း တွေးရင်း လဲ့ထျန်းနန်၏မျက်လုံးများ

တောက်ပလာသည်။ "မင်း ဘယ်အဆင့် ဆေးလုံးတွေကို ဖော်စပ်နိုင်လဲ"

ဟောင်ကောင်အမျိုးသားလုံခြုံရေးအေဂျင်စီတွင် ဆေးလုံးပညာရှင် ငါးယောက်ရှိသော်လည်း... သူတို့၏စွမ်းရည်က သူတို့ကို ခိုင်းစေခြင်းသည် အရင်းမြစ်များကို ဖြုန်းတီးခြင်းဖြစ်သည်ဟု ပြသခဲ့သည်။ လဲ့ထျန်းနန်သည် သူတို့ဆီ သုံးကြိမ်တိုင်တိုင်သွားခဲ့ပြီး သူတို့၏ရုံးခန်း၌ ခုနှစ်နာရီခန့်ထိုင်ကာ ဆေးမီးဖိုပေါက်ကွဲသံများကို အကြိမ်တစ်ရာကျော် နားထောင်ခဲ့ရသည်။

သို့သော် ဆေးလုံးဖော်စပ်ခြင်းသည် အလွန်နက်နဲသည့်အတွက် ကောင်းကင်ဆေးလုံးဂိုဏ်းသည်ပင် အဆင့်မြင့်ဆေးလုံးများကို ဖော်စပ်ရန် ခက်ခဲကြောင်း တွေ့ရှိခဲ့ရသည်။

"ခင်ဗျားလိုချင်တဲ့ဆေးလုံးမှန်သမျှကို ကျုပ်ဖော်စပ်နိုင်တယ်" ကျန်းဟန်က ပြန်ဖြေသည်။

"ဘာ" လဲ့ထျန်းနန် ရှော့ခ်ရသွားပြီး "မင်း လာနောက်နေတာလား"

"ကျုပ် ခင်ဗျားကိုစနောက်ဖို့ စိတ်မဝင်စားဘူး။ ဒြပ်စင်ငါး မျိုးမီးဖိုကို ကျုပ်ကိုငှားရင် ကျုပ်အားတဲ့အချိန် ခင်ဗျားအတွက် ဆေးအိုးတစ်ချို့ ဖော်စပ်ပေးမယ်"

"ဒါက..." လဲ့ထျန်းနန် မျက်မှောင်ကြုတ်သွားပြီး "ငါ့ကို သေသေပြ"

"ကျုပ်ကိုစောင့်နေပါ"

ပြောပြီးသည်နှင့် ကျန်းဟန် တန်း၍ ဖုန်းချလိုက်သည်။

သူ ဆိုဖာပေါ်တွင် တစ်မိနစ်လောက် တိတ်ဆိတ်စွာ ထိုင် နေခဲ့သည်။

ယွမ်ချင်သစ်သီး၊ ဒြပ်စင်ပါးမျိုးမီးဖိုဖြင့်ဆိုလျှင် အကောင်း ဆုံးအခြေခံတည်ဆောက်ခြင်းဆေးလုံးရရှိရန် အခွင့်အရေး ၆၀ ရာခိုင်နှုန်းရှိပြီး ပြီးပြည့်စုံသည့်အခြေခံတည်ဆောက်ခြင်း ဆေးလုံးကို ရရှိရန် အခွင့်အရေး ၁ ရာခိုင်နှုန်းအောက်သာရှိ သည်။

အရင်းမြစ်အားလုံးကို ပြင်ဆင်ထားသော်လည်း ပြီးပြည့်စုံသည့်အခြေခံတည်ဆောက်ခြင်းဆေးလုံးက ကံတရားအပေါ်တွင် မူတည်လေသည်။

အခြေခံတည်ဆောက်ခြင်းဆေးလုံးသန့်စင်ရန်၊ အခြေတည်အဆင့်သို့ တက်လှမ်းရန်နှင့် ရှီးဟန်သို့ သွားရန် အပါအဝင် လာမည့်ရက်အနည်းငယ်အတွင်း၌ ကျန်းဟန်တွင် ရုပ်ထွေးသည့်အစီအစဉ်တစ်ခုရှိနေသည်။ ယွဲ့ဝူဝေ့သည် သူ၏ဂိုဏ်းတွင် ကြာကြာနေမည်မဟုတ်သည့်အတွက် သူ အခွင့်အရေးကို အရယူရမည်။

ဇီယန်၏ကိစ္စအတွက်က ချောင်မိသားစုသည် သူတို့ဘာလုပ်သင့်သည်ကို သိရှိပြီး ရက်အနည်းငယ်အတွင်း လုပ်ဆောင်ကာ ကျန်းဟန်၏အစီအစဉ်ကို သုံးလေးရက်အတွင်း အပြီးသတ်နိုင်မည်ဖြစ်သည်။

၎င်းတို့ကိုတွေးတောပြီးနောက် ကျန်းဟန်ထကာ ဆိုဖာပေါ်မှလေကာအကျႌကို ကောက်ဝတ်ပြီး အောက်ထပ်သို့ ဆင်းသွားသည်။

သူသည် လျှင်မြန်စွာဖြင့် ပေါက်စီဇုန်းနှစ်ဇုန်းပြုလုပ်လိုက်ပြီး ပေါင်းဖိုပေါ် တင်လိုက်သည်။

ထိုနောက် ကျောက်ဖုန်းကို လှမ်းကြည့်ကာ ပြောလိုက်သည်။ "ရှောင်ဖုန်း ၁၅ မိနစ်လောက်ပေါင်းပြီးရင် မီးဖိုပိတ်လိုက်တော့"

"ဟုတ်ကဲ့" ကျောက်ဖုန်း ခေါင်းညိတ်သည်။

ကျန်းဟန် အပြင်လျှောက်ထွက်လာရင်း ပြောလိုက်သည်။ "ငါ ရက်နည်းနည်းလောက် အပြင်သွားရမယ်။ အားလုံးကိုစီစဉ်ပြီးတော့ ဇီယန်ကို ကောင်းကောင်းဂရုစိုက်ဖို့ လန်ယွဲ့ကိုပြောလိုက်ပါ"

ထိုနောက် ကျန်းဟန် စားသောက်ဆိုင်မှ ထွက်လာပြီး ပန်ဒါကားပေါ်တက်ကာ တန်း၍ ထွက်သွားတော့သည်။

ကျန်းဟန် ရောက်သည့်အချိန်တွင် ပထမထပ်ရှိ ညွှေကြိုကောင်တာမှ ပိုနီတေးနှင့်ကောင်မလေးက ပြုံး၍ နှုတ်ဆက်သည်။

"ကာကွယ်သူကျန်း ရတနာစံအိမ်ဘယ်မှာလဲဆိုတာ ကျွန်မသိပါတယ်။ ဒါရိုက်တာလဲ့က အဲ့ဒီမှာ စောင့်နေပါတယ်”

ကျန်းဟန် ခေါင်းညိတ်ကာ ရတနာစံအိမ်သို့ တန်း၍ သွားလိုက်သည်။

လဲ့ထျန်းနန်သည် ရတနာဝှက်ထားသည့်အခန်းထဲတွင် ထိုင်နေသည်။

ကျန်းဟန် ဝင်လာသည်ကိုမြင်တော့ သူ ခပ်ရေးရေးပြုံးကာ "ကောင်လေး ငါ ချိန်းထားတာကို ဖျက်ပြီး ဒီကိုလာခဲ့တာ။

ဒီတော့ မင်း ဒီနေ့ ငါ့ကို ကျေနပ်လောက်တဲ့အဖြေတစ်ခုပေးရမယ်နော်။ ငါ့ကို လှည့်ကွက်တွေနဲ့လာကစားရင်တော့…"

"တံခါးဖွင့်ပါ" လဲ့ထျန်းနန် စကားမဆုံးခင်မှာပင် ကျန်းဟန်က သူ့အား ကြားဖြတ်လိုက်သည်။

"အမ်"

လဲ့ထျန်းနန် ကျန်းဟန်အကြောင့် အံ့အားသင့်ကြက်သေသေသွားသည်။

ကျန်းဟန်က ဘယ်လိုလုပ် သူ့အပေါ် လေးစားမှုမရှိရတာလဲ။ သူ ကောင်လေးအပေါ် ကြင်နာလွန်းနေလို့များလား။

အဲ့လိုပဲဖြစ်ရမ်။ ဒါပေမယ့် ဒီနေ့ သူ သက်သေမပြနိုင်ရင်တော့…

"ဟမ့်"

လဲ့ထျန်းနန် နှာခေါင်းရှုံ့လိုက်ပြီး ရတနာစံအိမ် တံခါးကို သူ၏တံဆိပ်ဖြင့် ဖွင့်လိုက်သည်။

ရတနာစံအိမ်ထဲသို့ ဝင်လာပြီးနောက် လဲ့ထျန်းနန်သည် အမြင့်ဆုံးအာဏာရှိသော သူ၏တံဆိပ်ဖြင့် တံခါးပိတ်ထားပြီး အခြားမည်သူမျှ ဝင်မလာရဟု အမိန့်ထုတ်ခဲ့သည်။

"မင်းလိုအပ်တာတွေအားလုံး ဒီမှာ။ မင်းရဲ့အရည်အချင်းကို သက်သေပြဖို့အတွက် အရင်ဆုံး ပထမအဆင့်ဆေးလုံးကို ဖော်စပ်ပါ" လဲ့ထျန်းနန် ပြောသည်။

"ကောင်းပြီ"

ကျန်းဟန်က တိုးလျှသည့်အသံဖြင့် တုံ့ပြန်လိုက်ပြီး နှစ်ဖက်စလုံးရှိ ကောင်တာများဆီသို့ လှမ်းကြည့်လိုက်သည်။ လမ်းလျှောက်လာရင်းဖြင့် ရုံဖန်ရုံခါ ရတနာများကို ကျပန်းကောက်ယူသွားသည်။ ဤတစ်ကြိမ်တွင် အခန်းထဲ၌ အချက်ပေးမီးမရှိချေ။

လဲ့ထျန်းနန်သည် အမြင့်ဆုံးအာဏာရှိသည့်အတွက် ဤနေရာရှိ ရတနာများအားလုံးကို ဖယ်ရှားလိုက်လျှင်ပင် သူ၏တံဆိပ်ကြောင့် အချက်ပေးသံမြည်လာမည်မဟုတ်ချေ။

ရတနာအချို့ကို ကောက်ယူပြီးနောက် ကျန်းဟန်သည် ဒြပ်စင်ပါးမျိုးမီးဖိုရှိသည့် အခန်းဆီသို့ ဦးတည်သွားကာ ထို နေရာတွင် ရပ်လိုက်သည်။

၎င်းကိုမြင်သည့်အခါ လဲ့ထျန်းနန်၏နှုတ်ခမ်းများ တွန့်သွား၏။ သူ လျှောက်သွားလိုက်ပြီး ကျန်းဟန်အတွက် တံခါး ဖွင့်ပေးလိုက်သည်။

အခန်းထဲဝင်ပြီးနောက် ကျန်းဟန်သည် ဒြပ်စင်ငါးမျိုးမီးဖို ပတ်ပတ်လည်ကို ကြည့်ရှုပြီးနောက် မီးဖိုအောက်တွင် မီးခတ်ကျောက်ကို မီးညှိလိုက်သည်။

"မီးကို ထိန်းချုပ်ပေး”

ရုတ်တရက် ကျန်းဟန်ပြောလိုက်သည်။

"…” လဲ့ထျန်းနန် ကျန်းဟန်အား စိုက်ကြည့်လိုက်၏။

မင်း ငါ့ကို အကူအဖြစ်သုံးနေတာလား…

ရတယ်လေ။ ပြီးမှ ဆေးလုံးမဖော်စပ်နိုင်ဘူးဆိုရင် မင်းကို သင်ခန်းစာတစ်ခုပေးမယ်...

လဲ့ထျန်းနန် ကြိတ်၍ ကြုံးဝါးလိုက်ပြီး တစ်ပြိုင်နက်တည်း မှာပင် သူ၏စိတ်ဝိညာဉ်စွမ်းအားကို ထုတ်လွှတ်ကာ မီးခတ်ကျောက်ထဲသို့ လောင်းထည့်လိုက်သည်။

"ဝုန်း ဝုန်း ဝုန်း..."

မီးခတ်ကျောက်မှ မီးတောက်ထွက်လာပြီး မီးဖိုအောက်မှ အပူပေးသည်။

"မီးလျှော့လိုက်"

လဲ့ထျန်းနန် စိတ်ဝိညာဉ်စွမ်းအားအချို့ကို ရုတ်သိမ်းလိုက်ပြီး မီးတောက်က သေးငယ်သွားသည်။

"သေးလွန်းတယ်"

လဲ့ထျန်းနန် ဒေါသထွက်လာပြီး ချက်ချင်း မီးတင်လိုက်သည်။

ထိုကဲ့သို့ ငါးကြိမ်ပြုလုပ်ပြီးနောက် ကျန်းဟန်သည် အခြား လုပ်ရှားမှုများကို ပြုလုပ်ခဲ့သည်။

ကျန်းဟန်သည် လဲ့ထျန်းနန်အား သူ၏အကူအဖြစ်သုံးရန် မရည်ရွယ်ခဲ့ချေ။ သူ၏စိတ်ဝိညာဉ်စွမ်းအားကို မထုတ်နိုင်သေး သဖြင့် အခြေခံအုတ်မြစ်စွမ်းအားဖြင့် မီးကို မထိန်းချုပ်ချင်ပေ။ ထို့ကြောင့် သူ လဲ့ထျန်းနန်အား အကူအညီတောင်းခဲ့သည်။

မီးထိန်းချုပ်ခြင်းတွင်လည်း ကျွမ်းကျင်မှုများ လိုအပ်ပြီး လဲ့ထျန်းနန်မှာ လူပြိန်းအဆင့်တွင်သာရှိလေသည်။ သူ ကိုယ်တိုင်သာ ဆေးလုံးဖော်စပ်ပါက ဆေးလုံးတော့ရမည် မဟုတ်ဘဲ နောက်ဆုံးတွင် စွတ်ပြုတ်တစ်အိုးသာ ရနိုင်ပေ လိမ့်မည်။

ထို့ကြောင့် လဲ့ထျန်းနန်သည် မီးထိန်းချုပ်ခြင်းကို တာဝန် ယူပြီး ကျန်းဟန်က မီးဖိုထဲသို့ ပစ္စည်းများ ဆက်လက်ပစ်ထည့် နေခဲ့သည်။

တစ်နာရီခွဲကြာပြီးနောက် ကျန်းဟန်က ရုတ်တရက် ပြောလိုက်သည်။ "မီးကို အမြင့်ဆုံးတင်လိုက်"

လဲ့ထျန်းနန်သည် စိတ်ဝိညာဉ်စွမ်းအားကို အရှိန်မြှင့်လိုက်သည့်အခါ မီးခတ်ကျောက်က ပေါက်ကွဲထွက်လာပြီးနောက်ဆုံးမီးတောက်က စက္ကန့် ၃၀ ကြာ လောင်ကျွမ်းသွားသည်။

ကျန်းဟန်သည် အခွင့်အရေးကို ဆုပ်ကိုင်ပြီး ဒြပ်စင်ငါးမျိုးမီးဖိုအား ပုတ်လိုက်သည်။

"ဝုစ် ဝုစ် ဝုစ်"

မီးဖိုထဲမှ အဖြူရောင်ဆေးလုံး ငါးလုံးထွက်လာသည်။

ကျန်းဟန် ၎င်းတို့အား လက်တစ်ဖက်တည်းဖြင့် ဖမ်းယူလိုက်ပြီး လဲ့ထျန်းနန်အား လက်ဖြန့်ပြလိုက်ကာ "ခင်ဗျားလိုချင်တဲ့ ပထမအဆင့်ဆေးလုံး"

လွဲ့ထျန်းနန်၏မျက်လုံးများက ဆေးလုံးများကို စိုက်ကြည့်နေပြီး "ဒါက ဘယ်လိုဆေးလုံးအမျိုးအစားလဲ"

"စိတ်ဝိညာဉ်ပြန်လည်ဖြည့်တင်းရေးဆေးလုံး။ ၁၀ စက္ကန့်အတွင်း စိတ်ဝိညာဉ်စွမ်းအား ပြန်လည်ဖြည့်တည်းဖို့ ကူညီပေးတယ်။ ဒါပေမယ့် ကျင့်ကြံမှုအဆင့်မြင့်လေ ပြန်လည်ဖြည့်တင်းနိုင်စွမ်းနည်းလေပဲ။ ဥပမာ ခင်ဗျားက နက်နဲအဆင့်ဆို စိတ်ဝိညာဉ်စွမ်းအား တစ်ဝက်ပြန်လည်ပြည့်ဝစေနိုင်တယ်။ ဒါကြောင့် အဲဒါက ပထမအဆင့် စိတ်ဝိညာဉ်ဆေးလုံးပဲဖြစ်နေတာ" ကျန်းဟန်က ပြန်ဖြေသည်။

"လွယ်လိုက်တာ။ မင်း ပထမအဆင့်ဆေးလုံးဖော်စပ်တဲ့အောက်မြင်မှုနှုန်းက ဘယ်လောက်လဲ။ ၃၀ ရာခိုင်နှုန်းလား" လွဲ့ထျန်းနန် အလျင်စလိုမေးသည်။

ကျန်းဟန်က စဉ်းစားလိုက်ပြီး "ဒြပ်စင်ငါးမျိုးမီးဖို အကူအညီနဲ့ဆို အောင်မြင်မှုနှုန်းက ၁၀၀ ရာခိုင်နှုန်း"

ကျိုးပဲ့နေသည့်သံမီးဖိုဖြင့်ပင်လျှင် သူ၏အောင်မြင်မှုနှုန်းက ၇၀ ရာခိုင်နှုန်းအထက်ရှိသည်ကိုတော့ လဲ့ထျန်းနန်အား သူမပြောပြခဲ့ချေ။

"တကယ်လား" လဲ့ထျန်းနန်က ပင့်သက်ရှိုက်လိုက်ပြီး ကျန်းဟန်အား ထိတ်လန့်စွာကြည့်လိုက်သည်။

သို့သော် ကျန်းဟန်က သူ့အား ပြန်မပြောချေ။

"ဒါ... ငါ တစ်လုံးလောက်စားလို့ရမလား" လဲ့ထျန်းနန် မေးသည်။

"ရတာပေါ့"

လဲ့ထျန်းနန် တစ်လုံးစားလိုက်ပြီး စက္ကန့်အနည်းငယ်အတွင်း သူ၏စိတ်ဝိဉာဉ်စွမ်းအား ပြန်လည်ကောင်းမွန်လာကြောင်း ခံစားလိုက်ရသည်။ ၎င်းက သူ့အတွက် သိပ်ပြီးအသုံးမဝင်သော်လည်း ၎င်းက နက်နဲအဆင့်မာစတာများနှင့် မြေ

ကမ္ဘာ့အဆင့်မာစတာများအတွက်တော့ ကြီးကျယ်သည့် ရတနာတစ်ခုဖြစ်ပေလိမ့်မည်။

လဲ့ထျန်းနန် အနည်းငယ် စိတ်လှုပ်ရှားသွားပြီး "မင်းက ဆေးပညာပါရမီရှင်တစ်ယောက်ဖြစ်လိမ့်မယ်လို့ ငါ မမျှော်လင့်ထားဘူး။ ၁၀၀ ရာခိုင်နှုန်း အောင်မြင်မှုက အံ့သြလောက်စရာကောင်းလွန်းတယ်။ ကောင်းကင်ဆေးလုံးဂိုဏ်းရဲ့ ထူးချွန်တဲ့ သင်တန်းသားတွေတောင် ဒီလိုအောင်မြင်မှုနှုန်းမရှိဘူး။ ဟားဟားဟား... မင်း ဖော်စပ်နိုင်တဲ့ အမြင့်ဆုံးအဆင့်ဆေးလုံးက ဘယ်လောက်လဲ”

"ခင်ဗျားတွေ့ဖူးသမျှမှာ အမြင့်ဆုံးအဆင့်က ဘာလဲ” ယေဘူယျအားဖြင့်ပြောရရင် တစ်ယောက်ယောက်က ဒုတိယအဆင့်ဆေးလုံးဖော်စပ်နိုင်တယ်ဆိုရင်ကိုက အံ့အားသင့်ဖို့ကောင်းနေပြီ။ ဩော် ဒါနဲ့ လွန်ခဲ့တဲ့နှစ်အနည်းငယ်က စတုတ္ထအဆင့်ဆေးလုံးပေါ်လာတယ်လို့ ငါ ကြားလိုက်ရတယ်”

"အင်း... တတိယအဆင့်ဆေးလုံးက ကျုပ်အတွက် သိပ်မခက်ပါဘူး"

လဲ့ထျန်းနန်သည် ၁၀ စက္ကန့်လောက် စဉ်းစားပြီးနောက် နောက်ဆုံးတွင် သူ ပြောလိုက်သည်။ "မင်း ဒုတိယအဆင့်ဆေးလုံးဖော်စပ်နိုင်လား။ မင်းလုပ်နိုင်တယ်ဆိုရင် ဒြပ်စင်ငါးမျိုးဆေးမီးဖိုကို တစ်ယောက်ယောက် မဝယ်နိုင်မချင်း မင်းကို ပေးထားမယ်"

"ဒုတိယအဆင့်ဆေးလုံးလား"

ကျန်းဟန် အရင်းမြစ်များကို ယူရန် လှည့်ပတ်ကြည့်လိုက်သည်။

ဤတစ်ကြိမ်တွင် ကျန်းဟန် ဆေးလုံးဖော်စပ်ရန် ပိုမိုအချိန်ယူခဲ့ရပြီး လေးနာရီနီးပါးကြာခဲ့သည်။

ည ၁၁ နာရီထိုးခန့်တွင် လဲ့ထျန်းနန်သည် အကူတစ်ယောက်ပမာ သူ၏ပုခုံးပေါ်တွင် ဒြပ်စင်ပါးမျိုးမီးဖိုကိုထမ်း၍ ပါးစပ်မစိနိုင်အောင်ရယ်မောလျက် ထွက်လာခဲ့သည်။

သူသည် ကျန်းဟန်အား ကျေနပ်စွာကြည့်လိုက်ပြီး ရုံဖန်ရုံခါ သူ၏ညာဘက်အိတ်ကပ်ကို ကြည့်နေသည်။ အိတ်ကပ်ထဲတွင် ဒုတိယအဆင့်ဆေးလုံးသုံးလုံးပါရှိနေသောကြောင့်ပင်။

ပန်ဒါကား၏နောက်ဖုံးခန်းထဲ၌ ဒြပ်စင်ငါးမျိုးမီးဖိုကို ထည့်လိုက်ပြီးနောက် ကျန်းဟန် ဖြည်းညှင်းစွာ မောင်းထွက်သွားသည်ကို စောင့်ကြည့်နေခဲ့သည်။ ထိုနောက် လဲ့ထျန်းနန်၏အပြုံးက ရုတ်တရက် မှိန်ဖျော့သွားသည်။

"ဒီလိုပါရမီရှင်တစ်ယောက်ကို ငါ ကာကွယ်ပေးရမှာပေါ့။ ဟဲချင်းတန် မင်း စည်းမကျော်ဖို့ငါမျှော်လင့်တယ်။ မဟုတ်ရင်တော့ မင်း နှောင်းပိုင်းအဆင့်ကိုရောက်သွားရင်တောင် မင်းကို ငါ သတ်မယ်”

လှဲ့ထျန်းနန်သည် ဂရန်းမာစတာအလယ်အဆင့်တွင်ရှိပြီး နှောင်းပိုင်းအဆင့်သို့ မတက်ရသေးသော်လည်း သူ့ကဲ့သို့မာစတာများအားလုံးသည် အခြားသူများအား တစ်ခါမှထုတ်မပြဖူးသည့် အစွမ်းထက်ဗုက်ဖဲအချို့ရှိကြသည်။

ကျန်းဟန် စားသောက်ဆိုင်သို့ တန်း၍ ပြန်လာခဲ့သည်။ ထိုအချိန်တွင် ဆိုင်တံခါးကို သော့ခတ်ထားပြီး ဆိုင်တစ်ခုလုံး အေးစက်ကာ ဗလာကျင်းနေသည်။

-အပိုင်း(၈) အခန်း(၃၉၁-က)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၉) အခန်း(၃၉၁-ခ) ပျောက်ဆုံးမှု(၂)

သူသည် အရင်းမြစ်ရတနာများအားလုံးကိုယူရန် အပေါ်ထပ်သို့တက်ကာ ဒုတိယအိပ်ခန်းဆီသွားလိုက်၏။ ထိုနောက် လဆန်းတောင်ဆီသို့ ထွက်လာခဲ့သည်။

တောင်ထိပ်တွင် ကျန်းဟန်သည် ယန်မိုးကြိုး သစ်ပင်၏တုတ်ခိုင်သည့်အကိုင်းတစ်ခုပေါ်တွင် ထိုင်နေပြီး ရှောင်ပေါ်းက သစ်ပင်၏နောက်တွင် ထိုင်နေကာ တာပေါ်းက ပင်စည်ကိုမှီ၍ အိပ်ငိုက်နေသည်။

နေထွက်သည်အထိ သူ တစ်ညလုံး ဒီအတိုင်းထိုင်နေခဲ့သည်။

ယွမ်ချင်သစ်ပင်၏ထိပ်မှ အပြာရောင်အလင်းတန်း ဖြာထွက်လာသည်။

အပြာရောင်အလင်းဖြင့်တောက်ပနေသည့် သစ်သီး တစ်လုံး ဖြစ်ပေါ်လာသည်။

ယွမ်ချင်သစ်သီး ပေါ်လာလေပြီ။

ကျန်းဟန်သည် ယွမ်ချင်သစ်သီးကို လျင်မြန်စွာ ခူးယူလိုက်ပြီး ပစ္စည်းများစွာကို အဝတ်အိတ်ဖြင့်ထုပ်ပိုးကာ အရှေ့ဘက်ကမ်းပါးသို့ သွားပြီး ပင်လယ်ထဲသို့ ခုန်ချသွားခဲ့သည်။

......

လွန်ခဲ့သည့်ညက...

ဇီယန်၊ မုန့်မုန့်၊ ကျိုးဖေး၊ လျန်ဟောင်နှင့် သူ့ညီမတို့ စားသောက်ဆိုင်သို့ ရောက်သည့်အခါ မုန့်မုန့်က နှုတ်ခမ်းဆူ၍ မေးသည်။ "ဖေဖေ ဖေဖေဘယ်မှာလဲ"

"သမီးဖေဖေက ရက်နည်းနည်းလောက် အပြင်သွားတယ်။ သူက သမီးနဲ့ သမီးမေမေအတွက် ပေါက်စီလေးတွေ လုပ်ပေးထားတယ်" ကျောက်ဖုန်းက မုန့်ဗန်းနှစ်ခုကို ဆွဲယူလိုက်သည်။

"ဖေဖေကိုပဲ လိုချင်တယ်...." မုန့်မုန့်က ငိုတော့လေသည်။

နေကာမျက်မှန်ဖြင့် ဖုံးအုပ်ထားသည့် သူမ၏မျက်နှာတွင် ဆုံးရှုံးမှု၊ ပူဆွေးမှု၊ ဝမ်းနည်းမှု၊ နာကျည်းမှုအရိပ်အယောင်နှင့် ဝေခွဲရခက်သည့်ပုံစံရှိနေသည်။

ဤကဲ့သို့ တစ်နာရီခန့်ထိုင်နေပြီးနောက် သူတို့အုပ်စု ပြန်သွားကြသည်။ ကျောက်ဖုန်းလည်း ကိုးနာရီအထိ ထိုင်နေခဲ့ပြီး ကုမ္ပဏီသို့ ပြန်သွားခဲ့သည်။

ယနေ့မနက်စောစောတွင် ကျောက်ဖုန်း ဆိုင်သို့ ရောက်လာပြီး ပန်ဒါကားကိုမြင်သည့်အခါ ကျန်းဟန် ပြန်ရောက်ပြီဟု ထင်လိုက်သည်။

သို့သော် တံခါးကို သော့ခတ်ထား၏။ သော့ဖွင့်၍ စားသောက်ဆိုင်ထဲဝင်လိုက်ရာ အခန်းလွတ်ကိုသာ တွေ့လိုက်ရသည်။

"ဆရာ ဘယ်ရောက်နေတာလဲ"

ကျောက်ဖုန်း အနည်းငယ်ဒွိဟဖြစ်သွားပြီး ထမင်းစားခန်းထဲရှိ ထိုင်ခုံတစ်လုံးတွင်ထိုင်ကာ တိတ်ဆိတ်စွာ စောင့်နေလိုက်သည်။

သူ ညနေ ၄ နာရီအထိ စောင့်နေခဲ့၏။ ကျန်းဟန်၏အရိပ်အယောင်ကို မမြင်ရသဖြင့် သူ အနည်းငယ် စိတ်မရှည်တော့။

သူ အကြိမ်ပေါင်းများစွာ ဖုန်းခေါ်ခဲ့သည်။

"လီလီ မင်းအစ်ကို အဲ့မှာရှိလား။ မရှိဘူးလား။ သူ စားသောက်ဆိုင်မှာလည်း မရှိဘူး။ ငါ သူ့ကို မနေ့ညကတည်းက မတွေ့တာ။ မင်းဒီကို လာမှာလား။ ကောင်းပြီ ငါ စောင့်နေမယ်"

"ကျိုးဖေး။ သူဌေး မင်းတို့ဆီမှာရှိလား။ မရှိဘူးလား အင်း ငါသိပြီ။ သူဌေး ပျောက်နေလို့။ သူ့ဖုန်းက ပိတ်ထားတယ် ဘယ်ရောက်နေမှန်းမသိဘူး"

"အားဟူ လဆန်းတောင်ကိုသွားပြီး သူဌေးရှိလား သွားကြည့်"

"..."

နာရီဝက်ခန့်ကြာတော့ ကျန်းလီရောက်လာသည်။ အဖြစ်အပျက်ကိုသိပြီးနောက် သူမ အလွန်ထူးဆန်းသည်ဟု ခံစားလိုက်ရသည်။ သူမအစ်ကို ဘာလုပ်တော့မည်ကို သူမ မသိချေ။

ည ၇ နာရီတွင် ဇီယန်၊ ကျိုးဖေးနှင့် မုန့်မုန့်တို့ ရောက်လာသည်။

ဇီယန်သည် နေကာမျက်မှန်ကို တပ်ထားဆဲဖြစ်သည်။ သူမ၏မျက်လုံးများက နီရဲမို့အစ်နေပြီး နေကာမျက်မှန်မပါဘဲ အပြင်မထွက်နိုင်ချေ။

ဤတစ်ကြိမ်တွင်လည်း သူမ ဆိုဖာပေါ်၌ တိတ်ဆိတ်စွာ ထိုင်နေဆဲဖြစ်၏။

သူမ ဘာတွေးနေလဲ မည်သူမှ မသိချေ။ တစ်နာရီခွဲခန့် ထိုင်နေပြီးနောက် သူမ ထထွက်သွားသည်။

ထိုညတွင် ကျောက်ဖုန်း၊ ကျန်းလီနှင့် လေ့ချင်းတို့ စားသောက်ဆိုင်တွင် ရှိနေကြ၏။ ၉ နာရီထိုးခန့်တွင် လျန်ဟောင်နှင့် လျန်မုန့်ချီ ရောက်လာသည်။

၎င်းက ကျောက်ဖုန်းကို အနည်းငယ် အံ့အားသင့်သွားစေသည်။

ည ၁၁ နာရီခန့်တွင် ထိုမောင်နှမနှစ်ယောက် ပြန်သွားကြသည်။

သုံးရက်မြောက်နေ့တွင် ကျန်းဟန်ထံမှ ဘာသတင်းမှမရသေးသဖြင့် အားလုံး စိတ်ပူစပြုလာသည်။

"နည်းပြလျို" ကျောက်ဖုန်းက နည်းပြလျိုကို ဖုန်းဆက်ပြီး တိုက်ရိုက်ပြောလိုက်သည်။ "ခင်ဗျား ကျွန်တော့်ဆရာဆီက သတင်းလေးဘာလေးကြားမလား စစ်ကြည့်ပေးလို့ရမလား။ လေယာဉ်လမ်းကြောင်းတွေဘာတွေပေါ့။ သူ ဟောင်ကောင် ထွက်သွားပြီလား။ တစ်နေရာရာမှာ ပေါ်လာလားလို့"

"အိုကေ အခုစစ်ဆေးဖို့ ငါတစ်ယောက်ယောက်ကို စီစဉ်လိုက်မယ်" နည်းပြလျို ခေါင်းညိတ်သည်။

သတင်းရရန်အတွက် အချိန်အတော်ကြာခဲ့၏။ ကျန်းဟန်ထိုညက စားသောက်ဆိုင်သို့ ပြန်လာပြီး ပစ္စည်းအချို့နှင့်အတူ ထွက်သွားခဲ့ကာ နောက်တစ်ကြိမ် ပြန်ပေါ်မလာတော့ချေ။

"ငါ့အစ်ကို ဘယ်ရောက်နေတာလဲ" ကျန်းလီ အနည်းငယ်စိတ်ပူသွားသည်။

သူမ စိတ်အခြေအနေဆိုးရွားနေသော်လည်း တိတ်ဆိတ်စွာ စောင့်နေရုံမှတပါး ဘာမှမတတ်နိုင်ချေ။

ညနေ ၆ နာရီတွင် ကျိုးဖေး ကားမောင်းဝင်လာပြီး လျန်ဟောင်က နောက်မှပါလာသည်။

တကယ်တမ်းတွင် ကျန်းဟန် စားသောက်ဆိုင်၌မရှိကြောင်း သူတို့သိထားပြီးဖြစ်သော်လည်း မုန့်မုန့်က လာဖို့အပြင်းအထန်တောင်းဆိုနေပြီး ဇီယန်ကလည်း သူမအား မ

ငြင်းခဲ့ချေ။ ထို့ကြောင့် သူတို့ စားသောက်ဆိုင်သို့ တန်း၍ထွက်လာကြသည်။

ဤတစ်ကြိမ်တွင် ဇီယန် ဆိုဖာပေါ်၌ နှစ်နာရီကြာအောင် တိတ်ဆိတ်စွာ ထိုင်နေခဲ့သည်။

ရှင် ထွက်ပြေးနေတာလား...

မကြာသေးခင်ရက်များက သူမ စိတ်ရှုပ်ထွေးနေရသည့်အကြောင်းအရင်းမှာ သူမ၏စိတ်ထဲ၌ ကျန်းဟန်ဖြင့် ပြည့်နေသောကြောင့်ဖြစ်ကြောင်း ဇီယန် မသိခဲ့ချေ။

သို့သော် စစ်မှန်သည့် ဓာတ်ပုံများ၊ ဗီဒီယို၊ အသံ၊ ဖုန်းခေါ်ဆိုမှုနှင့် သူ ပို့ပေးခဲ့သည့် တည်နေရာအချက်အလက်များ....

ဤအရာအားလုံးက ကြီးမားသည့်တူကြီးတစ်လက်အဖြစ်ပြောင်းလဲသွားပြီး ဇီယန်၏စိတ်ကို ဖြိုခွဲသွားသည်။

သူမ နာကျင်ခဲ့ရ၏။ ပထမအဆုံးအကြိမ် သူမ ဤမျှ စိတ်ရှုပ်ထွေးပြီး စိတ်ပျက်အားငယ်သည့် ခံစားချက်မျိုး ခံစားခဲ့ရခြင်းဖြစ်သည်။

သူမ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ စိတ်ဝိညာဉ် ပျောက်ဆုံးနေသည့် ခန္ဓာကိုယ်အခွံတစ်ခုလို ဖြစ်သွားခဲ့သည်။

နှစ်နာရီကြာထိုင်နေပြီးနောက် ဇီယန်ထရပ်ပြီး တုန်ယင်နေသည့်အသံဖြင့် "သွားရအောင်”

ကျိုးဖေးက မုန့်မုန့်ကို ပွေ့ချီလိုက်ပြီး လျန်ဟောင်နှင့် လျန်မုန့်ချီတို့က နောက်မှလိုက်ကာ ထွက်သွားကြသည်။

ကျောက်ဖုန်းနှင့် အခြားသူများ အကူအညီမဲ့စွာ ခေါင်းယမ်းလိုက်ကြ၏။

ကျန်းဟန် ထွက်သွားသည့်အခါ သူတို့အားလုံး အဓိက ခေါင်းဆောင်ကို ဆုံးရှုံးသွားပုံရသည်။

သူတို့ ဘာလုပ်ရမည်နည်း။

ကျောက်ဖုန်း ခေါင်းကိုက်လာ၏။ သူ သက်ပြင်းချကာ ဘေးနားတွင် ထိုင်လိုက်သည်။

ည ၁၀ နာရီခန့်တွင် ယွမ်ရင်ဥယျာဉ်၌...

မုန့်မုန့်အား ချော့သိပ်ပြီးနောက် သူတို့အားလုံး ဒုတိယ ထပ် ညှော့ခန်းရှိ ဆိုဖာပေါ်တွင် ထိုင်နေကြသည်။

"ခဲအိုက ဘယ်ရောက်နေမှန်းမသိဘူး။ မုန့်မုန့်က ညနေက နည်းနည်းလေးစားပြီး တစ်ချိန်လုံးငိုနေတာ။ ဒီတိုင်းဆက်သွား ရင် သူမ ခံနိုင်မှာမဟုတ်တော့ဘူး" ကျိုးဖေးက စိတ်သောက များဖြင့် ပြောသည်။ ထိုနောက် သူမ ဇီယန်ကို ကြည့်ကာ "အစ်မယန် ကျေးဇူးပြုပြီး အသေးစိတ်ပြောပြလို့မရဘူးလား"

ဇီယန်သည် နေကာမျက်မှန်တပ်မထားချေ။ သူမ မျက်တွင်းများကျနေသည်။ ကျိုးဖေး၏မေးခွန်းအား သူမ ပြန်မ ဖြေ။

"ဒီလိုဆက်သွားနေရင် မကောင်းတော့ဘူး။ ပွင့်ပွင့်လင်း လင်း ပြောလိုက်တာ မင်းအတွက် ပိုကောင်းမယ်ထင်တယ်။ ရလဒ်က ဘာပဲဖြစ်ဖြစ် အဆုံးသတ်ရှိမှာပဲ" လျန်ဟောင်က သက်ပြင်းချသည်။

တစ်ခါတစ်ရံ လင်နှင့်မယား လျှာနှင့်သွား ဆိုသော်လည်း ဤခု ပြဿနာက အချိန်ဆွဲနေသည်ဟု လျန်ဟောင် မြင်မိသည်။ ဘာကိစ္စပဲဖြစ်ပါစေ ပြန်လည်သင့်မြတ်လိုပါက ရှင်းရှင်းလင်းလင်းလုပ်ရန် အခွင့်အရေးပေးရမည်ဖြစ်သည်။

"ဒါပေမယ့် အခု ကျန်းဟန် ပျောက်နေတယ်။ သူတို့ ဘယ် သွားပြီး စကားပြောရမှာလဲ" ကျိုးဖေးက ဒေါသတကြီး ပြောသည်။

"ငါ့မှာ သူ့ဒြေးထွက်လာစေမယ့် နည်းလမ်းရှိတယ်" လျန် မုန့်ချီက ခဏလောက်စဉ်းစားပြီး ရုတ်တရက် ပြောလိုက် သည်။

"ဘာနည်းလမ်းလဲ" ကျိုးဖေးက အလျင်စလိုမေးသည်။

"စေ့စပ်ချင်ယောင်ဆောင်တာ” လျန်မုန့်ချီက လျှာထုတ်ကာ ပြောလိုက်သည်။ "အရင်နေ့က ငါ ဇာတ်လမ်းတွေတစ်ခုမှာ အဲဒီဇာတ်ကွက်ကို ကြည့်ဖူးတယ်။ အစ်ကိုကတော့ နည်းနည်းအကုန်အကျခံရမယ်။ အစ်မယန်နဲ့ အစ်ကိုနဲ့ မနက်ဖြန် စေ့စပ်ချင်ယောင်ဆောင်ပြီး ရင်းနှီးတဲ့မိတ်ဆွေတွေကိုပဲ ဖိတ်လိုက်။ ပြီးတော့ ဒီအကြောင်းကို ကျောက်ဖုန်းကို ပြောလိုက်မယ်။ ဒါဆို သူငွေးပေါ်လာမှာ သေချာတယ်”

"အဲဒါ... အဲ့ဒါ မသင့်တော်ဘူးနော်” လျန်ဟောင် တုံ့ဆိုင်းသွား၏။

"နင့်မှာ ပိုကောင်းတဲ့နည်းလမ်းရှိလား။ ဘာပဲဖြစ်ဖြစ် ဒါက အတုပဲလေ။ ပြီးတော့ နင်တို့ ရုပ်ရှင်ရိုက်(ဟန်ဆောင်)နေတယ်ဆိုတာကို ကျန်းဟန်ကို ရှင်းပြလို့ရတာပဲ” လျန်မုန့်ချီက လျန်ဟောင်အား စိုက်ကြည့်ကာ ပြောသည်။ "ကဲ နင် အရင်က အစ်မယန်ကို ကြိုက်ခဲ့ဖူးတယ်မဟုတ်လား။ အခုမှ ဘာလို့ ဒီလောက်တွန့်ဆုတ်နေတာလဲ”

"ငါ…” လျန်ဟောင် ဘာပြန်ပြောရမှန်း မသိတော့။

အင်း… အခု ဒီကိစ္စကို ကျန်းလီသိသွားရင် သူမရဲ့စရိုက်အရ နောက်ကျ ငါ့နဲ့ စကားပြောပါတော့မလား….

သို့သော် ၎င်းကို စဉ်းစားပြီးနောက် လျန်ဟောင် သက်ပြင်းချကာ "ငါ့မှာ ပြဿနာမရှိပါဘူး။ ဒီနည်းလမ်းက ဖြစ်နိုင်ပါတယ်”

သူတို့ ပြန်ပြီးအဆင်ပြေသွားကြရင် ကျန်းလီ ငါ့ကို စိတ်မဆိုးလောက်ပါဘူး…

"ကျွန်မ ပင်ပန်းနေပြီ။ အနားယူတော့မယ်” ဇီယန်က ပင်ပန်းနွမ်းနယ်စွာပြောပြီး အိပ်ခန်းဆီသို့ တန်း၍ လျှောက်သွားသည်။

ကျိုးဖေးက စဉ်းစားကာ နောက်မှ လိုက်သွား၏။

၁၀ မိနစ်ခန့်ကြာသည့်အခါ ကျိုးဖေး ပြန်ထွက်လာပြီး ဆိုဖာပေါ်ထိုင်ကာ "မိန်ချီပြောတဲ့အတိုင်း ငါတို့လုပ်မယ်။

မနက်ဖြန် ခဲအိုပေါ်မလာဘူးဆိုရင် အစ်မယန်က စက်ာပူကို ပြန်တော့မယ်”

ဟုတ်တယ်။... ရှင်မလာဘူးဆိုရင် ကျွန်မ ထွက်သွားမယ်...

မနက်ဖြန်သည် ကျန်းဟန်စီစဉ်ထားသည့် သုံးရက်တာ၏ နောက်ဆုံးနေ့လည်းဖြစ်ပေသည်။

ကျိုးဖေးနှင့် အသေးစိတ်ဆွေးနွေးပြီးနောက် လျန်ဟောင်နှင့် သူ့ညီမ အခန်းထဲမှ ထွက်လာကြသည်။

ခတ်လှေကားထဲတွင် လျန်ဟောင် သက်ပြင်းချလိုက်သည်။

ကားပေါ်တက်ပြီးနောက် သူ ပြောလိုက်သည်။ "ငါ လီလီကို ဒီအကြောင်း အရင်ပြောပြရမယ်။ သူမ ငါ့ကို နားလည်မှုမလွဲစေချင်ဘူး”

"မဖြစ်ဘူး နင်သူ့ကို အမှန်တိုင်းပြောလို့မရဘူးနော်" လျန်မုန့်ချီက အမြန်ပြောသည်။ "အစ်ကို နင် ကိုယ်နင် ဘယ်လို တွေးနေသေးတာလဲ။ နင် အခြေအနေတစ်ခုလုံးကို ထည့်စားရမှာနော်။ အစီအစဉ်အတိုင်းပဲလိုက်လုပ်။ ငါ သူတို့ကို အကြောင်းကြားလိုက်မယ်။ နင် စိတ်မပူပါနဲ့"

ထိုနောက် လျန်မုန့်ချီသည် ကျောက်ဖုန်း၏နံပါတ်ကို တန်း၍ခေါ်လိုက်သည်။

"ဟဲလို ကျောက်ဖုန်း ကျွန်မ ရှင့်ကို ပြောစရာရှိတယ်။ ဇီယန်နဲ့ ကျွန်မအစ်ကို မနက်ဖြန် စေ့စပ်တော့မယ်။ မက်မွန်ပန်းဟိုတယ် ခေါင်မိုးထပ်မှာ ပွဲလုပ်မှာ။ အဲ့ဒီကိုသွားဖို့ မမေ့ပါနဲ့"

သူမ ဖုန်းမချခင် ကျောက်ဖုန်း၏ဖုန်း ကြမ်းပြင်ပေါ် ပြုတ်ကျသံကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

"စကားလုံးနည်းနည်းလေးနဲ့ သူ့ဒွေး ညသန်းခေါင်ကျပြန်လာလိမ့်မယ်" လျန်မုန့်ချီ မျက်စောင်းထိုးကာ ပြောလိုက်သည်။

"ကောင်းပြီ ငါ လူဆိုးဖြစ်ပေးရတော့မှာပေါ့" လျန်ဟောင်က သက်ပြင်းချပြီး ရုတ်တရက် နှာချေလိုက်လိုက်မိသဖြင့် ထပ်မံ သက်ပြင်းချလိုက်သည်။ ထိုနောက် ကားကိုစက်နှိုးကာ ယွမ်ရင်ဥယျာဉ်မှ ထွက်ခွာသွားတော့သည်။

စားသောက်ဆိုင်တွင်... ကျောက်ဖုန်း သတင်းကြားပြီးနောက် ငေးကြောင်ကြောင်ဖြစ်သွားသည်။

အခြားသူများကို ပြောပြလိုက်သည့်အခါ အားလုံး အော်ဟစ်လိုက်ကြသည်။

"ဘာ"

"ဘယ်လိုဖြစ်နိုင်မှာလဲ"

"အစ်ကိုကျန်းဟန်ဘယ်မှာလဲ။ သူ့ကို ရှာပါဦး"

"အဲဒီလျန်ဟောင်နဲ့တော့ ငါ ရှုးတော့မှာပဲ။ ငါ့အစ်ကိုဘယ်မှာလဲ။ နည်းလမ်းတစ်ခုခု အမြန်ရှာကြရအောင်" ကျန်းလီက စိတ်လောကြီးစွာ အော်ပြောသည်။

"စဉ်းစားစမ်း စဉ်းစားစမ်း.... နည်းပြလျှို...." ကျောက်ဖုန်းက နည်းပြလျှိုအား ကြည့်လိုက်၏။

နည်းပြလျှို ပြာယာခတ်နေပြီး "ငါ တစ်ယောက်ယောက်ကို ဖုန်းခေါ်ပြီး မြေလှန်ရှာဖို့ ပြောလိုက်မယ်..."

စားသောက်ဆိုင်ရှိလူများအားလုံး တစ်ညလုံး မအိပ်ခဲ့ကြချေ။

နောက်တစ်နေ့မနက်တွင် ကျန်းလီ၏မျက်လုံးများက စိုးရိမ်မှုများဖြင့် နီရဲနေသည်။ "ဘယ်လိုပဲဖြစ်ဖြစ် သူတို့ စေ့စပ်လို့မရဘူး။ ကျောက်ဖုန်း နင်....."

"စိတ်မပူပါနဲ့။ ဆရာပြန်မလာရင်တောင် ငါ သူတို့ကို တားမှာပါ။ ငါ တစ်ယောက်ယောက်ကို လွှတ်လိုက်ပြီးပြီ။ နေ့လည်ထိ ဆရာပြန်မလာသေးရင် ငါတို့လည်း လိုက်သွားကြမယ်" ကျောက်ဖုန်းက ပြန်ပြောသည်။

"ဟမ်" နည်းပြလျိုက ရုတ်တရက် ခေါင်းယမ်းကာ ပြောသည်။ "သူငွေးပြန်မလာရင် ငါတို့ ထိုင်စောင့်နေရုံနဲ့မဘူး။ တခြားနည်းလမ်းတွေ စဉ်းစားရမှာ"

"ဘာနည်းလမ်းလဲ" ကျောက်ဖုန်းက ရုတ်တရက် "ငါ သတိရပြီ" ဟု ပြောသည်။

"ဘာလဲ"

အားလုံးက ကျောက်ဖုန်းအား ကြည့်လိုက်ကြသည်။

သူ မှတ်စုစာအုပ်ရှိရာ ကောင်တာဆီသို့ အမြန်ပြေးသွားပြီး နောက်ဆုံးတွင် နာမည်ကတ်တစ်ခုကို ရှာတွေ့သွားသည်။

"အဲဒါ သူပဲ။ သူပဲ။ အန်းယုရဲ့ဥက္ကဋ္ဌ မစ္စတာရှန်း။ ဟက်ကာလောကရဲ့ ထိပ်တန်းဆရာကြီးတစ်ယောက်ပဲ။ သူ အသေးစိတ်အချက်တွေ သေချာပေါက် ရှာနိုင်မှာ။ ဒါဆို ငါတို့ အဖြေရှာတွေ့နိုင်ပြီ"

"ရှင် ဖုန်းဆက်ပြီး မေးလိုက်ပါလား" ကျန်းလီက အလျှင်စလိုပြောသည်။

"အိုကေ" ကျောက်ဖုန်း နာမည်ကတ်ပေါ်ရှိ ကိုယ်ပိုင်ဖုန်း နံပါတ်ကို အမြန်ခေါ်လိုက်သည်။ "ဟဲလို မစ္စတာရှန်း။ မုန့်မုန့် စားသောက်ဆိုင်ကပါ။ ကျုပ်တို့ ခင်ဗျားကို အကူအညီတောင်း ချင်လို့။ ဟုတ်လား။ ကောင်းတယ်။ ဒါဆို အခု စားသောက်ဆိုင် ကို လာခဲ့လို့ အဆင်ပြေမလား..."

အောင်မြင်သွားသည်ကိုမြင်တော့ ကျန်းလီက ကျိုး ဖေး၏နံပါတ်ကို အမြန်ခေါ်လိုက်သည်။

"ဖေးဖေး ငါ့ကို တစ်ခုလောက် ကူညီပါလား။ ယောင်းမရဲ့ ဖုန်းကို စားသောက်ဆိုင်ကို ယူလာခဲ့ပေး..."

-အပိုင်း(၉) အခန်း(၃၉၁-ခ)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၁၀) အခန်း(၃၉၁-၈) ပျောက်ဆုံးမှု(၃)

စားသောက်ဆိုင်တစ်ခုလုံး ပြင်ဆင်မှုများဖြင့် အလုပ်ရှုပ်နေချိန်တွင် ချောင်မိသားစု၏အဓိကစံအိမ် ခန်းမထဲ၌ ခေါင်းဆောင်ချောင် ဦးဆောင်သည့် မိသားစုအကြီးကဲစီနီယာအဖွဲ့ဝင် ၁၃ ယောက် ထိုင်နေကြသည်။

အခန်းတွင်းလေထုမှာ တင်းမာလွန်းနေပြီး သူတို့တစ်ယောက်ယောက်ကို စောင့်နေကြပုံရသည်။

ရုတ်တရက် ခန်းမတံခါးပွင့်လာ၏။

ချောင်လောလောက ပေါ့ပေါ့ပါးပါးအဝတ်အစားများဖြင့် လေးဖင့်စွာ ဝင်လာခဲ့သည်။

"ဘိုးဘိုး လေယာဉ်ပေါ်ကဆင်းတာနဲ့ တန်းပြီးခေါ်လာတာပဲ။ အလုပ်ခိုင်းစရာရှိလို့လား” ချောင်လောလောက မေးသည်။

သူမ အနည်းငယ် ဘဝင်ခိုက်နေခဲ့၏။ သူမ ယူကေတွင် လေးနှစ်ကြာ ငွေကြေးဆိုင်ရာပညာကို သင်ကြားခဲ့သည်။ ယခု

အချိန်တွင် သူမ၏အစွမ်းကို ထုတ်ပြနိုင်ခဲ့ပြီး အောင်မြင်သည့် စီးပွားရေးလုပ်ငန်းနှစ်ကို ဖန်တီးပေးနိုင်ခဲ့သည်။ သိသာစွာပင် သူမသည် သူမ၏အိပ်မက်ဖြစ်သည့် ချောင်မိသားစု အဓိက အဖွဲ့ဝင်လာတော့မည်ပင်။

"ချောင်လောလော ဒီကိုလာခဲ့"

ခေါင်းဆောင်ချောင်က မတ်တပ်ထရပ်ကာ အမူအရာကင်း မဲ့စွာဖြင့် သူမအား လက်ဖွေ့ယမ်းပြလိုက်သည်။

ချောင်လောလော ပြုံးလိုက်၏။ လေထုသည် အနည်းငယ် ထူးဆန်းနေသည်ဟု သူမ ခံစားမိသော်လည်း ထိုအကြောင်းကို သိပ်အများကြီး စဉ်းစားမနေဘဲ ရှေ့သို့ လျှောက်သွားလိုက် သည်။

"ဘိုးဘိုး..."

"ဖြောင်း"

သူမ စကားမဆုံးခင်မှာပင် ချောင်မိသားစုခေါင်းဆောင်က ချောင်လောလော၏မျက်နှာကို ပြင်းထန်စွာ ရိုက်လိုက်သည်။

ခဏအကြာတွင် သူမ၏ဘယ်ဘက်ပါးပြင်၌ အနီရောင် လက်ဝါးရာပေါ်လာသည်။ ချောင်လောလော တုန်လှုပ်သွားပြီး ခေါင်းဆောင်ချောင်အား စိုက်ကြည့်လိုက်သည်။

"ဖြောင်း"

ခေါင်းဆောင်ချောင်က နောက်တစ်ချက် ထပ်လိုက် ရိုက်၏။

"နင် သိပ်တော်တယ်ပေါ့ ဟုတ်လား။ ဟမ် မင်း ဘယ်လောက်ထိ ပြဿနာရှာထားလဲ နင်သိလား"

ခေါင်းဆောင်ချောက်က စကားပြောနေရင်းဖြင့် သနား ညှာတာမှုမရှိ ချောင်လောလော၏မျက်နှာကို ရိုက်လိုက်သည်။ မည်သည့်စီနီယာအဖွင့်ဝင်ကမှ သူမအား ကူညီရန် ထွက်မလာကြချေ။

"နင်က မာစတာကျန်းလို ပုဂ္ဂိုလ်ကို ရန်စရဲတယ်ပေါ့။ နင် မလုပ်ရဲတာ ဘာရှိသေးလဲဟမ်"

"နင် ပြန်ရောက်တာ ဘယ်လောက်ကြာသေးလို့လဲ။ နင် သာ အချိန်ကြာကြာနေခဲ့ရင် ချောင်မိသားစုက နင့်ကြောင့် ပျက်စီးသွားလိမ့်မယ်"

"..."

တိတ်ဆိတ်နေသည့်ခန်းမထဲတွင် ခေါင်းဆောင်ချောင်၏ ဆူပူကြိမ်းမောင်းသံမှလွဲ၍ ချောင်လောလော၏နာကျင်စွာငိုသံ ကိုသာ ကြားရလေသည်။

အစပိုင်းတွင် မာစတာကျန်းက ဘယ်သူလဲ သူမ မသိခဲ့ ချေ။

သို့သော် ၎င်းက ဘယ်သူလဲ သူမ သိသွားချိန်တွင်တော့...

သူမ လုံးဝ မျှော်လင့်ချက် ပျက်သုဉ်းသွားခဲ့လေသည်။

-အခန်း(၃၉၁)ပြီး

## အခန်း(၃၉၂-က) မုန်တိုင်းပြီးရင် လေပြည်လာတယ်(၁)

ကျန်းဟန်ဘက်သို့ ပြန်သွားရသော်...

ထိုနေ့က ကျင့်ကြံခြင်းရင်းမြစ်များကို သယ်ဆောင်၍ ပင်လယ်ထဲခုန်ချပြီး သဘော်ာပျက်ရှိရာသို့ ကူးသွားခဲ့သည်။

နောက်ဆုံးတွင်တော့ သူသည် ချီသန့်စင်ခြင်းအစောပိုင်း အဆင့်တွင်သာ ရှိသေးသည်မဟုတ်ပါလား။ ပစ္စည်းများစွာ ကိုယ်သယ်၍ ကူးခတ်ရသည်က အလွန်ပင်ပန်း၏။

သဘော်ာပျက်အောက်ရှိ ကျောက်တုံးအိမ်သို့ရောက်သည့် အခါ သူ အလွန်မောပန်းနေခဲ့သည်။

"ဘန်း"

ထိုအရင်းမြစ်များနှင့် ဒြပ်စင်ငါးမျိုးမီးဖိုကို ဘေးသို့ချကာ ခြေချိတ်ချထိုင်လိုက်ပြီး စိတ်ဝိညာဉ်စွမ်းအင် ပြန်လည်ဖြင့်တင်း လိုက်သည်။

ဤ၊နေရာ၌ စိတ်ဝိညာဉ်စွမ်းအင် အလွန်ကြွယ်ဝသည့်အတွက် သူ၏ခွန်အား ပြန်လည်ရရှိရန် နာရီဝက်သာကြာခဲ့သည်။

"ချီသန့်စင်ခြင်းအစောပိုင်းအဆင့်မှာ ငါက အရမ်းအားနည်းလွန်းနေသေးတယ်"

ကျန်းဟန် ခေါင်းကို ခါယမ်းလိုက်သည်။

အခန်းအား ကြည့်လိုက်ပြီးနောက် ထိုင်ဖုံကို ကောက်ယူလိုက်ပြီး တိုးတိုးလေးရေရွတ်လိုက်သည်။ "ကျင့်ကြံခြင်းလမ်းမှာ အန္တရာယ်တွေအများကြီးရှိတယ်။ မင်းက လမ်းမှားသွားခဲ့တာပဲ"

ထိုနောက် ထိုင်ဖုံအား ပင်လယ်ထဲသို့ လွှင့်ပစ်လိုက်သည်။

ကျောက်တုံးအိမ်၏ပိုင်ရှင်မှာ မည်သည့်အဆင့်တွင်ပင်ရှိနေပါစေ သူသည် ကျန်းဟန်အား အကူအညီပေးခဲ့၏။

ကျောက်တုံးအိမ်၏အလယ်တွင် ဒြပ်စင်ငါးမျိုးမီးဖိုကို ချထားပြီးနောက် ကျန်းဟန် ဖွဲ့စည်းပုံ(ဝက်ပါ)ချလိုက်သည်။

"စိတ်ဝိညာဉ်ထိန်းချုပ်ခြင်းဖွဲ့စည်းပုံ(နောက်ပိုင်းတွင် ဝက်ပါဟု သုံးသွားပါမည်) ပွင့်စမ်း"

ဝက်ပါနေရာချပြီး အသက်သွင်းလိုက်ပြီးနောက် ကျောက်တုံးအိမ်ထဲရှိ စိတ်ဝိညာဉ်ချီအားလုံးကို သူ ထိန်းချုပ်နိုင်ကြောင်း ကျန်းဟန် ခံစားလိုက်ရသည်။

"စတော့မယ်...."

ကျန်းဟန် သက်ပြင်းချလိုက်သည်။ ဇီယန်အတွက် စိုးရိမ်နေသလို သူ၏မိဘများကိုလည်း တစ်ပြိုင်တည်း တွေးလိုက်မိသည်။

ထို့ကြောင့် ကျန်းဟန် တင်ပျဉ်ခွေထိုင်ကာ မျက်လုံးများမှိတ်လိုက်ပြီး တရားထိုင်လိုက်သည်။

"စိတ်ဆန္ဒမရှိ၊ တောင်းဆိုချက်မရှိ၊ စိတ်ဆန္ဒမရှိ၊ တောင်းဆိုချက်မရှိ။ စိတ်ကိုတည်ငြိမ်အောင်ထား။ အတွင်းစိတ်ကို အေးချမ်းအောင်ထိန်းထား။ အတွေးစည်းခတ်ခြင်းနည်းလမ်း”

"ဝုန်း”

ခန္ဓာကိုယ်တွင်းရှိ စိတ်ဝိညာဉ်ချီနှင့် ကျောက်တုံးအိမ်ထဲရှိ စိတ်ဝိညာဉ်ချီသည် ကျန်းဟန်၏စိတ်ခြင့် ထိုးဖောက်လိုက်သည့်အတွက်ကြောင့် ချက်ချင်း နိုးထလာသည်။

အတွေးမျိုးစုံ ထွက်ခွာသွားပြီး သူသည် အေးစက်သည့် စက်တစ်ခုပမာဖြစ်လာကာ စိတ်ထဲတွင် သူ၏ရှေ့မှ မီးဖိုနှင့် အခြေတည်ခံတည်ဆောက်ခြင်းဆေးလုံးပြုလုပ်ရန်အတွေးသာ ရှိတော့သည်။

ကျန်းဟန် ဆေးလုံး စတင်ပြုလုပ်သည်။

ကျောက်တုံးအိမ်ထဲတွင် ပျော့ပြောင်းသည့်အလင်းရောင်ကဲ့သို့ရှိသည့် ဒဏ္ဍာရီဆန်ဆန်တောက်ပနေသောပုလဲ ၁၀ လုံး ရှိနေသည်။

ကျန်းဟန်သည် ဒြပ်စင်ငါးမျိုးမီးဖိုရှေ့တွင် ထိုင်ကာ စိတ်ဝိညဉ်စွမ်းအားများကို စိတ်ဝိညဉ်ထိန်းချုပ်ခြင်းဝင်္ကပါဖြင့် ထိန်းချုပ်ပြီး မီးခတ်ကျောက်အား လှုံ့ဆော်ပေးသည်။ မီးသည် သူ၏ဆန္ဒအတိုင်း လှုပ်ရှားသွားပြီး ရုံဖန်ရုံခါ အရင်းမြစ်အမျိုးမျိုးအား မီးဖိုထဲသို့ ပစ်ထည့်သည်။

ပထမတစ်မျိုးမှာ ယွမ်ချင်သစ်သီးဖြစ်သည်။

ယွမ်ချင်သစ်သီး၏မာကျောမှုက စိန်နှင့်ပင် ယှဉ်နိုင်သည့်အတွက် သန့်စင်ရန် အခက်ခဲဆုံးအရာဖြစ်သည်။

ဤနေရာတွင် အချိန်နှင့်ပတ်သက်သည့်အယူအဆ နေ့ညမရှိသဖြင့် ကျန်းဟန်သည် ကျောက်တုံးအိမ်ထဲ၌ မည်မျှကြာကြာနေခဲ့သည် မသိတော့ချေ။

နောက်ဆုံးပစ္စည်းကို ထည့်လိုက်ပြီး နာရီဝက်အကြာတွင် မီးခတ်ကျောက်က ပေါက်ကွဲထွက်လာသည်။

မီးဖိုအား ကြီးမားသည့်မီးတောက်ကြီးက ဝန်းရံသွားပြီး ခဏအကြာတွင် မီးဖိုအပေါ်ဘက်ခြမ်းရှိ ယင်ယန်ကိုယ်စားပြု အနားများက စုပ်ယူသွားကာ အောက်ဘက်ခြမ်းရှိ တိုင်ငါးတိုင်ဆီသို့ တဖြည်းဖြည်း စုစည်းသွားသည်။ မီးဖိုတစ်ခုလုံးအား ၁၀ မိနစ်ကြာ လောင်ကျွမ်းနေခဲ့သည်။

"ဝုန်း"

ရုတ်တရက် မီးဖိုထဲမှ ခပ်အုပ်အုပ်အသံတစ်ခုထွက်လာပြီး…

"ဝှစ်"

အဖြူရောင်ဆေးလုံးတစ်လုံးက မီးဖိုထဲမှ ထွက်လာသည်။

ကျန်းဟန် ၎င်းကို ဖမ်းယူလိုက်ရာ သူ၏လက်မောင်းတစ်အဆစ်လွဲမတတ်ဖြစ်သွားသည်။

"အောင်မြင်ပြီ"

ကျန်းဟန် လက်ဖဝါးကိုဖွင့်ကာ ဂရုတစိုက်ကြည့်လိုက်၏။ ထိုနောက် ခေါင်းကိုယမ်းကာ သက်ပြင်းချလိုက်သည်။

"တတိယအဆင့်ပဲရှိတဲ့ အခြေခံတည်ဆောက်ခြင်းဆေးလုံး။ ပါဝင်ပစ္စည်းတွေရဲ့အရည်အသွေးက နည်းနည်း နိမ့်နေသေးတယ်။ တစ်လုံးတည်းနဲ့ အခြေခံတည်ဆောက်ခြင်းအဆင့်ကို တက်လှမ်းနိုင်ဖို့ မျှော်လင့်ပါတယ်"

ယွမ်ချင်သစ်သီးအပြင် အခြားပါဝင်ပစ္စည်းများ၏အရည်အသွေးမှာ အလွန်မြင့်မားခြင်းမရှိချေ။ ထို့ကြောင့် ကျန်းဟန်သည် သူ၏မူလအစီအစဉ်ဖြစ်သည့် ပြီးပြည့်စုံသော အခြေခံတည်ဆောက်ခြင်းဆေးလုံးဖော်စပ်ရန်ကို လက်လျှော့လိုက်သည်။

ထိုနောက် ကျန်းဟန်သည် အခြေခံတည်ဆောက်ခြင်းဆေးလုံးအား မျိုချလိုက်၏။

မျက်လုံးများကိုမှိတ်ကာ ရတနာရှာဖွေခြင်းနည်းစနစ်ကို စတင်အသက်သွင်းလိုက်သည်။

ဆေးလုံးသောက်ပြီးနောက် ရတ်တရက်....

ကျန်းဟန်၏ခန္ဓာကိုယ်အတွင်းမှ စီးဆင်းနေသည့် ရေစီးကြောင်းသံကို ကြားလိုက်ရသည်။

အခြေခံတည်ဆောက်ခြင်းဆေးလုံးတွင် ပါရှိသည့် စွမ်းအင်သည် ကျန်းဟန်၏ခန္ဓာကိုယ်အား ရေတံခွန်ပမာ ဆေးကြောပေးပြီး နောက်ဆုံးတွင် သူ၏မရီဒျန်များအတွင်းသို့ စုစည်းသည်။

ဤနည်းဖြင့် ကျန်းဟန်သည် ရတနာရှာဖွေခြင်းနည်းစနစ် ကို အကြိမ်ပေါင်းများစွာ အသက်သွင်းလှည့်ပတ်ခဲ့သည်။

သူ၏ခန္ဓာကိုယ်ထဲရှိ စိတ်ဝိညာဉ်စွမ်းအင်များသည် အစပိုင်း တွင် မမြင်နိုင်သည့်နေရာမှ ကြယ်အလင်းရောင်ကဲ့သို့

ပြောင်းလဲသွားပြီး တဖြည်းဖြည်း အသေးငယ်ဆုံးအထိ စိတ်ဖြာသွားသည်။

အချိန်ကြာလာသည်နှင့်အမျှ…

"ဝုန်း”

ကျန်းဟန်၏စိတ်ဝိညာဉ်စွမ်းအင်များ လုံးဝစိတ်ဖြာသွားသည့်အခါ သူ၏ဒျန်တျန်အတွင်း၌ မိုးခြိမ်းသံတစ်ခု ထွက်ပေါ်လာသည်။

ဒျန်တျန်ပွင့်သွားပေပြီ။

သေးငယ်သည့် စိတ်ဝိညာဉ်စွမ်းအင်များ ပွတ်သိပ်ဝင်လာသည်။

တဖြည်းဖြည်းနှင့် သူ၏ဒျန်တျန်သည် အလယ်ဗဟိုရှိ အရေးအပါဆုံးပြောင်းရွှေ့ရေးဌာနဖြစ်လာသည်။

ကျန်းဟန် ရတနာရှာဖွေခြင်းနည်းစနစ်အား တမင်သက်သက် မလှည့်ပတ်လျှင်ပင် ၎င်းသည် နေးကွေးသည့်အရှိန်

ဖြင့် အလိုအလျောက် လည်ပတ်နေနိုင်သည်။ ဆိုလိုသည်မှာ ကျန်းဟန် အိပ်ပျော်နေချိန်တွင်ပင် အလိုလျောက် ကျင့်ကြံနေနိုင်မည်ဖြစ်သည်။

ထိုအချိန်တွင် ကျောက်တုံးအိမ်ရှိ စိတ်ဝိညာဉ်ချီသည် ယခင်ကထက် များစွာ လျော့နည်းသွားသော်လည်း ကြွယ်ဝနေဆဲဖြစ်၏။

ကျန်းဟန် အခြေခံတည်ဆောက်ခြင်းအဆင့်သို့ တက်ရန် ၎င်းကို လိုအပ်သည်။

"ဟူး…"

ကျောက်တုံးအိမ်ထဲရှိ စိတ်ဝိညာဉ်ချီများအားလုံးသည် ကျန်းဟန်၏ခန္ဓာကိုယ်ပေါ်သို့ စုရုံးလာပြီး စွမ်းအင်စီးကြောင်းအဖြစ် ပြောင်းလဲသွားသည်။ မရီဒျန်များအတွင်းရှိ စိတ်ဝိညာဉ်စွမ်းအင်များနှင့်အတူ ကျန်းဟန်၏ဒျန်တျန်အတွင်းသို့ စုစည်းနေခဲ့သည်။

ထိုအချိန်တွင် ကျန်းဟန်၏ဒျန်တျန်မှာ အခြေခံအုတ်မြစ်တည်ဆောက်ခြင်းအဆင့်ကျင့်ကြံသူများ၌ ယေဘူယျတွေ့ရသည့် သုံးလက်မဒျန်တျန်ဖြစ်သည်။

သို့သော် အကောင်းဆုံးအခြေခံအုတ်မြစ်ဒျန်တျန်မှာ ခြောက်လက်မရှိသည်။

ပြီးပြည့်စုံသည့် အခြေခံအုတ်မြစ်ဒျန်တျန်မှာ ကိုးလက်မရှိသည်။

ကိုးလက်မသည် ဒျန်တျန်၏အရှည်ကို ကိုယ်စားပြုမည့်အစား ဒျန်တျန်အတွင်းပိုင်း၏စိတ်ဝိညာဉ်စွမ်းအင်သိုလှောင်နိုင်စွမ်းကိုကိုယ်စားပြုပြီး အရေးအကြီးဆုံးမှာ အမြုအတေအရွယ်အစားကို ရည်ညွှန်းလေသည်။

ပြီးပြည့်စုံသည့်အခြေခံအုတ်မြစ်ရှိသော ကျင့်ကြံသူသည် ရှစ်မအရွယ် အမြုတေနှင့် ခုနစ်လက်မအရွယ် ယွမ်ယင်ကို ရရှိနိုင်သည်။ အကောင်းဆုံးယွမ်ယင်မှာ ကိုးလက်မရှိသင့်သော်လည်း ခုနစ်လက်မယွမ်ယင်သည် ကျင့်ကြံသူအတွက်

သဘာဝလွန်စွမ်းအားအချို့ကို ယူဆောင်ပေးရန် လုံလောက်ပေသည်။

ထို့ကြောင့် ယခုအချိန် ကျန်းဟာန်၏တာဝန်မှာ ခြောက်လက်မရှိသည့် ဒျန်တျန်ကို ရရှိရန်ဖြစ်သည်။

စိတ်ဝိညာဉ်ချီစွမ်းအင်နှင့် ကြီးမားသည့် စိတ်ဝိညာဉ်ဖိအားတို့သည် ကျန်းဟာန်၏ဒျန်တျန်ကို အဆက်မပြတ် တိုက်စားပေးနေသည်။

၎င်းက ကျန်းဟာန်အား အလွန်နာကျင်ခံစားရစေသော်လည်း ဝေဒနာခံစားရပြီးနောက်တွင် ချိုမြိန်ခြင်းများရရှိလိမ့်မည်ကို သူသိလေသည်။ အနာခံမှ အသာစံရမည်ဖြစ်၏။

ဤသို့ဖြင့် ကျန်းဟာန်၏ဒျန်တျန်သည် ဆက်လက်အဆင့်မြင့်လာပြီး သူ၏ခန္ဓာကိုယ်ထဲမှ အုံ့မှိုင်းမှိုင်းဟိန်းဟောက်သံတစ်ခု ထွက်လာသည်။

သို့သော် ငါးလက်မအရွယ် ဒျန်တျန်သို့ ရောက်သည့်အခါ စိတ်ဝိညာဉ်ချီ ၃၀ ရာခိုင်နှုန်းသာ ကျန်တော့လေသည်။

ကျန်းဟာန်၏မျက်တောင်များ အနည်းငယ် လှုပ်ခါသွား၏။

သူသည် ထိန်းချုပ်မှုအား လက်လျှော့လိုက်ပြီး သူ၏ခန္ဓာကိုယ်ထဲရှိ စိတ်ဝိညာဉ်စွမ်းအားကို သူ၏စိတ်ထဲမှ အတိုင်း လမ်းညွှန်ပေးခဲ့သည်။

တစ်ချိန်တည်းမှာပင် ကျန်းဟာန် ရေရွတ်လိုက်၏။

“ဆိုးယုတ်မှုကို ချိတ်ပိတ်”

"စိတ်ဝိညာဉ်ကို လှန့်”

"ဘယ်ကိုမှ မချိတ်ဆက်”

"စိတ်ဝိညာဉ်ပင်လယ် ပွင့်စမ်း”

"ဝုန်း”

ကျန်းဟန်၏စိတ်ထဲ၌ ခပ်အုပ်အုပ် ပေါက်ကွဲသံထွက်လာသည်။

၎င်းက ရှေးဟောင်းတားမြစ်နည်းလမ်းဖြစ်သည့် အတွေးသုံးခု စိတ်ဝိညာဉ်ပင်လယ်ဖွင့်ခြင်းပင်။

ကျင့်ကြံသူ ၉၉.၉၉ ရာခိုင်နှုန်းသည် ၎င်းအား ထိန်းချုပ်နိုင်စွမ်းမရှိကြဘဲ စိတ်ဝိညာဉ်ပျက်စီးခြင်း၊ စိတ်ဝိညာဉ်ပျောက်ဆုံးခြင်းကဲ့သို့သော ဘေးထွက်ဆိုးကျိုးများရှိသဖြင့် တားမြစ်နည်းလမ်းအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် သေရင်မြေကြီး ရှင်ရင်ရွှေထီးပင်။

ကျန်းဟန်သည် အရေမတွက်နိုင်သည့်အတွေ့အကြုံအသိပညာများကြောင့် စိတ်ဝိညာဉ်တွန်းအားကို တိကျစွာထိန်းချုပ်နိုင်ပြီး ထိုနည်းလမ်းကို အသုံးပြုရဲခဲ့သည်။

စိတ်ဝိညာဉ်ချီသည် သူ၏စိတ်ထဲသို့ ဝင်လာပြီးနောက် ကျန်းဟန်သည် ဦးနှောင်ထဲ၌ နေရာလပ်တစ်ခုကို ရုတ်တရက် ခံစားမိလိုက်သည်။

သူ သတိပြန်ဝင်လာသည့်အချိန်တွင် သူ၏စိတ်ဝိညာဉ်ပင်လယ်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ သို့သော်. . .

သူ၏စိတ်ဝိညာဉ်ပင်လယ်ထဲ၌ ပျံဝဲနေသည့် မြူအလင်းလုံးနဖ်လုံးသုံးလုံးခန့် ရှိနေပြီး ၎င်းတို့အားလုံးမှာ ကျန်းဟန်ရရှိခဲ့သည့် စိတ်ဝိညာဉ်အာရုံများဖြစ်သည်။

"ဟူး....”
ကျန်းဟန် အသက်ရှူထုတ်လိုက်ပြီး မျက်လုံးများကို ဖွင့်လိုက်သည်နှင့် အစိမ်းရောင်အလင်းတန်းက သူ၏မျက်လုံးတစ်ဖက်တစ်ချက်စီမှ လင်းလက်သွားသည်။

သူ မတ်တပ်ထရပ်လိုက်ပြီး သူ၏ခန္ဓာကိုယ်အတွင်း၌ မီးရှူးမီးပန်းပေါက်ကွဲသံများ ထွက်လာသည်။

"ငါးလက်မဒျန်တျန်နဲ့ အခြေခံအုတ်မြစ်အစောပိုင်းအဆင့်... မကောင်းဆုံးအခြေခံအုတ်မြစ်အဆင့်ကို မရောက်ခဲ့တာ နမြောစရာပဲ...”

ကျန်းဟန် ခေါင်းကို အနည်းငယ် ခါယမ်းလိုက်သည်။

ဤနေရာမှ စိတ်ဝိညာဉ်ချီခာတ်က သူ့အား အခြေခံ အုတ်မြစ်တည်ဆောက်ခြင်းအလယ်အဆင့်သို့ တက်ရောက်ရန် ကူညီပေးနိုင်ပြီး ကျင့်ကြံသူအများစုမှာ ထိုကဲ့သို့ပင် ရွေးချယ်ကြမည်ဖြစ်သည်။ သို့သော် ကျန်းဟန်သည် အခြေခံ အုတ်မြစ်၏အကောင်းဆုံးအဆင့်သို့ တက်လှမ်းရန် အခြား နည်းလမ်းတစ်ခုအား ရွေးချယ်ခဲ့၏။

"ငါ့ရဲ့လက်နက်တွေကို သန့်စင်ဖို့ အချိန်ကျပြီ" ကျန်းဟန် သူ့ဘာသာရေရွတ်လိုက်ပြီး လက်နှစ်ဖက်ကို အနည်းငယ်ပုတ် ကာ စိတ်ဝိညာဉ်စွမ်းအားများကို သူ၏ခန္ဓာကိုယ်ထဲမှ ထုတ် လိုက်သည်။

ရုတ်တရက် စားပွဲပေါ်ရှိ တိမ်မီးတောက်ကျောက်တုံးက ပျံ တက်သွားပြီး ဒြပ်စင်ငါးမျိုးမီးဖိုထဲသို့ ကျသွားလေသည်။

ကျန်းဟန်၏လက်ဖဝါးက နောက်တစ်ဖန် လှုပ်ရှားလာပြီး အနက်ရောင်ကတ်များကို မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။

"ကျောက်စိမ်း…”

ကျောက်စိမ်းတုံး ၁၀၀ နီးပါးကျန်နေသေး၏။ ကျန်းဟန်သည် သူ၏လက်ကို ညင်သာစွာ ဝှေ့ယမ်းလိုက်ရာ သုံးစက္ကန့်အတွင်း ကျောက်စိမ်းတုံးများက စိတ်ဝိညာဉ်ဖြိုခွဲခြင်းဝက်ပါအဖြစ် ပြောင်းလဲသွားသည်။

ကျောက်စိမ်းအားလုံး တစ်ခုပြီးတစ်ခု ကွဲသွားကာ စွမ်းအင်အဖြစ် ပြောင်းလဲသွား၏။ ကျန်းဟန်၏စိတ်ဝိညာဉ်စွမ်းအားဖြင့် ၎င်းတို့သည် မီးစွမ်းအင်အဖြစ် ပေါင်းစပ်သွားပြီး တိမ်မီးတောက်ကျောက်တုံးကို စတင်သန့်စင်သည်။

ငါးနာရီခန့်အကြာတွင် တိမ်မီးတောက်ကျောက်တုံးအား ခေတ်ငွေ့အဖြစ် သန့်စင်နိုင်ခဲ့ပြီး ကတ်များထဲသို့ အဆက်မပြတ် ပေါင်းစည်းခဲ့သည်။

"သန့်စင်စမ်း”

ရုတ်တရက် ကျန်းဟန်၏မျက်လုံးများ တောက်ပသွားသည်။

ကတ်များကို သူ၏စိတ်စွမ်းအားဖြင့် သန့်စင်လိုက်သည့်အခါ သူ၏စိတ်ဝိညာဉ်အာရုံက ခန္ဓာကိုယ်ထဲမှ ထွက်လာသည်။

၁၀ စက္ကန့်အကြာတွင် မီးစွမ်းအင်မှာ ပျောက်ကွယ်သွားသည်။ ကျန်းဟန်သည် စိတ်ဝိညာဉ်စွမ်းအားကို အသုံးပြုရမည့်အစား စိတ်ဝိညာဉ်အာရုံလှည့်စားမှုဖြင့်သာ ကတ် ၁၈ ကတ်ကို ထိန်းချုပ်ခဲ့ပြီး ၎င်းတို့ကို သူ၏လက်ထဲသို့ တစ်ခုပြီးတစ်ခု ရောက်လာစေသည်။

ကျန်းဟန်သည် ကတ်ပြားများကို စိတ်ဝိညာဉ်အာရုံဖြင့် သန့်စင်ပြီး သူ၏ကိုယ်ပိုင်လက်နက်အဖြစ် ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ကျန်းဟန်၏စိတ်ဝိညာဉ်စွမ်းအားဖြင့် ထိန်းချုပ်မှုအောက်တွင် ကတ်များက ပို၍အားကောင်းလာခဲ့သည်။

"သွားဖို့အချိန်တန်ပြီ”

ကျန်းဟန် ခဏလောက်စဉ်းစားလိုက်ပြီးနောက် ဒြပ်စင်ငါးမျိုးမီးဖိုအား ကျောက်တုံးအိမ်ထဲတွင် မထားခဲ့ရန် ဆုံးဖြတ်လိုက်သည်။

သူသည် ရက်အနည်းငယ်ကြာ ထွက်သွားမည်ဖြစ်ပြီး ဤနေရာတွင် ထားခဲ့လျှင် ဒြပ်စင်ငါးမျိုးမီးဖိုမှာ ပျောက်သွားနိုင်သည်။ လဆန်းတောင်တွင် ထားသည်က ပို၍လုံခြုံမည်။

ထို့ကြောင့် ကျန်းဟန်သည် သဘော်ာပျက်မှ ထွက်ခွာပြီး ပင်လယ်ရေမျက်နှာပြင်သို့ ကူးခတ်သွားခဲ့သည်။ ထိုအချိန်တွင် နေထွက်နေပြီဖြစ်ပြီး မနက် ၈ နာရီခန့်ရှိပြီဖြစ်၏။

ထိုနောက် ကျန်းဟန်သည် ပင်လယ်ထဲသို့ ငုပ်သွားကာ လဆန်းတောင်ဆီသို့ အရှိန်ပြင်းပြင်းဖြင့် ပြန်ကူးလာခဲ့သည်။

သူ အသွားတုန်းက သုံးနာရီကျော်ကြာခဲ့သော်လည်း အပြန်တွင် နာရီဝက်သာ ကြာခဲ့သည်။

တောင်ပေါ်သို့ ပြန်တက်ပြီး ဒြပ်စင်ပါးမျိုးမီးဖိုကို ယန်မိုးကြိုးသစ်ပင်အောက်၌ ထားလိုက်သည်။

ကျန်းဟန် ဖုန်းကို ထုတ်ကာ ဖွင့်လိုက်၏။

"ဒင်..."

ဖုန်းကိုဖွင့်လိုက်သည့်အချိန်တွင် ၁၀ နာရီထိုးနေသည်ကို ပြသနေသည်။

-အပိုင်း(၁၀) အခန်း(၃၉၂-က)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၁၁) အခန်း(၃၉၂-ခ) မှန်တိုင်းပြီးရင် လေပြည်လာတယ်(၂)

ကျန်းဟန်သည် ကျောက်တုံးအိမ်လေးထဲ၌ နှစ်ရက်ကျော်နေခဲ့၏။

ကျန်းဟန် စဉ်းစားလိုက်ပြီး ဇီယန်၏နံပါတ်အား ခေါ်လိုက်သည်။

ထိုအချိန်တွင် ဘတ္တရီအားနည်းသည့် အချက်ပေးသံနှင့်အတူ ဖုန်းကလည်း မြည်လာသည်။

"တူ…”

ဖုန်းဝင်သွားချိန်တွင် ကျန်းဟန် စကားပြောခါနီး၌…

"ကတူ”

ဘတ္တရီအားနည်းနေသောကြောင့် ဖုန်းက အလိုလျောက်ပါဝါပိတ်သွားသည်။

ကျန်းဟန် သက်ပြင်းချလိုက်ပြီး တောထဲမှထွက်ကာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တန်း၍ လမ်းလျှောက်သွားလိုက်သည်။

ကားမောင်းသည်ထက်ပင် ပိုမိုမြန်နေခဲ့ပြီး လေဆိပ်သို့ နာရီဝက်အတွင်း ရောက်ရှိသွားခဲ့သည်။

သူ ၁၁ နာရီ ၃၀ မိနစ် လေယာဉ်လက်မှတ်အား ဝယ်လိုက်သည်။

ထိုနောက် စောင့်ဆိုင်းခန်းတွင်ထိုင်ကာ ပြတင်းပေါက်မှ အပြင်သို့ ကြည့်နေလိုက်သည်။

နောက်ဆုံးတွင် လေယာဉ်ပေါ်တက်ရန် သတိပေးချက် မြည်လာသည်နှင့် ကျန်းဟန် မတ်တပ်ထရပ်လိုက်သည်။ သို့သော် သူ ရုတ်တရက် ရပ်တန့်သွား၏။

လေဆိပ်အဝင်ဝတွင် ရင်းနှီးနေသည့် ကားအုပ်စုတစ်စုရှိနေသည်။ ပုံရိပ်တစ်ခုက ပထမကားထဲမှ ပြေးထွက်လာပြီး ခြေလှမ်းအနည်းငယ်၌ ခလုတ်တိုက်သွားသည်။ ထိုနောက် သူမ ဒေါက်မြင့်ဖိနပ်ကို ချွတ်ခဲ့ကာ အမြန်ပြေးဝင်သွားသည်။

ကျန်းဟန် အံ့ဩသွား၏။ သူ လေယာဉ်ပေါ်တက်ရန် မေ့ထားလိုက်ပြီး စောင့်ဆိုင်းခန်း တံခါးဝဆီသို့ လျှောက်သွားလိုက်သည်။

တံခါးဝရောက်ခါနီးတွင် အင်တာကွန်မှတဆင့် "ရှီးဟန်သို့ ထွက်ခွာမည့်လေယာဉ်အတွက် လေယာဉ်တက်ချိန် ပြည့်သွားပါပြီ” ဟူ၍ အသံကို သူကြားလိုက်ရသည်။

သူ လေဆိပ်အဝင်ဝမှ ထွက်လာပြီးနောက် သူ့ရှေ့မှ မြင်ကွင်းကြောင့် သူ လန့်သွား၏။

ထိုအမျိုးသမီးမှာ သူ့အပိုင်အမျိုးသမီးဖြစ်သည်။

သူမသည် ဖြူဖျော့နေသည့်မျက်နှာဖြင့် ထွက်ခွာတော့မည့်လေယာဉ်ကို ကြည့်နေလေသည်။

သူမ ငိုတော့မည့်အချိန်တွင် တံခါးဝမှ နူးညံ့သည့်အသံ တစ်ခု ထွက်ပေါ်လာ၏။

“အချစ်”

"ဝှစ်”

သူမ လှည့်ကြည့်လိုက်ရာ ကျန်းဟန်အား မြင်လိုက်ရပြီး သူမ၏မျက်လုံးများ ပြူးကျယ်သွားပြီးကာ မျက်ရည်များ ကျဆင်းလာ၏။ ထိုနောက် သူမ ကျန်းဟန်ထံသို့ ပြေးဝင်သွားသည်။

သူမ ကျန်းဟန်၏ရင်ခွင်ထဲ ပြေးဝင်ကာ ငိုတော့၏။

သူတို့ တစ်ယောက်ကိုတစ်ယောက် တင်းတင်းကြပ်ကြပ် ဖက်တွယ်ထားကြသည်။

ဤအခိုက်အတန့်တွင် ကျန်းဟန်သည် အေးချမ်းမှုအား ခံစားရလေသည်။

.....

ယနေ့မနက်တွင် ကျောက်ဖုန်း ဆက်တိုက်ဖုန်းဆိုမှုပြီးသည့်အချိန်၌ ၉ နာရီခန့်တွင် မစ္စတာရှန်း ရောက်ရှိလာခဲ့သည်။ သူသည် သူ၏လက်ပ်တော့ကိုထုတ်ကာ ဗီယန်၏ဆဲလ်ဖုန်းဖြင့် ချိတ်ဆက်လိုက်၏။

ကီးဘုတ်အား နာရီဝက်ခန့် နှိပ်ပြီးနောက်တွင် မစ္စတာရှန်းသည် သူတို့အား စိတ်လှုပ်ရှားစရာ သတင်းအချို့ကို ပြောပြလေသည်။

"မက်မက်ပန်းဟိုတယ်ကို သွားရအောင်" ကျန်းလီက ကမန်းကတန်းပြော၏။

"မစ္စတာရှန်း ကျေးဇူးပြုပြီး ကျုပ်ကို နောက်တစ်ခုလောက် ကူညီပေးပါမလား" ကျောက်ဖုန်း ခါးသီးစွာ ပြုံးလိုက်သည်။

"ရပါတယ်။ ငါ အရင်နေ့တွေက အရသာရှိတဲ့ အစားအသောက်တွေ စားခဲ့ရတယ်။ ဒီတော့ ငါကူညီပေးပါမယ်" မစ္စတာရှန်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးပါ ကျေးဇူးတင်ပါတယ်" ကျောက်ဖုန်း သူ့အား အကြိမ်ကြိမ် ကျေးဇူးတင်သည်။

နောက်ဆုံးတွင် သူတို့ မက်မွန်ပွင့်ဟိုတယ်သို့ အတူတူ ထွက်လာကြသည်။

သူတို့ရောက်သည့်အချိန်တွင် မနက် ၁၀ နာရီထိုးနေပြီ ဖြစ်သည်။

ဟုန်ချီထောင်၊ ထန်ကျားယီ၊ ဟုန်လီ၊ နီနီ၊ ချူဟွေ့နှင့် လျှန်ဟောင်၏အခြားအသိမိတ်ဆွေအချို့၊ တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီ၏ဘုတ်အဖွဲ့ဝင်နှစ်ဦး၊ ချိုင်းထောက်များဖြင့်ဖြစ်နေသည့် ဝူချန်းဒုန်နှင့် မိန်ချီ၊ အခြား ကျောက်ဖုန်းမသိသော သူများအပါအဝင် အပေါ်ဆုံးပါတီခန်းမ၌ လူ ၂၀ ကျော်ရှိနေသည်။

သူတို့ရှေ့မှ မြင်ကွင်းက သူတို့အား စိတ်ခတ်ကျသွားစေသည်။

၁၁ နာရီထိုးခန့်တွင် လျှန်ဟောင်နှင့် လျှန်မုန့်ချီ လျှောက်ဝင်လာ၏။

သူသည် အနောက်တိုင်းဝတ်စုံပြည့်ဝတ်ဆင်ထားပြီး လူအများအပြားကို လိုက်လံနှုတ်ဆက်နေသည်။ "ဇီယန် လာနေပါပြီ။ ခဏလေး စောင့်ပေးပါနော်"

ကျန်းလီဘေးဖြတ်သွားသည့်အချိန်တွင် လျန်ဟောင်က ပြုံးကာ တစ်ခုခုပြောတော့မည့်အချိန်၌…

ကျန်းလီက လျစ်လျူရှုကာ "ရှက်စရာကောင်းလိုက်တာ....။ ကျွန်မကို စကားလာမပြောနဲ့"

"…"

လျန်ဟောင် ကြောင်အသွားသော်လည်း အခြားသူများမှာတော့ ကျန်းလီ၏စကားကိုကြားပြီး ပဟောဋ္ဌိဖြစ်သွားကြသည်။ အထူးသဖြင့် ချူဟော့ပင်။ သူ ပြုံးကာ ပြောလိုက်၏။ "ထူးဆန်းတယ်။ လျန်ဟောင် သူမကို ရန်စခဲ့မိတာလား"

သူ့ဘေးတွင်ရပ်နေသည့် လျန်မုန့်ချီက ကျန်းလီအား ကြည့်ကာ တိုးတိုးလေးပြောလိုက်သည်။ "နင် နောက်မှ နားလည်လိမ့်မယ်”

လျန်ဟောင်၏နှုတ်ခမ်းမှာ အနည်းငယ် တုန်ယင်သွားသည်။

တကယ်တမ်းတွင် လျန်ဟောင်သည် ကျန်းလီ၏မ ယဉ်ကျေးမှုကြောင့် သဘောကျနေခဲ့သည်။

"အဲ....”

လျန်ဟောင် တစ်ခုခုပြောချင်ခဲ့သော်လည်း အဆုံးတွင် လက်လျှော့လိုက်သည်။

နောက်ဘက်ရှိ မစ္စတာရှန်းက သူနှင့် ကျန်းလီကို ထူးဆန်းစွာ ကြည့်လိုက်သည်။

ကျန်းလီသည် လျန်ဟောင်အား စိုက်ကြည့်လိုက်ပြီးနောက် လှည့်ကာ ထွက်သွားသည်။

လျန်ဟောင် နောက်ဆုံးတွင် ဘာမှမပြောတော့။ သူ ခါး သီးစွာပြုံးလိုက်ပြီး အထဲဝင်သွားခဲ့သည်။

အတွင်းဘက်၌ စတိတ်စင်လေးတစ်ခုရှိ၏။ လျန်ဟောင် က စင်ပေါ်တက်ကာ ညာဘက်တံခါးကို ကြည့်လိုက်သည့် အချိန်၌ ဇီယန်နှင့် ကျိုးဖေးတို့ ဝင်လာလေသည်။

ဇီယန်သည် ရိုးရှင်းသည့် အဖြူရောင်ဝတ်စုံနှင့် နေကာမျက်မှန်ကို ဝတ်ဆင်ထားပြီး စင်ပေါ်တက်လာခဲ့သည်။

လျန်ဟောင်က ခေါင်းညိတ်ကာ သူမအား ပြုံးပြလိုက်၏။

ကျန်းလီ ရှုးသွပ်သွားသည်။

သို့သော် နောက်အခိုက်အတန့်၌ လျန်ဟောင်၏စကား ကြောင့် ကျန်းလီ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"မင်္ဂလာပါ။ ကျွန်တော်က လျန်ဟောင်ပါ။ ဒီပါတီပွဲရဲ့ ရည်ရွယ်ချက်က..." လျန်ဟောင်က ကျန်းလီကို ကြည့်လိုက်ပြီး

"ဇီယန် ဟောင်ကောင်ကနေ စက်ဘီးပူကို ပြန်တော့မှာဖြစ်လို့ မပြန်ခင် ခင်ဗျားတို့နဲ့တွေ့ဆုံးချင်ခဲ့တာပါ...."

ထိုစကားများက ကျောက်ဖုန်းနှင့် အခြားသူများကို ရှော့ခ်ရသွားစေသည်။

ပါတီပွဲတစ်ခုလား။ စေ့စပ်ပွဲမဟုတ်ဘူးပေါ့။

သူတို့ လှည့်စားခံလိုက်ရပြီ။

သို့သော် ၎င်းက သူတို့အား လုံး၀ စိတ်သက်ရာရသွားစေ၏။

ကျန်းလီ၏မျက်လုံးများမှာ ပြင်းထန်ခြင်းမရှိတော့ဘဲ လျန်ဟောင်အား ထပ်မံစိုက်ကြည့်လိုက်ပြန်သည်။

ငါတို့ကိုလှည့်စားပြီး အရှုးလုပ်တယ်ပေါ့။ ဒီလောက်ဆိုးတဲ့အကြံကို ဘယ်သူရခဲ့တာလဲ...

ငါ သူ့ကို မိလို့ကတော့ သေချာပေါက် အပြစ်ပေးမယ်။ သူ့ကို အဖွဲ့ဝင်သီးသန့်ဟင်းပွဲကို မစားခိုင်းဘူးမှတ်....

လျန်မုန့်ချီ ရုတ်တရက် ကျောချမ်းသွားသည်။ ကျန်းလီ၏အကြံအစည်ကိုသာ သူမ သိပါက ဤအစီအစဉ်ကို အကောင်အထည်ဖော်မိသည့်အတွက် နောင်တရနေပေလိမ့်မည်။

ဤအကြံက ဇာတ်လမ်းတွဲတော်တော်များများကို သူမ ကြည့်ခဲ့ဖူးသည့်အတွက်ကြောင့် ဖြစ်လာရသည်မဟုတ်ပါလား။ အပြစ်ဒဏ်က ပြင်းထန်လွန်းမနေဘူးလား။ တကယ်တမ်းတွင် မနေ့ညက လျန်ဟောင်နှင့် သေချာပြန်ဆွေးနွေးပြီးနောက် သူမ၏အစီအစဉ်ကို ငြင်းပယ်ခဲ့သည်။

လျန်ဟောင် စကားပြောပြီးနောက် ထန်ကျားယီက မေးသည်။ "ရှောင်ယန် ဘာလို့ ပြန်မှာလဲ။ ဟောင်ကောင်မှာ အချိန်တစ်ခုလောက် ဆက်မနေတော့ဘူးလား"

"အန်တီထန် ကျွန်မ...."

"သွားလို့မရဘူး"

အသံတစ်ခုက သူမအား ကြားဖြတ်သွားသည်။

ကျန်းလီ အမြန်ဝင်လာ၏။ "ငါ့ယောင်းမကို ပြန်ဖို့ ဘယ်သူ ပြောတာလဲ။ ယောင်းမက ပြန်မှာမဟုတ်ဘူး။ ယောင်းမ ငါနဲ့ လိုက်ခဲ့"

ကျန်းလီသည် ဇီယန်၏လက်ကိုဆွဲကာ လူအုပ်နောက်သို့ လျှောက်သွားသည်။

ထိုအချိန်တွင် လူတိုင်းက သူတို့အား သိချင်စိတ်ဖြင့် ကြည့်နေကြ၏။ ဖြစ်ပျက်ခဲ့သည်များကို သူတို့ မသိကြသော်လည်း သီးသန့်စကားပြောကြမည်ကိုတော့ သိကြသည်။ သူတို့အားလုံးက အနောက်မှရပ်နေကြသည့်အတွက် သူတို့ထဲမှအများစုက အချင်းချင်း စကားစမြည်ပြောနေလိုက်ကြသည်။ အခြားသူများက အမျိုးသမီးနှစ်ယောက်အား သိချင်စိတ်ဖြင့် ဆက်ကြည့်နေကြ၏။

"ဒါက အန်းယုနည်းပညာကုမ္ပဏီရဲ့ ဥက္ကဋ္ဌ မစ္စတာရှန်းပါ။ သူက နာမည်အကြီးဆုံးဟက်ကာလည်းဟုတ်တယ်။ မစ္စတာရှ

န်းက မင်းကို ပြောစရာရှိတယ်။ မစ္စတာရှန်း သူမကို အမှန်တိုင်းပြောလိုက်ပါ” ကျောက်ဖုန်း မစ္စတာရှန်းအား ကြည့်ကာ သတိပေးသည်။

မစ္စတာရှန်းက ကျောက်ဖုန်းအား အံ့အားသင့်စွာ ကြည့်လိုက်သည်။ အကြောင်းမှာ သူ့အား ဟက်ကာတစ်ယောက်အဖြစ် မိတ်ဆက်လေ့မရှိသောကြောင့်ပင်။ "မင်းငါ့ကို ဘယ်လိုသိတာလဲ”

"အဲဒါ... ကျုပ်ရဲ့နည်းပြက ပြောပြတာပါ။ ကျုပ်နည်းနည်းစိုးရိမ်နေလို့။ စိတ်မရှိပါနဲ့ မစ္စတာရှန်း” ကျောက်ဖုန်းက တောင်းပန်စကားဆိုသည်။

"အင်း” မစ္စတာရှန်းက ခေါင်းညိတ်ပြပြီး ဇီယန်အား ကြည့်ကာ သူမ၏ဆဲလ်ဖုန်းကို ပေးလိုက်ရင်း ပြောသည်။ "မင်္ဂလာပါ မစ္စဇီယန်”

ဇီယန် ကြက်သေသေသွားသည်။ မစ္စတာရှန်းက သူမ၏ဖုန်းကိုယူထားသည်အားမြင်တော့ သူမ ကျိုးဖေးကို

ကြည့်လိုက်သည်။ သို့သော် မကြာမီပင် မစ္စတာရှ န်း၏အထောက်အထားကို တွေးမိသွားပြီး စိတ်ပျက်အားငယ် နေသည့်သူမ၏နှလုံးသားထဲတွင် မျှော်လင့်ချက်လေးတစ်ခု ပေါ်လာသည်။

"မင်္ဂလာပါ မစ္စတာရှန်း" ဇီယန်က နှုတ်ဆက်ပြီး သူ့အား စိတ်အားထက်သန်စွာ ကြည့်လိုက်သည်။

"မင်းရဲ့ဖုန်းကို ငါစစ်ကြည့်ပြီး ဖျက်လိုက်တဲ့ဖိုင်တွေကို ပြန်ဆယ်ခဲ့တယ်။ သေချာစစ်ဆေးပြီးတော့မှ ဓာတ်ပုံတွေက အစစ်ဆိုပေမယ့်... အဲဒီမှာ လွန်ခဲ့တဲ့ငါးနှစ်ကျော်က ရိုက်ထား တဲ့ ဓာတ်ပုံ ငါးပုံရှိနေတယ်။ လွန်ခဲ့တဲ့ တစ်နှစ်က ရိုက်ထားတာ က လေးပုံ။ တံခါးနားမှာ ရိုက်ထားတဲ့နှစ်ပုံပဲ လွန်ခဲ့တဲ့ရက် အနည်းငယ်က ရိုက်ထားတာ။ ပြီးတော့ ဗီဒီယိုကလည်း အသံ ကို ပေါင်းစပ်ဖန်တီးထားတာပါ။ အဲဒီထဲမှရှိတာက လူ တစ်ယောက်တည်းမဟုတ်ပါဘူး။ ကျုပ်ပြောချင်တာကို မင်း နားလည်မယ်ထင်တယ်။ အသေးစိတ်အချက်တွေကို မင်းရဲ့အီး

မေးလ်မှာ ပို့ထားပေးတယ်။ မင်း စိတ်ဝင်စားရင် ဒေါင်းလုဒ် လုပ်ပြီး အသေးစိတ် ကြည့်လို့ရပါတယ်" မစ္စတာရှုန်းက ပြောသည်။

"တကယ်...တကယ်လား" ဇီယန်၏မျက်လုံးများ တဖြည်းဖြည်း ပြူးကျယ်လာသည်ကို နေကာမျက်မှန်အား ဖြတ်၍ မြင်နိုင်လေသည်။

သူမ၏နှလုံးခုန်သံများ ပိုမိုမြန်ဆန်လာသည်။

"ကျုပ် မင်းကို လှည့်စားနေဖို့ မလိုဘူးထင်တယ်။ ကောင်းပြီ။ အဲဒါ ဖြေရှင်းပြီးသွားပြီ။ ကျုပ်လည်း ကျုပ်ရဲ့အပန်းဖြေခရီး ကို ဆက်လိုက်ပါဦးမယ်။ အားလုံးပဲ နှုတ်ဆက်ပါတယ်" ထိုသို့ ဖြင့် မစ္စတာရှုန်းသည် မဆိုင်းမတွ ထွက်သွားခဲ့သည်။

ထိုအချိန်တွင် လူအုပ်ကြီးက ဇီယန်အား ကြည့်လိုက်ကြ၏။

"ငါ... ငါ ဘာလုပ်ရမလဲ..." ဇီယန်၏အသံမှာ တဆတ်ဆတ်တုန်ယင်နေသည်။

သူမ စိတ်များ ရှုပ်ယှက်ခတ်နေ၏။

သို့သော် နောက်အခိုက်အတန့်တွင်...

"ဇီယန်"

ရုတ်တရက် တံခါးဝမှ ဝမ်းနည်းနေသည့်အသံတစ်ခု ထွက်လာသည်။

မျက်နှာမက်စ်တပ်ထားပြီး နေကာမျက်မှန်တပ်ထားသည့် အမျိုးသမီးတစ်ဦး ဝင်လာသည်။

"သူမက ဘယ်သူလဲ"

ကျောက်ဖုန်း တစ်စုံတစ်ခုကို တွေးမိသွားပြီး သူ၏အမူအရာက ဖော်ရွေမှုကင်းမဲ့လာသည်။

ဇီယန်သည်လည်း ဝင်လာသူက မည်သူဆိုတာ ရိပ်မိလိုက်သည်။ သူမ လျှာဖျားလေးကိုကိုက်ပြီး စိတ်ကို တည်ငြိမ်အောင်ထိန်းထားလိုက်၏။

ခဏအကြာတွင် ထိုအမျိုးသမီး အနားသို့ရောက်လာပြီး ဇီယန်အား တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။

"နင်ဘယ်သူလဲ" ကျန်းလီက မေးသည်။

"ငါ ချောင်လောလောပါ"

ချောင်လောလော ပြုံးကာ ခေါင်းယမ်းပြီး နေကာမျက်မှန်နှင့် မက်စ်ကို ဖြည်းညှင်းစွာချွတ်လိုက်ပြီး ခေါင်းကို မော့လိုက်၏။

ထိုအချိန်တွင် သူမ၏မျက်နှာမှာ ညိုမဲပြာနှမ်းနေပြီး ဘယ်ဘက်မျက်လုံးမှာ ရောင်ယမ်းပင် နေလေသည်။ သူမ ပြင်းထန်စွာ ရိုက်နှက်ခံထားရခြင်းမှာ သိသာလေ၏။

သူမ ချောင်လောလောဖြစ်ကြောင်း သိလိုက်ရသဖြင့် ဇီယန်သည် အသက်ရှူခနရပ်တန့်သွားပြီး လေးနက်စွာ ကြည့်လိုက်သည်။

"နင်နိုင်တယ်"

ရုတ်တရက် ချောင်လောလောက နှုတ်ခမ်းအား ဖွင့်ဟကာ ဝမ်းနည်းစွာပြုံးလိုက်ပြီး ခေါင်းကိုယမ်း၍ ပြောသည်။ "ဒါပေမယ့် အဲဒါက မင်းယောက်ျားရဲ့အဆင့်အတန်းက ငါ့ကို အနိုင်ယူသွားတာ"

"ငါ သူ့ကို လျှော့တွက်ခဲ့မိတယ်။ သူ မြင့်တက်လာပြီး ငါ မျှော်ကြည့်ရမယ့်သူ ဖြစ်လာလိမ့်မယ်၊ ငါ့ရဲ့ချောင်မိသားစုက ကြောက်ရွံ့ရတဲ့သူ ဖြစ်လာလိမ့်မယ်လို့ ငါ မမျှော်လင့်ထားခဲ့ဘူး"

"မင်းက သူ့ရဲ့အားနည်းချက်ပဲ။ ငါ သူ့ကို လက်စားချေချင်ပေမယ့် မင်းအကြောင်း မတွေးမိခင်အထိ သူ့ကို ရိုက်ချနိုင်မယ့်နည်းလမ်း ရှာမတွေ့ခဲ့ဘူး"

"မင်းက သူ့အတွက် အရမ်းအရေးပါတယ်။ ငါ့ရဲ့ ဦးတည်ချက်က မှန်ခဲ့ပါတယ်။ ဒါပေမယ့် ငါ လူရွေးမှားသွားခဲ့တာ စိတ်မကောင်းစရာပဲ"

"မင်းကို ကိုင်တွယ်ဖို့ စိတ်ပညာရှင်သုံးယောက်ကို ငါ ရှာခဲ့တယ်။ မင်း ရိုက်ခဲ့ဖူးတဲ့ ရုပ်ရှင်တွေ၊ တီဗီစီးရီးတွေအကုန်လုံးကို ငါကြည့်ပြီးပြီ။ မင်းနဲ့ပတ်သက်တဲ့အချက်အလက်တွေအားလုံးကို ငါ အင်တာနက်မှာ တွေ့ပြီးပြီ။ ငါ မင်းရဲ့စိတ်ပိုင်းဆိုင်ရာကို လေ့လာခဲ့တယ်။ မင်းကိုသုံးခဲ့တဲ့နည်းအရ ခတ်ပုံအချက်အလက်တွေကို ထုတ်လုပ်ရေးပါရဂူနှစ်ယောက်က ပြုပြင်မွမ်းမံထားခဲ့တာ။ ဒုတိယ၊ စတုတ္ထနဲ့ ၁၁ ခုမြောက်ဖြစ်တဲ့ ခတ်ပုံသုံးပုံကိုပဲ မင်းရွေးခဲ့တယ် ဟုတ်တယ်မလား"

"အတုပဲ။ အားလုံးက အတုပဲ။ ငါရှုံးတယ်။ ငါ အရာအားလုံးကို ရှုံးနိမ့်ခဲ့တယ်။ ငါ ချောင်မျိုးရိုးတောင် မဟုတ်တော့ဘူး။ ငါ ဟောင်ကောင်ကို နှစ်အတော်ကြာ ပြန်လာနိုင်မှာ

မဟုတ်ပေမယ့် မင်းကိုတော့ မဖြစ်မနေ လာပြီးတောင်းပန်ရတယ်”

"ဖျော်ဖြေရေးနယ်ပယ်ရဲ့စည်းမျဉ်းစည်းကမ်းတွေကို မင်းသိနိုင်ပမယ့် စီးပွားရေးစစ်ပွဲမှာတော့ မင်းငါ့ကို အနိုင်မယူနိုင်ပါဘူး”

"ဒါပေမယ့် ငါရှုံးနိမ့်သွားခဲ့ပြီပဲလေ။ ငါ ဆန္ဒမရှိရင်တောင်မှပေါ့” ချောင်လောလော နေကာမျက်မှန်နှင့် မက်စ်ကို ပြန်တပ်လိုက်သည်။ "ကဲ မင်းဘာပြောချင်သေးလဲ”

ချောင်လောလော ပြန်ခါနီးတွင် ဇီယန်က ခံစားချက်ကင်းမဲ့စွာ ပြောလိုက်သည်။ "မင်းမှားတယ်။ ဆိုးယုတ်မှုက ဆိုးယုတ်မှုကိုပဲ ပေးလိမ့်မယ်။ မင်းရဲ့ ဆိုးယုတ်တဲ့ ရည်ရွယ်ချက်၊ အကြံအစည်၊ ပရိယာဉ်တွေက မင်းရဲ့ အောင်မြင်မှုအတွက် အကြောင်းပြချက်မဟုတ်တာ သေချာတယ်။ အခု ထွက်သွားလိုက်ပါတော့”

ကျောက်ဖုန်း ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ချောင်လောလောအား ကြည့်လိုက်သည်။ "ကျေးဇူးပြုပြီး"

ချောင်လောလော လှည့်ကာ ခေါင်းငုံ့ပြီး ထွက်သွားသည်။

-အပိုင်း(၁၁) အခန်း(၃၉၂-ခ)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၁၂) အခန်း(၃၉၂-ဂ) မုန်တိုင်းပြီးရင် လေပြည်လာတယ်(၃)

သူမ ထွက်သွားပြီးနောက် ဇီယန်၏ခန္ဓာကိုယ်မှာ ယိမ်းယိုင်သွားဦးပြီး အောက်ဆီဂျင်ပြတ်သွားသလို ခံစားလိုက်ရသည်။

ကျိုးဖေးက ဇီယန်အား မြန်တွဲကာ စိုးရိမ်တကြီးမေးသည်။ "အစ်မယန် အဆင်ပြေရဲ့လား"

ဇီယန်၏ပုခုံးများ တုန်ယီနေပြီး သူမ ဆို့နင့်ကြေကွဲသွားသည်။

ငါဘာလုပ်ရမလဲ...

သူ ဘယ်မှာလဲ...

သူ ဘာလို့ ငါ့ဆီ မလာသေးတာလဲ။ သူဘယ်မှာလဲ...

ငါ ဘာလုပ်နိုင်မှာလဲ... သူ အရမ်း စိတ်ထိခိုက်နေမှာ။ ငါ့အမှားပဲ။ အကုန်လုံး ငါ့အပြစ်တွေပဲ...

ထိန်းချုပ်မှုလွတ်ကင်းသွားသည့် ဇီယန်ကို ကြည့်ပြီး ကျန်းလီ အနည်းငယ် စိုးရိမ်သွားကာ "စိတ်မပူပါနဲ့ ယောင်းမ။ အဆင်ပြေပါတယ်။ မနက်က အစ်ကို ဖုန်းဆက်တယ်"

"ဟမ်" ဇီယန် မော့ကြည့်လိုက်ပြီး ကျန်းလီ၏လက်မောင်းကို ဆွဲကာ မေးသည်။ "သူဘယ်မှာလဲ။ ငါ သူ့ကို လိုက်ရှာမယ်။ ငါအခု သွားမှဖြစ်မယ်"

"အဲဒါ...." ကျန်းလီ ဘာလုပ်ရမှန်းမသိဖြစ်သွား၏။

သူမ ဘာလုပ်ရမှန်းမသိဖြစ်ပြီး တိတ်ဆိတ်နေသည့် ကျော်ကဖုန်းကို အကူအညီတောင်းလိုက်သည်။

"နင် စကားမပြောတတ်ဘူးလား။ သစ်သားတုံးလို လုပ်မနေနဲ့လေ”

ဤနေရာမှ အငြင်းအခုံသံများက ခန်းမတွင်းရှိလူများကို လှမ်းကြည့်စေသည်။ တစ်ခုခု ဖြစ်ပျက်သွားပုံရ၏။

လျန်ဟောင်က ခါးသီးစွာ ပြုံးလိုက်ပြီး လျှောက်သွားလိုက်သည်။

သို့သော် ထိုအချိန်တွင် လူတစ်ယောက် ပြေးဝင်လာ၏။

၎င်းက နည်းပြလျိုပင်။

"သူဌေး... သူဌေးဆီက သတင်းရတယ်။ ငါ အောက်ထပ်ရောက်တော့ ငါ့လူတစ်ယောက်ဆီက ဖုန်းဝင်လာတယ်။ သူဌေးက ရှီးဟန်ကိုသွားမယ့် လေယာဉ်လက်မှတ်ဝယ်လိုက်

တယ်တဲ့။ လေယာဉ်က ၁၁ နာရီ ၃၀ ထွက်မှာ” နည်းပြလျိုက ပြောသည်။

"ဝုန်း”

ဇီယန် တုန်ယင်သွားသည်။

သူ ငါ့ကို ထားခဲ့ပြီ…

သူ ဟောင်ကောင်က ထွက်သွားတော့မယ်…

ငါ သူ့ကို အသည်းခွဲလိုက်တာပဲ…

မဖြစ်ဘူး။ ငါ သူ့ကို သွားခွင့်မပြုနိုင်ဘူး။ ငါ သူမရှိဘဲ မနေနိုင်ဘူး…

"အခု ၁၁ နာရီ ထိုးနေပြီ။ သိပ်နောက်မကျသေးဘူး” ကျောက်ဖုန်းက လက်ပတ်နာရီကို ကြည့်ကာ ပြောသည်။

"သွားကြမယ်” ဇီယန်က တုန်ယင်နေသည့်အသံဖြင့် ပြောသည်။

လျန်ဟောင်သည် ငါးမီတာအကွာမှ လမ်းလျှောက်လာရင်း လက်ကိုမြှောက်ကာ တစ်ခုခုပြောတော့မည့်အခိုက် လူစုက အခန်းပြင်သို့ ပြေးထွက်သွားသည်ကို တွေ့လိုက်ရသည်။

"…”

သူ ခေါင်းကို ဖြည်းညှင်းစွာ လှည့်ကာ ရှက်ပြုံးပြုံးလိုက်ပြီး "တကယ်တော့… ကျုပ် ခင်ဗျားတို့နဲ့ပဲ နေခဲ့တော့မယ်”

"ငါ နားလည်ပါတယ်” ဟုန်ချီထောင်က ပြုံးကာ ပြောသည်။

ထန်ကျားယီသည် အတွေ့အကြုံရှိသူဖြစ်ပြီး တစ်ခုခုကို နားလည်ပုံရသည်။

၎င်းက ပြဿနာဖြစ်နေသည့် စုံတွဲတစ်တွဲဖြစ်ပသည်။ ဇနီးသည်က စိတ်ဆိုးကာ ဟောင်ကောင်မှ ထွက်သွားချင်ခဲ့၏။

သို့သော်…

ယခု စိတ်ညစ်စရာအားလုံးကို မေ့သွားပေလိမ့်မည်။

အခြားသူများလည်း ပြုံးကာ ခေါင်းညိတ်လိုက်ကြပြီး ၎င်းနှင့်ပတ်သက်၍ ဘာမှမပြောကြတော့ချေ။ သူတို့ အခွင့်အရေးကိုအရယူကာ ဒီနေရာမှာ ပါတီပွဲလုပ်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဇီယန် အလျင်လိုနေ၏။

ကျောက်ဖုန်း ကားမောင်းနေပြီး ကျန်းလီနှင့် ကျိုးဖေးက ဇီယန်နှင့်အတူ နောက်ထိုင်ခုံတွင် ထိုင်နေကြသည်။

နည်းပြလျို၊ အားဟူ၊ လန်ယွဲ့နှင့်အခြားသူများ အောက်ထပ်သို့ ဆင်းလာကြပြီး သူတို့၏ Mercedes ကားများကို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မောင်းလာခဲ့ကြသည်။

နည်းပြလျိုသည် ဖုန်းကောအနည်းငယ် ဆက်ခဲ့ရာ သူတို့သွားသည့်လမ်းတစ်လျှောက် မီးပွိုင့်တိုင်း၌ မီးစိမ်းကိုသာ ကြုံတွေ့ရသည်။

သူတို့ လေဆိပ်သို့ ၁၁ နာရီ ၁၅ မိနစ်တွင် ရောက်ရှိသည်။

ထိုအချိန်တွင် နည်းပြလျိုက ကျန်းဟန်အား တွေ့သည်နှင့် သူ့အား တားထားရန် လေဆိပ်ဝန်ထမ်းများကို အကြောင်းကြားထားသောကြောင့် အားလုံး စိတ်သက်သာရာရ သွားကြ၏။

သို့သော် ဇီယန်သည် ယခုအချိန်တွင် မသိသေးချေ။

သူမ နှလုံးသား တဆစ်ဆစ်နာကျသွား၏။

သူမ ကျန်းဟန်အား စိတ်ပူနေခဲ့သည်။

ကျန်းဟန် ဝမ်းနည်းနေမည်ကို သူမ သိ၏။

သူမကိုယ်သူမ အပြစ်တင်နေမိသည်။

ကျန်းဟန်နှင့်အတူရှိခဲ့သည့်အခိုက်အတန့်များအားလုံးက သူမ၏စိတ်ထဲ၌ ပေါ်လာခဲ့သည်။

ရင်ပြင်တွင် လက်ချင်းတွဲကာ စကိတ်စီးခြင်း....

ဈေးဝယ်ထွက်ခြင်း၊ အပျော်စီးသင်္ဘောစီးခြင်း၊ လဆန်း တောင်ပေါ်တက်ခြင်း၊ ရေလှိုင်းစီးခြင်း၊ ပြိုင်ကားမောင်းခြင်း နှင့် ဘားသို့သွားခြင်း....

အချိန်တိုအတွင်း၌ ချိုမြိန်သည့်အမှတ်တရများကို ဖန်တီး ခဲ့ကြ၏။

သူ၏လက်အား သူမဆီ ညင်သာစွာ ဆန့်တန်းခဲ့သည့် တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီ၏ ကော်ရစ်ဒါထောင့်စွန်းကို လည်း တွေးမိသွားသည်။

သူ အလွန်ဝမ်းနည်းခဲ့ရပေမည်။ သို့သော် သူမအား အပြစ် မတင်ဘဲ နူးညံ့စွာဖြင့် နှစ်သိမ့်ပေးခဲ့သည်။

"အကုန်လုံး ငါ့အပြစ်တွေပဲ။ ငါ့အမှားတွေပဲ...."

လေဆိပ်သို့ ရောက်ပြီးနောက် ဧယန်သည် ကားပေါ်မှ အ မြန်ဆင်းသွား၏။ ခြေလှမ်းအနည်းငယ်လှမ်းပြီးနောက် သူမ ဒေါက်မြင့်ဖိနပ်ကို မထိန်းနိုင်တော့ဘဲ ခြေချော်သွားခဲ့သည်။

အနည်းငယ် နာကျင်သွားသော်လည်း သူမ ဂရုမစိုက်ချေ။ ထိုအစား ဖိနပ်ကို ချွတ်ပစ်ခဲ့သည်။

သူမ လေဆိပ်ဆီသို့ ခြေဗလာဖြင့် ပြေးလေသည်။

ကျွန်မကို မထားခဲ့ပါနဲ့…

ရှင်ထွက်သွားလို့မရဘူး…

ဇီယန် အသံတိတ်အော်ဟစ်လိုက်သည်။

စောင့်ဆိုင်းခန်းရှေ့သို့ ပြေးလာသည့်အချိန်တွင် ချက်ခ် အင်တိုင်း ကုန်ဆုံးသွားကြောင်း သတိပေးသံကို ကြားလိုက်ရသည်။

ချက်ခ်အင်တိုင်း ကုန်ဆုံးခြင်းမှာ လေယာဉ်ထွက်ခွာပြီဟု မဆိုလိုကြောင်း သူမ မေ့သွားခဲ့သည်။

ထိုအချိန်တွင် လေယာဉ်တစ်စီး ထွက်သွား၏။

ဇီယန် မော့ကြည့်လိုက်ပြီး ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ သူမ စိတ်များ ဗလာကျင်းသွားပြီး သူမ၏နှလုံးသားက ပြင်းထန်စွာ တုန်ခါသွားသည်။

ထိုအချိန်မှာပင် သူမနားနားလေးမှ ချစ်ခြင်းမေတ္တာများ ဖြင့်နူးညံ့သည့်သံတစ်ခု ထွက်ပေါ်လာသည်။ "အချစ်”

သူပဲ...

အဲဒါ သူပဲ...

ဇီယန် ခေါင်းကို ဖြည်းညှင်းစွာ လှည့်လိုက်ပြီးနောက် မျက်လုံးများ ပြူးကျယ်သွားသည်။

သူက နူးညံ့ညင်သာစွာပြုံးပြနေ၏။

သူ၏မျက်လုံးများတွင် နူးညံ့မှုအပြည့်ရှိသည်။

ဇီယန် ခံစားချက်များကို မထိန်းနိုင်တော့။ သူမ ကျန်းဟန် ဆီသို့ ပြေးသွားကာ သူ၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။

အမှားလုပ်မိသည့်ကလေးတစ်ယောက်လို စတင်ငိုကြွေး တော့၏။

သူမ ကျယ်လောင်စွာ ငိုကြွေးနေခဲ့သည်။

ရှင်သွားလို့မရဘူး..

ကျွန်မကို ထားခဲ့လို့မရဘူး...

"ကျွန်မ မှားပါတယ်..."

ဇီယန်က စကားလုံးအနည်းငယ်ကို ဝိုးတဝါးပြောလိုက်ပြီး နောက် ပျော်ရွှင်မှုဖြင့် ငိုကြွေးနေတော့သည်။

ဤမြင်ကွင်းက အနီးအနားရှိ ခရီးသည်များကို ထိတ်လန့် သွားစေသည်။

ဘာကြောင့်မှန်းမသိ နှစ်ယောက်သား ပွေ့ဖက်နေသည်ကို ကြည့်နေကြ၏။

"ဘာဖြစ်တာလဲ"

ချောမောသည့်အမျိုးသားနှင့် လှပသည့်အမျိုးသမီး၏ အချစ်ရေးပြဿနာဟု ထင်သွားကြသည့် လမ်းသွားလမ်းလာ အများအပြားရှိပြီး သူတို့ ရပ်ကြည့်နေချင်ခဲ့ကြသည်။

သို့သော်...

"နောက်ဆုတ်"

အနက်ရောင်ဝတ်စုံဝတ် အမျိုးသား ၂၀ နီးပါးက အဝေးမှ ဝိုင်းရံထားလိုက်ကြသည်။

"ရပ်ကြည့်မနေကြပါနဲ့။ ဓာတ်ပုံမရိုက်ပါနဲ့"

ထိုလူများ၏ ခြိမ်းခြောက်မှုအောက်တွင် ကြည့်ရှုနေသူများသည် ခေါင်းကိုလှည့်သွားကြပြီး သူတို့ကိုယ်သူတို့ အလွန်ရိုင်းပျမိသွားသည်ဟု ခံစားလိုက်ကြရသည်။

"ဟူး... ဟူး... ဟူး...." ကျိုးဖေး သက်ပြင်းသုံးခါချသည်။ "ပြီးသွားပြီ"

"ဟုတ်တယ် ပြီးသွားပြီ။ ငါ ဒီရက်တွေမှာ စိုးရိမ်နေခဲ့တာ" ကျန်းလီလည်း သက်ပြင်းချလိုက်ပြီး "ဩော် ဒါနဲ့ စေ့စပ်ဖို့ အကြံကို ဘယ်သူပေးတာလဲ။ မနေ့ညက ငါတို့ အိပ်လို့တောင် မပျော်ဘူး။ အဲဒါ နင်လား"

"ဘယ်လိုလုပ် ငါဖြစ်ရမှာလဲ။ အဲဒါ လျန်မုန့်ချီ"

"သူလား။ သူ ဇာတ်လမ်းတွဲတွေ ကြည့်တာများသွားတာလား။ ငါဒေါသထွက်လွန်းလို့ နောက်ကျရင် သူ့ကို ဟင်းပွဲတွေ စားခွင့်မပေးဘူးဆိုပြီး တွေးထားတာ" ကျန်းလီက ပြောသည်။

"အာ.. သူက ဇာတ်လမ်းတွဲအကြည့်များပေမယ့် သူလည်း ကြင်နာတတ်ပါတယ်။ ဒီရက်တွေမှာ သူ အစ်မယန်ကို နှစ်သိမ့်ပေးခဲ့တယ်။ နောက်ပိုင်းတော့ ဒီအစီအစဥ်က မသင့်တော်ဘူးလို့ သူမ တွေးခဲ့တာ။ ဒါကြောင့် နင်တို့ကိုပဲ စေ့စပ်တာလို့ပြောပြီး တခြားသူတွေကိုတော့ ပါတီပွဲလို့ပဲ အသိပေးထားတာ" ကျိုးဖေးက ခေါင်းယမ်းကာ ပြောသည်။

"ဟမ့် အရူးမလေး" ကျန်းလီက နှာခေါင်းရှုံ့လိုက်သည်။

"ဒါပေမယ့် ဒါက တကယ်အန္တရာယ်များတယ်။ အစ်မယန် က စက်ဘ်ပူကိုပြန်ဖို့ တကယ်စီစဉ်နေတာ" ကျိုးဖေးက စိုးရိမ်တကြီးပြောသည်။

"အရင်က ပြန်လို့မရပေမယ့် အခု သူ ပြန်လို့ရပြီ။ ငါ့ အစ်ကိုကို သူနဲ့အတူခေါ်သွားရုံပဲ။ ငါ့အစ်ကိုလည်း လက်ထပ်ဖို့ အချိန်ကျပြီ။ မုန့်မုန့်ကို လွှန်ခဲ့တဲ့နှစ်တွေကတည်းက မွေးထား တာဆိုတော့ လက်ထပ်ဖို့ မြန်မြန်လုပ်ရမယ်" ကျန်းလီက လူကြီးတစ်ယောက်ပမာ ဆိုသည်။

"အစ်ကိုကျန်းဟန်နဲ့ အစ်မဇီယန်က ပျော်ရွှင်ကြမှာပါ" လော့ချင်းက ရုက်ရွံ့စွာပြုံး၏။

သူမရှေ့က လူနှစ်ယောက်ကို သဘောကျစွာကြည့်ရင်း "ဒီ မြင်ကွင်းက ရိုမန့်တစ်ရပ်ရှင်ကားလိုပဲ။ သူတို့ကို အားကျလွန်း လို့ ငါ အဲ့လိုမျိုး ငိုတောင်ငိုချင်လာပြီ"

"လီလီ ငါဗိုက်ဆာတယ်။ ခဲအိုချက်တဲ့ထမင်းဟင်းတွေ မ စားရတာ အတော်ကြာပြီ။ ငါ ဒီရက်ပိုင်း ငါးကီလိုလောက် ဝိတ်

ကျသွားတာဘ်။ နင်ယုံလား” ကျိုးဖေးက နာကျင်စွာ ပြောလိုက်သည်။

"နင်ဘာသာ ပိန်ပိန် မပိန်ပိန် ငါနဲ့ဘာဆိုင်လို့လဲ” ကျန်းလီက မျက်စောင်းထိုးလိုက်၏။

"လီလီ နင်က သူငယ်ချင်းစိတ်ဓာတ်ကိုမရှိဘူး”

"ငါက စတာပါ။ ကဲ... သူတို့ ပြန်အဆင်ပြေသွားကြပြီ။ ငါတို့ မကြာခင် အရသာရှိတဲ့အစားအသောက်တွေ စားရတော့မယ်။ ငါလည်း ဗိုက်ဆာနေပြီ”

"တကယ်တော့ ငါလည်း ဗိုက်ဆာနေပြီ” လော့ချင်းက တိုးတိုးလေး ပြောသည်။

"မင်းတို့ ငါ့ကို သတိမပေးလိုက်သင့်ဘူး။ အခု ငါလည်း ဗိုက်ဆာသွားပြီ” ကျောက်ဖုန်းက ပြုံးလိုက်၏။

"ဆာလောင်မှုက ကူးစက်တတ်တယ်ထင်တယ်။ ငါလည်း ဗိုက်ဆာတယ်” နည်းပြလျိုက သက်ပြင်းချသည်။

-အခန်း(၃၉၂)ပြီး

……

## အခန်း(၃၉၃-က) ခေါင်းဆောင်းနီနှင့်ကောင်မလေးရောက်ရှိခဲ့ပြီ(၁)

နည်းပြလျိုနှင့် အခြားသူများသည် အနီးပတ်ပတ်လည်ဧရိယာအား လှည့်ကြည့်လိုက်သည်။

သူတို့ နေရာကြီးကြီးမားမား ဖယ်ထားသော်လည်း လေဆိပ်၏လုပ်ငန်းဆောင်တာကို မထိခိုက်စေခဲ့ချေ။ ဤနေရာရှိ လေဆိပ်ဝန်ထမ်းများက ဧည့်သည်များအား ဘေးရှိစောင်းဆိုင်းခန်းဆီသွားရန် ညွှန်ကြားထားကြသည်။

နည်းပြလျိုသည် အနီးရှိ လုံခြုံရေးအရာရှိတစ်ဦးနှင့် စကားပြောနေခဲ့သည်။

သူသည် လေဆိပ်အလယ်ကိုကြည့်ကာ ပြုံး၍ "ဘယ်လောက်ကြာမှာလဲ”

"မသိဘူး... နည်းနည်းတော့ ကြာလိမ့်မယ်"

နည်းပြလျိုက လက်ကိုဝှေ့ယမ်းပြလိုက်သည်။

ဇီယန်သည် ပြင်းထန်စွာ ငိုကြွေးရင်း ကျန်းဟန်အား တင်းတင်းကြပ်ကြပ် ဖက်ထား၏။ သူမ၏နှလုံးသားထဲတွင် မျိုသိပ်ထားသည့် လွမ်းခဲ့သည့်ရက်များက ခံစားချက်များသည် နောက်ဆုံးတွင် မျက်ရည်များအဖြစ်ပြောင်းကာ သွန်ကျလာခဲ့သည်။

သူမ၏နားနားသို့ကပ်ကာ တိုးတိုးလေးပြောရင်း ကျန်းဟန်သည် ဇီယန်၏ခေါင်းနောက်ဘက်ကို ဘယ်လက်ဖြင့် နူးညံ့စွာပွတ်ကာ နောက်ကျောအား ညာလက်ဖြင့် ပုတ်ပေးသည်။

"ကောင်းပြီ မငိုနဲ့တော့။ လိမ္မာတဲ့ကောင်မလေးပဲကို"

ဇီယန် အနည်းငယ် တည်ငြိမ်သွားပြီး ရှိုက်ကြီးတငင်ဖြင့် ပြောသည်။

"ကျွန်မ... ကျွန် အရမ်းတုံးအတယ်"

"ကျွန်မ လှည့်စားခံခဲ့ရတယ်"

"ရှင် စိတ်ဆိုးသွားရင် ကျွန်မ တောင်းပန်ပါတယ်နော်"

"အဆင်ပြေပါတယ်။ အဲဒါတွေအကုန်လုံးက အတိတ်မှာ ပြီးသွားပြီ" ကျန်းဟန်က သူမအား နှစ်သိမ့်ပေးရင်း "ကိုယ်က မင်းအတွက် စိတ်မကောင်းဖြစ်ရုံပါ။ မငိုနဲ့တော့နော်"

"ဒါ... ဒါပေမယ့်.... ကျွန်မ ရှင့်ကို ယုံကြည်ခဲ့သင့်တယ် လေ... ကျွန်မ..."

"ကောင်းပြီ။ မင်းက ကိုယ့်ရဲ့အဖိုးတန်ဇနီးလေးပဲလေ။ ဒါက မင်းအပြစ်မဟုတ်ပါဘူး" ကျန်းဟန်က ဇီယန်၏ခေါင်းကို ချစ်မြတ်နိုးစွာ ပုတ်လိုက်ပြီး တိုးတိုးလေးပြောသည်။ "အဲဒီလူ တွေက ကောက်ကျစ်လွန်းတာပါ။ တခြားသူတွေလည်း လှည့်စားခံရမှာပဲလေ"

ကျန်းဟန်၏နှစ်သိမ့်ပေးမှုဖြင့် ဇီယန် တဖြည်းဖြည်း အငို တိတ်သွားသည်။ သူမ ကျန်းဟန်အား အပြစ်ကင်းစွာ

မော့ကြည့်ရင်း နှုတ်ခမ်းရဲရဲလေးများကို အနည်းငယ်စူကာ ရေရွတ်လိုက်သည်။

"ဒါဆို ရှင် ကျွန်မကို အပြစ်မတင်ဘူးပေါ့"

ကျန်းဟန်က ရယ်မောလိုက်ပြီး "ကိုယ်က ဘာလို့မင်းကို အပြစ်တင်ရမှာလဲ"

"ရှင်က အရမ်းကောင်းတာပဲ"

ဇီယန်က ကျန်းဟန်အား နောက်တစ်ကြိမ် ပွေ့ဖက်လိုက်ပြီး သူ၏နားနားသို့ကပ်ကာ တိုးတိုးလေးပြောသည်။ "ကျွန်မဆိုလိုတာ စိတ်မကောင်းမဖြစ်ပါနဲ့လို့။ ကျွန်မရှင့်ကို ချစ်တယ်ယောကျ်ား..."

အိုးမိုင်ဂေါ့တ်။

ကျန်းဟန်သည် ဇနီးဖြစ်သူ၏ချစ်ခြင်းမေတ္တာမှန္နေးထွေးမှုတွင် နစ်မြုပ်နေပုံရပြီး သူ၏နှလုံးသားက ပို၍ပို၍ နူးညံ့လာသည်။

ဇီယန် သူ့အား ယောက်ျားဟုခေါ်သည်မှာ ဒါက ပထမဆုံး အကြိမ်ဖြစ်သည်။

ကျန်းဟန် နောက်သို့ ဆုတ်လိုက်၏။ သူမအား စိုက်ကြည့်ကာ သူ၏ညာဘက်လက်ကိုဆန့်၍ သူမ၏နီရဲရဲမို့အစ်နေသည့် မျက်လုံးလေးများကို ညင်သာစွာ တို့ထိပြီး မျက်ရည်စများကို သုတ်ပေးလိုက်သည်။

သူ၏မျက်လုံးထဲတွင် နူးညံ့မှုများဖြင့် ပြည့်နေ၏။

ထိုနောက် သူမ မျက်လုံးများကို ဖြည်းဖြည်းချင်းမှိတ်လိုက်သည်။

ထိုနောက်တွင် ကျန်းဟန်က ခေါင်းကိုငုံ့ကာ သူမ၏နှုတ်ခမ်းရဲရဲလေးကို နမ်းလိုက်သည်။ ကျန်းဟန်၏လည်ပင်းအား လက်နှစ်ဖက်ဖြင့် ပြန်လည်သိုင်းဖက်ပြီး ဇီယန် သူ၏အနမ်းကို တုံ့ပြန်လိုက်သည်။

"အဟမ်း”

နည်းပြလျို၊ ကျန်းလီနှင့် အခြားသူများ ခေါင်းကို တစ်ဖက်လှည့်လိုက်ကြသည်။ သူတို့အားလုံး ပြုံးစိစိဖြစ်နေကြ၏။

ထိုနေ့များက သူတို့အတွက်လည်း ခက်ခဲခဲ့သည်။

ကံကောင်းထောက်မစွာဖြင့် အရာအားလုံးက ယခုမှ ပို၍ကောင်းမွန်လာခဲ့သည်။

စက္ကန့်အနည်းငယ်ကြာအောင် နမ်းပြီးနောက် သူတို့ ရပ်တန့်သွားကြသည်။

-အပိုင်း(၁၂) အခန်း(၃၉၃-က)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၁၃) အခန်း(၃၉၃-ခ) ခေါင်းဆောင်းနီနှင့် ကောင်မလေး ရောက်ရှိခဲ့ပြီ(၂)

ဇီယန်သည် ခေါင်းကိုအသာလေးမော့ကာ ကျန်းဟန်အား စိုက်ကြည့်နေ၏။ သူမ အောက်နှုတ်ခမ်းကို အသာအယာကိုက်ရင်း သူမ၏မျက်လုံးများက မျက်ရည်စများဖြင့် ပြည့်လာပြန်သည်။

"ကဲ မငိုပါနဲ့တော့ဆို။ အားလုံး အဆင်ပြေသွားပြီ" ကျန်းဟန်က ရယ်မောကာ ပြောသည်။

"အင်း..."

ဇီယန် တုံ့ပြန်လိုက်သော်လည်း မျက်ရည်စက်များက ရပ်တန့်မသွားချေ။

အမျိုးသမီးများသည် ရေဖြင့်ပြုလုပ်ထားသည် ဆိုသည့် စကား၏ဆိုလိုရင်းကို ကျန်းဟန် နောက်ဆုံးတွင် နားလည်သွားသည်။

ခဏလောက်စဉ်းစားပြီးနောက် ကျန်းဟန် ပြောလိုက်သည်။

"ကိုယ့်မှာ အခြားနာမည်တစ်ခုရှိသေးတယ်ဆိုတာ မင်းသိလား"

"ဘာလဲ"

ဇီယန် မျက်လုံးများကို ပေကလပ်ပေကလပ်လုပ်လိုက်ပြီး အငိုတိတ်ကာ စတင်စဉ်းစားလိုက်သည်။ ငါးစက္ကန့်ခန့် စဉ်းစားပြီးနောက် ဇီယန်ပြောလိုက်သည်။ "ရှင်...ရှင်က... မာစတာကျန်းလား"

လွန်ခဲ့သည့်နှစ်ရက်က ထန်ကျားယီနှင့်စကားပြောစဉ် မာစတာကျန်းသည် သူ့ချစ်သူအား ထိခိုက်နာကျင်စေသည့်လူများကို အလွန်ဒေါသထွက်ပြီး လူ ၁၃ ယောက်သတ်ခဲ့ကြောင်း ဇီယန် သိရှိခဲ့သည်။ ထိုအဖြစ်အပျက်က သူ့အား မြို့ထဲ၌ နာမည်ကြီးသွားစေခဲ့သည်။ သို့သော် ထိုစဉ်က ဇီယန်သည် စိတ်မကြည်သဖြင့် သိပ်ပြီး မစဉ်းစားခဲ့ချေ။ "မာစတာ" ဟူ

သည့် အမည်သည် သိုင်းပညာအလွန်ကောင်းသူကို ကိုယ်စားပြုကြောင်း သူမ သိသော်လည်း တိကျသည့်ဆိုလိုရင်းကိုတော့ နားမလည်ချေ။

"မဟုတ်ဘူး" ကျန်းဟန်က ခေါင်းကိုဖြည်းညှင်းစွာယမ်းကာ ပြောလိုက်၏။

"အဲဒါဆို ဘာလဲ" ဇီယန် စဉ်းစားလိုက်ပြန်၏။

"ကိုယ် မင်းကို သဲလွန်စပေးမယ်" ကျန်းဟန်က အနည်းငယ် ပြုံးကာ ပြောလိုက်သည်။ "ကိုယ်မင်းကိုချစ်တယ် ကိုယ်မင်းကိုချစ်တယ် ကိုယ်မင်းကိုချစ်တယ်" *(ဘာသာပြန်သူမှတ်ချက် - တေးရေးဆရာဟန်ယန်က ဇီယန်ကို သီချင်းဆယ်ပုဒ် ပို့ပေးတဲ့အချိန် ၁၂ နာရီ ၁၂ မိနစ် ၁၂ စက္ကန့် 12:12:12 ကို ပြောချင်တာပါ။ အသံထွက်တူတာဖြစ်လိမ့်မယ်လို့ ထင်ပါတယ်)*

ဇီယန် အံ့သြသွား၏။ သူမ နှုတ်ခမ်းအား ဖွင့်ဟကာ နူးညံ့စွာ ပြောလိုက်သည်။ "ကျွန်မလည်း ရှင့်ကို ချစ်တယ်"

ကျန်းဟန်သည် သူမက အလွန်ချစ်စရာကောင်းသည်ကို တွေ့ရှိလိုက်ရပြီး သူမ၏ခေါင်းလေးကို ပုတ်လိုက်သည်။ "ကိုယ်မင်းကို နောက်ထပ် သဲလွန်စပေးမယ်။ ပိုပြီး တဲ့တိုးဆန်တာပေါ့။ မင်းကိုချစ်တယ်၊ မင်းကိုချစ်တယ်၊ မင်းကိုချစ်တယ်။ နားထောင်ရတာ ရင်းနှီးမနေဘူးလား။ စဉ်းစားကြည့်"

"အမ်"

ဇီယန် တစ်ခုခုကို တွေးမိသွားသကဲ့သို့ အံ့အားသင့်သွားသည်။ သူမ၏မျက်လုံးများက ရုတ်တရက် ပြူးကျယ်သွားပြီး "ဟန်... ဟန် ယန် ကလည်း ရှင်လား"

သူ့ရှေ့တွင် ရပ်နေသည့် ချစ်စရာကောင်မလေးကိုကြည့်ရင်း ကျန်းဟန် ပြုံးကာ "အဲဒါ တိုက်ဆိုင်မှုတစ်ခုဖြစ်လိမ့်မယ်လို့ထင်လား။ အဲဒီသီချင်းတွေက မင်းအတွက် ကိုယ့်ရဲ့ ဒုတိယမွေးနေ့လက်ဆောင်ပဲ"

ဝှစ်...

နောက်ဆုံးတွင် သူဘယ်သူလဲ သိလိုက်ရသည့်အတွက် သူမ၏ချစ်စရာပါးပြင်လေးများမှာ နှင်းဆီရောင်သမ်းသွားသည်။ ထိုနောက် သူမ ကျန်းဟန်၏ရင်ခွင်ထဲ တိုးဝင်ကာ "ဝါး... ရှင်က အရမ်းတော်တာပဲ။ ရှင်ရှိနေတာ အရမ်းကောင်းတယ်...”

ဇီယန် အလွန်စိတ်လှုပ်ရှားသွား၏။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်စိတ်၊ ဝမ်းနည်းစိတ်များမှာ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ၎င်းတို့အစား သူမ၏နှလုံးသားတွင် ကြီးမားသည့်ပျော်ရွှင်မှုဖြင့် ပြည့်နေခဲ့၏။

ဟုတ်တာပေါ့။ ကျန်းဟန်လို ကြီးမြတ်တဲ့လူတစ်ယောက်နဲ့ဆုံတွေ့ရတာ သူမ ဘယ်လိုလုပ် မပျော်ပဲနေမှာလဲ...

"ဟားဟားဟား...”

ကျန်းဟန် ဝမ်းသာအားရရယ်မောလိုက်ပြီး ဇီယန်အား မင်းသမီးလေးပမာ ပွေ့ဖက်လိုက်သည်။ သူတို့ အပြင်လျှောက်ထွက်လာခဲ့ကြ၏။

ဇီယန်၏လက်များက ကျန်းဟန်၏လည်ပင်းတွင် ရစ်ပတ်ထားပြီး သူမ၏ခေါင်းက ကျန်းဟန်၏နွေးထွေးသည့်ရင်အုပ်ပေါ်တွင် မှီထားသည်။ အလွန်ချိုမြိန်လှ၏။

"ကဲ ပြီးသွားပြီ။ သူတို့ကို လိုက်ပို့ပေးလိုက်ကြရအောင်" နည်းပြလျိုက အော်ပြောလိုက်သည်။

လူတိုင်း လှုပ်ရှားလိုက်ကြပြီး သူတို့အတွက် လမ်းဖွင့်ပေးလိုက်ကြသည်။

ကျန်းလီ၊ ကျိုးဖေးနှင့် လော့ချင်းတို့ ကျန်းဟန်အား နွေးထွေးစွာ ကြည့်လိုက်ကြသည်။

"နောက်ဆုံးတော့ သူတို့ အဆင်ပြေသွားကြပြီ"

သူတို့နောက်မှ လိုက်သွားကြသည်။

အောက်ဆင်းလာပြီးနောက် ကျန်းဟန်က ဇီယန်အား ပွေ့ချီကာ ရှေ့ဆုံး MercedesBenz ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

ကျောက်ဖုန်းသည် အခြားသူများနှင့်အတူ အနောက်တွင် ရပ်နေသော်လည်း သူ့ငွေးဘာတွေးနေလဲ မသိသဖြင့် ကား မောင်းရန် မလုပ်ချေ။ သို့သော် ကျန်းဟန်က ဇီယန်အား ရှေ့ ခရီးသည်ခုံတွင် ချပေးလိုက်သည်ကိုမြင်တော့ ကားသော့များ ကို တစ်ယောက်ယောက်အား အမြန်ယူခိုင်းကာ သူ့ဌေးဆီ ပေးလိုက်သည်။

ကျန်းဟန်က ကားသော့ကိုယူကာ ခေါင်းညိတ်ပြီး ဒရိုင် ဘာခုံတွင် ထိုင်လိုက်သည်။

ထိုနောက် ကျိုးဖေးက နောက်ခန်းခုံဆီသို့ လျှောက်သွား သည်။ သူမ ကားတံခါးဖွင့်တော့မည့်အချိန်တွင် ကြားဖြတ်ခံ လိုက်ရ၏။

"နင်ဘာလုပ်နေတာလဲ။ အမြဲတမ်း တတိယဘီးလုပ်နေ တာပဲ” ကျန်းလီက ကျိုးဖေးအား ဆွဲလိုက်သည်။

"တတိယဘီးလား။ ငါ အဲ့လောက် မတုံးပါဘူး။ ငါက အစ်မယန်ရဲ့ ဖိနပ်နဲ့ လက်ကိုင်အိတ်ကို ထည့်မလို့ပါ" ကျိုးဖေး မျက်စောင်းထိုးလိုက်၏။

သူမ တုံးအနေရင်တောင် ယခုလိုအခိုက်အတန့်တွင် သူတို့အတွက် တတိယဘီးဖြစ်ရန် အိပ်မက်ပင်မက်ချေ။

"အော်... အာ့ဆိုသွားပါ" ကျန်းလီ ပြုံးကာ သူမအား လွှတ်ပေးလိုက်သည်။

ခဏလောက်စဉ်းစားပြီးနောက် ကျိုးဖေးက ရှေ့ခရီးသည်ခုံတံခါးကို ဖွင့်လိုက်သည်။ ဒေါက်မြင့်ဖိနပ်ကို အောက်ခုံပေါ်တင်ပေးလိုက်ပြီး အိတ်ကို ဧယန်အား ပေးလိုက်သည်။ ကျန်းဟန် ကားပေါ်တက်လာသည်ကိုမြင်တော့ ကျိုးဖေး ပြုံးကာ ပြောသည်။

"နင်တို့ ဒီည နောက်ကျမှ ပြန်လာလို့ရတယ်နော်။ နင်တို့ရဲ့နှစ်ယောက်တည်းကမ္ဘာလေးကို ခံစားလိုက်ကြဦး ဟီးဟီး..."

သူမ တံခါးကို အမြန်ပိတ်ကာ နောက်ဆုတ်လိုက်ပြီး နောက် Mercedes-Benz က လေဆိပ်မှ ဖြည်းညှင်းစွာ ထွက်ခွာသွားသည်။

"ငါတို့ ဘယ်သွားကြမလဲ" ကျန်းလီက မေးသည်။

"သွားစားရအောင်။ ငါ တော်တော်ငတ်နေပြီ" ကျိုးဖေးက ပြောသည်။ "မက်မွန်ပန်းဟိုတယ်မှာ ပါတီပွဲရှိတယ်လေ။ အုိ သွားစားမလား"

"ဟင့်အင်း။ ငါ တခြားနေရာက အစားအသောက်တွေကို မစားချင်ဘူး" ကျန်းလီက ခေါင်းကိုအကြိမ်ကြိမ် ယမ်းလိုက်သည်။

"ဒါဆို ကုမ္ပဏီကု သွားရအောင်" ကျောက်ဖုန်းက ပြောသည်။ "ငါ တစ်ယောက်ယောက်ကို သိုးနှစ်ကောင်ကင် ထားခိုင်းလိုက်မယ်"

"သွားရအောင်။ မြန်မြန်" နည်းပြလျိုက စိတ်မရှည်စွာ ပြောသည်။

"အိုး ဟုတ်သားပဲ။ မုန့်မုန့်ကိုခေါ်ဖို့ ယွမ်ရင်ဥယျာဉ်ကို အရင်သွားရအောင်။ သူ့အတွက် ယာဂု၊ နွားနို့နဲ့ ကြက်ဥပြုတ်တွေ လုပ်ပေးရမယ်။ သူ သိုးကင်တွေ အများကြီးစားလို့မရဘူး" ကျိုးဖေးက ပြောသည်။

"သူဌေးနဲ့ သူဌေးကတော်က မုန့်မုန့်ကို ခေါ်မသွားကြဘူးလား" နည်းပြလျိုက မေးသည်။

"ဟင့်အင်း။ စုံတွဲတိုင်းက ရန်ဖြစ်ပြီး ပြန်အဆင်ပြေသွားပြီးရင် အတူတူနေကြဖို့ အချိန်လိုတယ်လေ။ ရှင်က စင်ဂယ်ဆိုတော့ ဒါတွေ နားလည်မှာမဟုတ်ပါဘူး" ကျိုးဖေးက နှုတ်ခမ်းကို တွန့်ကွေးကာ အရေးမစိုက်စွာ ပြောလိုက်သည်။

"အင်း... ဒါဆိုလည်း ငါတို့ အဲဒီသွားကြမယ်" နည်းပြလျိုက ခါးသီးစွာ ပြုံးလိုက်သည်။ "မင်းက အဲဒါကို နားလည်သလိုလိုနဲ့။ မင်းလည်း စင်ဂယ်ပဲ မဟုတ်လား"

ထိုသို့ဖြင့် သူတို့အားလုံး ကားထဲဝင်ပြီး ကုမ္ပဏီကိုမပြန်ခင် မုန့်မုန့်အား ခေါ်ရန် တောင်ပိုင်းကျွန်း အရှေ့ပိုင်းခရိုင်ကို သွားကြသည်။

အဖြစ်မှန်က ကျိုးဖေး ပြောသလို ခပ်ဆင်ဆင်ပင်။

Mercedes ကားလေးက လေဆိပ်မှ ထွက်ခွာလာသည်နှင့် ဇီယန်သည် လမ်းတစ်လျှောက်လုံး ကျန်းဟန်အား ကြည့်နေခဲ့သည်။

သူမ၏မျက်လုံးများတွင် ချစ်ခြင်းမေတ္တာများ ပြည့်နှက်နေပြီး သူ့အား ဘယ်တော့မှ ကြည့်၍မဝသလိုပင်။

အနောက်ပိုင်းခရိုင် ပတ်လမ်းသို့ ရောက်လာပြီးနောက် ဇီယန်သည် လမ်းဆိုင်းဘုတ်များကို ကြည့်ကာ တိုးတိုးလေး မေးသည်။ "ကျွန်မတို့ ဘယ်သွားကြမှာလဲ”

“ကိုယ်တို့ မုန့်မုန့်ကို သွားခေါ်ကြမယ်”

မုန့်မုန့်အား မတွေ့ရသည်မှာ ရက်အတော်ကြာပြီဖြစ်၍ သူ တကယ် လွမ်းနေခဲ့သည်။ သူသည် အရာအားလုံးထက် မုန့်မုန့်၊ ဇီယန်နှင့်အတူသာ တိတ်တိတ်ဆိတ်ဆိတ်နေသွားချင်ခဲ့သည်။

သို့သော်...

ဇီယန်က နှုတ်ခမ်းများကို သပ်လိုက်ပြီး "အဲ... ကျွန်မတို့ သူ့ကို နောက်မှသွားခေါ်ရင်ရော။ ကျွန်မတို့ချည်းပဲ ခဏလောက် နေချင်လို့ပါ"

ကျန်းဟန် အံ့သြသွား၏။ သူမ၏ဆိုလိုရင်းကို နားမလည်ပါက သူ တုံးဖြစ်သွားပေမည်။ သူ၏မျက်လုံးများတွင် စိတ်လှုပ်ရှားမှုများဖြင့် ပြည့်သွားပြီး "ကိုယ်တို့ ကျိုးဖေးကို အရင်ပြောသင့်လား"

"အင်း" ဇီယန် အိတ်ထဲမှ ဖုန်းကိုထုတ်ကာ ကျိုးဖေး၏နံပါတ်အား နှိပ်လိုက်သည်။

ကျိုးဖေးနှင့် ရိုးရိုးရှင်းရှင်းစကားပြောပြီးနောက် မုန့်မုန့်အား သွားခေါ်ရန် သူတို့အဖွဲ့သွားနေကြောင်း သိလိုက်ရသည်။ ဖုန်းကို အိတ်ထဲပြန်ထဲရင်း ရှက်သွေးဖြာနေသည့် မျက်နှာလေးဖြင့် ခေါင်းမော့လာသည်။

ကားမှာ ဟိုတယ် ကားပါတင်ထဲသို့ ဝင်ပြီးနေပြီဖြစ်သည်။

သူတို့ ရောက်ရှိသည့်အချိန်တွင် ကျန်းဟန်က ကားပေါ်က အမြန်ဆင်းကာ ခရီးသည်ခုံဘက်သို့ အမြန်သွားလျှောက်သွားလိုက်သည်။ တံခါးကို ဖွင့်ပေးလိုက်ပြီးနောက် ဇီယန်၏လက်ကိုကိုင်၍ ဟိုတယ်ထဲသို့ အမြန်ဝင်လာကြသည်။

ဟန်းနီးမွန်းအခန်းအတွက် သော့ကတ်ကို အမြန်ယူလိုက်သည်။

သူတို့ ဓာတ်လှေကားထဲသို့ အပြေးဝင်သွားကြပြီး သူတို့၏အထပ်သို့ရောက်သည်အထိ စောင့်ကာ ဟိုတယ်ခန်းထဲသို့ ဝင်သွားကြသည်။

သူ၏လှုပ်ရှားမှုများက သဘာဝကျ၍ ချောမွေ့နေသည်။

ထိုအခိုက်အတန့်တွင် ဇီယန်မှာ တိတ်ဆိတ်သွားပြီး သူမ၏မျက်လုံးများက နူးညံ့မှုများဖြင့် ပြည့်နေ၏။

အခန်းအလယ်တွင် ပန်းရောင်အသည်းနှလုံးပုံကုတင်ကြီး တစ်လုံး ရှိသည်။

တံခါးကိုဖွင့်ပြီးနောက် အရောင်ဖျော့ဖျော့ မီးလုံးအား ဖွင့်လိုက်သည်။ ထိုနောက် ကျန်းဟန်သည် ဇီယန်အား ရင်ခွင်ထဲသို့ တင်းကြပ်စွာပွေ့ဖက်လိုက်ပြီး သူ၏နှုတ်ခမ်းများက သူမ၏နှုတ်ခမ်းများနှင့် ဆုံတွေ့သွားသည်။

"အွင်း....”

နမ်းနေကြရင်းဖြင့် ကုတင်ဆီသို့ တဖြည်းဖြည်း ရွေ့သွားကြသည်။

ကျန်းဟန်သည် ဇီယန်အား သူ၏ခန္ဓာကိုယ်အောက် ဖိထားလိုက်ပြီး သူမအား စိုက်ကြည့်လိုက်၏။

ဇီယန်၏မျက်ဝန်းများတွင် ချစ်မြတ်နိုးမှုများဖြင့် ပြည့်လျှမ်းနေသည်။ သူမ၏အမူအရာနှင့် အပြုအမူနှစ်ခုစလုံးက သူမ အဆင်သင့်ဖြစ်နေပြီဟု ပြောနေလေသည်။

နှစ်ယောက်လုံး စကားမပြောကြ။ တစ်ယောက်ကိုတစ်ယောက် ငေးစက္ကန့်ကြာ စိုက်ကြည့်နေပြီးနောက် ကျန်းဟန် သူမအား ထပ်၍ နမ်းလိုက်သည်။

ထိုကဲ့သို့ဖြင့်ပင် အခန်းတွင်းလေထုက ပိုမိုရင်းနီးလာသည်။

ခဏအကြာတွင် ကျန်းဟန်၏အပေါ်အင်္ကျီ၊ တီရှပ်နှင့် ဘောင်းဘီတို့မှာ ကုတင်ဘေး ကော်ဇောပေါ်၌ တစ်ခုပြီးတစ်ခု ပြုတ်ကျလာသည်…

ဇီယန်၏အဝတ်အစားများနှင့် အတွင်းခံများမှာလည်း…

တစ်ခုပြီးတစ်ခု…

တဖြည်းဖြည်းနှင့် သူတို့နှစ်ဦးလုံး ကိုယ်လုံးတီးဖြစ်သွားကြပြီး တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ပွေ့ဖက်ထားကြသည်။ သူတို့၏နှလုံးသားထဲတွင် မီးတောက်များရှိနေ၏။

အချိန်က အဆင်သင့်ဖြစ်ချေပြီ။

ဇီယန် ကျေနပ်အားရသည့် ညည်းညူသံထွက်လာ၏။

သူတို့၏ချစ်ခြင်းမေတ္တာက တဏှာရာဂကင်းသည့်အချစ်မဟုတ်ချေ။

တစ်ယောက်ကိုတစ်ယောက် နက်နက်ရှိုင်းရှိုင်း ရှိကြသည်။

ဇီယန်၏ညည်းညူသံ ပိုမိုထွက်လာသည်နှင့်အမျှ ကျန်းဟန်သည် သူ၏ခန္ဓာကိုယ်ရှိ ဆဲလ်များနှင့် အရိုးများထိတိုင် စိတ်ကျေနပ်သကဲ့သို့ အသံခပ်တိုးတိုးထွက်လာသည်။

ထိုသို့ဖြင့်...

အခန်းတွင်း အချစ်တိုက်ပွဲကား တိတ်ဆိတ်စွာဖြင့် ရှေ့ဆက်နေခဲ့သည်။

ပို၍ပို၍ ပူလောင်လာ၏။

ကျန်းဟန်သည် သူ၏ခန္ဓာကိုယ်တွင်းရှိ စိတ်ဝိညာဉ်စွမ်းအင်များက အမှျင်စုများအဖြစ်သို့ တဖြည်းဖြည်း ကွဲထွက်လာပြီး ဇီယန်၏ခန္ဓာကိုယ်သို့ စုစည်းသွားသည်ကို သတိမထားမိချေ။ ၎င်းတို့က စတည်လှည့်ပတ်လာ၏။

ရုတ်တရက် ဇီယန်၏ခန္ဓာကိုယ်တွင် အလင်းတန်းပေါင်းများစွာပါဝင်သည့် ရှည်လျားသည့်စမ်းချောင်းတစ်ခုအဖြစ်သို့ ပြောင်းလဲသွားပြီး သူမ၏ဝမ်းဗိုက်၌ စုစည်းသွားသည်။

လမင်းကဲ့သို့ တောက်ပသည့်စက်ဝိုင်းတစ်ခု ဖြည်းညှင်းစွာ ဖြစ်ပေါ်လာသည်။

အချစ်ရေယာဉ်ကြောတွင် လုံးဝယစ်မူးနစ်မြောနေခဲ့သည့်အတွက် အချိန်ဘယ်လောက်ကုန်သွားမှန်း မသိကြတော့ချေ။

အခန်းတစ်ဝိုင်တွင် ကြည်နူးဖွယ်အသံများ ထွက်ပေါ်နေသည်။

အထွတ်အထိပ်သို့ ရောက်ရှိသည့်အချိန်တွင် ကျန်းဟန် အသံတိုးတိုးထွက်လာသည်...

ဝုန်း...

သူတို့ အဆုံးမဲ့အာကာသာထဲသို့ ပြုတ်ကျသွားပြီး ပျောက်ဆုံးသွားသကဲ့သို့ ရုတ်တရက် သတိလစ်သွားကြသည်။

ထိုအချိန်တွင်ပင် ကျန်းဟန်သည် အလွန်တောက်ပသည့် လမင်းတစ်စင်း မွေးဖွားလာသည်ကို ခံစားလိုက်ရသည်။

အဆုံးမဲ့လောကကြီးထဲတွင် အလွန်ကြီးမားသည့်လမင်းကြီးတစ် ထွက်ပေါ်လာ၏။ ၎င်းက ရွှန်းလက်တောက်ပနေပြီး အရာအားလုံးပေါ်သို့ အလင်းရောင်ဖြာကျနေသည်။

၎င်းက အလွန်ထူးဆန်းပြီး ကျန်းဟန်ပင် ဘာဖြစ်သွားမှန်း မသိဘဲချေ။

သို့သော် သူ၏ခန္ဓာကိုယ်အတွင်းပိုင်းက တစ်စုံတစ်ရာ ပြောင်းလဲသွားသည်။

အမည်မသိစွမ်းအင်အချို့က ပါးလွှာသည့်လေထုမှ ထွက်ပေါ်လာပြီး ကျန်းဟန်၏ ဝမ်းဗိုက်ဆီသို့ အဆက်မပြတ် ထိုးဖောက်ဝင်ရောက်လာနေသည်။

ဝုန်း

သူ ကြားလိုက်ရ၏။

၎င်းကို ခံစားမိလိုက်သည်။

သူ၏ဝမ်းဗိုက်ထဲတွင် တိုးညှင်းသည့်အသံတစ်ခု ထွက်ပေါ်လာသည်။

အဲဒီအသံက...

ခြောက်လက်မဒျန်တျန်ကို ကိုယ်စားပြုတာပဲ...

အကောင်းဆုံးအခြေခံအုတ်မြစ်...

သို့သော် ထိုစွမ်းအင်က အဆုံးမရှိဟု ထင်ရသည်။

ဝုန်း

ခုနစ်လက်မ ဒျန်တျန်...

ဝုန်း

ရှစ်လက်မ ဒျန်တျန်...

ဝုန်း

ကိုးလက်မ ဒျန်တျန်... ပြီးပြည့်စုံတဲ့အခြေခံအုတ်မြစ်...

ပြီးပြည့်စုံတဲ့ အခြေခံအုတ်မြစ်လား...

ကျန်းဟန် အံ့အားသင့်သွားပြီး သူမြင်နေရာသည်ကို နားမလည်နိုင်ဖြစ်သွားသည်။ လမင်းက မှိန်ဖျော့သွားသော်လည်း တလက်လက်တောက်ပနေဆဲဖြစ်သည်။

ငါ ဘယ်လိုလုပ် ပြီးပြည့်စုံတဲ့ အခြေခံအုတ်မြစ်ကို ရသွားတာလဲ...

ငါ့မှာ အကောင်းဆုံးအခြေခံအုတ်မြစ်တောင် မရှိခဲ့ဘူးလေ။ ကိုးလက်မရှိသည့် ဒျန်တျန်ဖြစ်ဖို့က ပြီးပြည့်စုံသည့် အခြေခံအုတ်မြစ်လိုအပ်တယ်။ ငါ အရင်းမြစ်တွေ အများကြီးလိုအပ်တော့မှာပဲ...

-အပိုင်း(၁၃) အခန်း(၃၉၃-ခ)ပြီး

wunzinnosp

## စာစဉ်(၃၃) အပိုင်း(၁၄) အခန်း(၃၉၃-၈) ခေါင်းဆောင်းနီနှင့် ကောင်မလေး ရောက်ရှိခဲ့ပြီ(၃)

ကျန်းဟန် စိတ်ရှုပ်သွားထွေးသွား၏။

ဝုစ်

ရုတ်တရက် လမင်းက နေကြွတ်နေသည့်နေမင်းပမာ ပွင့်လာလေသည်။

ဝုန်း

နောက်ထပ် ခပ်အုပ်အုပ်အသံတစ်ခု ကြားလိုက်ရ၏။

သူ၏ဒူးချန်တျန်တွင် နောက်တစ် တစ်လက်မ ပိုလာခဲ့သည်။

ဆယ်လက်မဒူးချန်တျန်...

ကျန်းဟန် ကြက်သေသေသွားသည်။

ဘာဖြစ်နေတာလဲ။ ဒါ အိပ်မက်လား...

မဟုတ်ဘူး။ အိပ်မက်မဟုတ်ဘူး...

ဒါပေမယ့် ကိုးလက်မက အမြင့်ဆုံးလေ။ ကိုးလက်မဒျန်တျန်က ပြီးပြည့်စုံတဲ့အခြေခံအုတ်မြစ်ကို ဖန်တီးပေးတယ်။ ဒါပေမယ့် ဆယ်လက်မဆို ဘာဖြစ်မှာလဲ...

အိုး..

ငါ နားလည်ပြီ။ ပြီးပြည့်စုံတဲ့အခြေခံအုတ်မြစ်ဆိုတာက နာမည်တစ်ခုသက်သက်ပဲ။ အဲဒါက အတားအဆီးတစ်ခုလို မျိုးပဲ။ ကျင့်ကြံခြင်းဆိုတာ အတားအဆီးတွေ တစ်ခုပြီးတစ်ခု ဖြတ်ကျော်ရတာမလား...

ငါသိပြီ။ ကိုးလက်မက အမြင့်ဆုံး။ ဒါပေမယ့် ဒီကမ္ဘာမှာ အမြင့်ဆုံးဆိုတာထက် ကျော်လွန်တဲ့အရာတွေ ရှိတာပဲ...

ကျန်းဟန် ၎င်းကို အဖြေရှာနိုင်သည့်အချိန်မှာပင် လမင်းက ရုတ်တရက် တောက်ပမှုရပ်တန့်သွားပြီး တဖြည်းဖြည်း

ပျောက်ကွယ်သွားသည်။ ထိုနောက် ကျန်းဟန် သတိပြန်ဝင်လာ၏။

သူ မျက်လုံးပြန်မြင်နိုင်သည့်အချိန်တွင် အခန်းထဲတွင်ရှိနေသည်ကို မြင်လိုက်ရသည်။

အချစ်တိုက်ပွဲပြီးဆုံးပြီးနောက် သူနှင့် ဇီယန်၏ ခန္ဓာကိုယ်တွင် ချွေးစက်များရှိနေသေး၏။

ကျန်းဟန် သူ၏စိတ်ဝိညာဉ်ခွန်အားကို စစ်ဆေးကြည့်လိုက်ပြီးနောက် မျက်နှာထက်တွင် အလွန်ရှုပ်ထွေးသည့် အပြုံးတစ်ခုပေါ်လာသည်။

သူ၏ဒုန်တျန်မှတဆင့် စီးဆင်းလာသည့် စိတ်ဝိညာဉ်စွမ်းအားသည် အရည်အသွေးပိုင်း ပြောင်းလဲမှုဖြစ်သွားပြီး သူ၏အတိတ်ဘဝက ပြီးပြည့်စုံသည့်အခြေခံအုတ်မြစ်ထက်ပင်ပို၍ သန်မာနေခဲ့သည်။

အတားအဆီးများကို ချိုးဖြတ်လိုက်ပြီးနောက် အလင်းတန်းများက သူ၏ဒန်တျန်တစ်ဝိုင်တွင် အမှတ်တမဲ့ လင်းလက်သွားပုံရသည်။ ၎င်းတို့ကို ချဲ့လိုက်ပါက ဥက္ကာပျံခဲကို ဖြစ်သွားပေလိမ့်မည်။

ကျန်းဟန် အကြောင်းအရင်းကို မသိချေ။

သို့သော် ၎င်းက အလွန်ကြီးမားသည့်သတင်းဖြစ်သည်ကို တော့ သူသိသည်။ ဆယ်လက်မ ဒန်တျန်... သူ ယခင်ကထက် များစွာပိုမိုသန်မာလာသည်။

ထိုအချိန်တွင် ဇီယန်၏မျက်ခုံးများ လှုပ်လာ၏။ သူမ မျက်လုံးများကို ဖြည်းညှင်းစွာ ဖွင့်လိုက်ပြီးနောက် ကျန်းဟန် ကို စိုက်ကြည့်နေသည်။ သူမ အနည်းငယ် ရှက်ရွံ့နေ သော်လည်း နူးညံ့စွာ ပြောလိုက်၏။ "ရှင်က အံ့ဩဖို့ကောင်း တယ်”

"အမ်... အရမ်းမြန်သွားတာလား” ကျန်းဟန်က တုံ့ဆိုင်း စွာဖြင့် မေးသည်။

"အမ်… အရမ်းမြန်သွားတာလား" ကျန်းဟန်က တုံ့ဆိုင်းစွာဖြင့် မေးသည်။

"မဟုတ်ပါဘူး။ အရမ်းအံ့သြလောက်စရာပဲလို့"

ကျန်းဟန် အချိန်ကို တစ်ချက်ကြည့်လိုက်သည်။ "အိုး တစ်နာရီခွဲကျော်သွားပြီပဲ"

"သိပ်မမြန်ပါဘူး" သူ အနည်းငယ် ကို့ယို့ကားယား ပြုံးလိုက်၏။

သူ ၎င်းကို နှစ်ပေါင်းများစွာ ချုပ်တည်းထားခဲ့သည်ဟု ဆိုနိုင်၏။ ထို့ထက် ဇီယန်ကြောင့် သူ၏ရင်ထဲမှ ထွက်လာသည့် ခံစားချက်များက သူ့အား အတော်လေး ထိရှလွယ်စေသည်။

၎င်းက… တစ်စုံတစ်ရာ အလွန်ထူးခြားဆန်းကျယ်သည့် အရာဖြစ်ပျက်ခဲ့သောလည်း ၎င်း၏ခံစားချက်ကို သူ မေ့နေခဲ့ပြီဖြစ်သည်။

“ဟန်နီ(Honey) မင်းရဲ့ခန္ဓာကိုယ်မှာ လျှို့ဝှက်ချက်တစ်ခု ရှိတယ်” ကျန်းဟန်က ဘေးသို့ စောင်းလိုက်ပြီး ဇီယန်အား သူ၏ရင်ခွင်ထဲထည့်ကာ ပြုံး၍ ပြောသည်။ "မင်းရဲ့ ဒျန်တျန်ကို ကိုယ်အာရုံခံလို့မရဘူး။ မင်းမှာ ကလေးရနိုင်ချေ အခွင့်အရေး နည်းနည်းပဲရှိတယ်လို့ ပြောဖူးတယ်လေ။ အဲဒါက ဒါကြောင့် ဖြစ်လိမ့်မယ်။ ပြီးတော့ မင်းကိုယ့်ကိုပေးခဲ့တဲ့ ကြီးမားတဲ့ အဆင့်ချိုးဖြတ်မှုတစ်ခုကို ကိုယ်ခံစားခဲ့ရတယ်”

"တကယ်လား။ ကျွန်မက ရှင့်ကို ကြီးမားတဲ့အဆင့်ချိုး ဖြတ်မှုရအောင် ကူညီပေးခဲ့တာလား။ အဲဒါက ဘာလဲဟင်” ဇီ ယန်က ပြုံးကာ ပြောသည်။

ချစ်တင်းနှောပြီးနောက်တွင် ဇီယန်သည် သိုင်းပညာရှင် တစ်ယောက်လို စွမ်းရည်မျိုး မရရှိခဲ့သော်လည်း သူမ ပိုမို ကောင်းမွန်လာသည်ကို ခံစားမိသည်။ သူမ၏ နီရဲမို့အစ်နေ သည့် မျက်လုံးများမှာ ပြန်လည်ကောင်းမွန်သွားခဲ့၏။

သူမနှင့်ယှဉ်လျှင် ကျန်းဟန်က များစွာပို၍ အကျိုးရှိခဲ့သည်။ သူ၏ဒျန်တျန်က ခြောက်လက်မမှ ဆယ်လက်မအထိ ရောက်ရှိသွားပြီး ပြီးပြည့်စုံသည့်အခြေခံအုတ်မြစ်ထက် ပိုမိုကောင်းမွန်သည့်အရာကို ရရှိခဲ့သည်။ ကျန်းဟန် အိပ်မက်မက်နေသလို ခံစားနေရ၏။

အံ့အားသင့်စရာက ရုတ်တရက် ရောက်ရှိလာခဲ့သည်။

ကျန်းဟန်သည် ဇီယန်၏မေးခွန်းကို တွေးနေဆဲဖြစ်သည်။

တစ်ယောက်ယောက်က ဒီစွမ်းအင်ကို ဇီယန်ဆီ လွှဲပြောင်းပေးခဲ့တာလား။ ဒါမှမဟုတ် သူမ ရတနာခန္ဓာကိုယ်တစ်ခုနဲ့ မွေးဖွားလာခဲ့တာလား။ ဘာပဲဖြစ်ဖြစ် လုံး၀ ဆိုးရွားတဲ့အရာတော့ မဟုတ်ဘူးထင်တယ်။ လျှို့ဝှက်ချက်ကိုတော့ ငါ့ရဲ့စွမ်းအားတွေ တိုးတက်လာပြီးမှ ဖော်ထုတ်ရမယ်...

အတန်ကြာစဉ်းစားပြီးနောက်တွင် သူ အဖြေရှာမရသေးချေ။ ထိုမေးခွန်းကို ကြားပြီးနောက် သူ တုံ့ဆိုင်းသွားပြီး "ကိုယ်အစက နောက်မှ အဲဒါကို မင်းကိုယ်တိုင်မျက်စိနဲ့မြင်တဲ့အခါမှ

ပြောပြဖို့စီစဉ်ထားတယ်။ ဒါပေမယ့် ကိုယ် အခုပြောပြရတော့ မယ်ထင်တယ်။ တကယ်တော့ ကိုယ်က... ပြန်လည်မွေးဖွား လာတဲ့ကျင့်ကြံသူတစ်ယောက်ပါ"

"အမ်.. ကျင့်ကြံသူလား။ အဲဒါက ဘာလဲ။ အင်မော်တယ် တစ်ယောက်လား" သူမ အံ့အားသင့်စွာ ပြောသည်။ သူမ၏မျက်လုံးများက ပြူးကျယ်နေ၏။

"အင်မော်တယ်လမ်းစဉ်ကို လေ့လာလိုက်စားတဲ့သူပေါ့။ ကျင့်ကြံတဲ့နည်းလမ်းတွေက အများကြီးရှိတယ်။ နည်းလမ်း တစ်ခုစီက ကျင့်ကြံတဲ့သူကို အင်မော်တယ်ဖြစ်လာအောင် အထောက်အပံ့ဖြစ်စေတယ်။ ဒီလိုဆိုရင်ရော။ ကိုယ်မင်းကိုပြ မယ်"

ကျန်းဟန်က ဇီယန်၏အား ဘယ်လက်ဖြင့် ပွေ့ဖက်လိုက် ပြီး ညာလက်ကို ညင်သာစွာလှုပ်ရှားလိုက်သည်။

ဝှစ်...

ကျန်းဟန်၏အိတ်ကပ်ထဲရှိ ကတ် ၁၈ ကတ်မှာ ဆက်တိုက်ထွက်လာသည်။ ကျန်းဟန်သည် ၎င်းတို့အား စိတ်ဖြင့်ထိန်းချုပ်ထားပြီး အတူညီသည့်ပုံစံအမျိုးမျိုးကို ဇီယန်အား ပြသသည်။

"ကျင့်ကြံသူတွေက သူတို့ကိုယ်သူတို့ လောကကြီးကနေ ခွဲထွက်နိုင်တဲ့ စွမ်းရည်ရှိတယ်။ သူတို့က စွမ်းအားကြီးပြီး လုပ်နိုင်စွမ်းရှိကြတယ်။ တောင်တွေကို ဖြိုခွဲတာ၊ မြို့တွေကို ဖျက်ဆီးတာ၊ နတ်ဆိုးတွေကို သတ်တာ စတာတွေကို နည်းလမ်းပေါင်းထောင်နဲ့ချီပြီး လုပ်နိုင်ကြတယ်။ သူတို့ရဲ့စွမ်းအား တိုးတက်လာတာနဲ့အမျှ သူတို့က ပိုသန်မာလာကြတယ်။ ကောင်းကင်မှာ ပျံသန်းနိုင်သလို မြေအောက်မှာလည်း လျှောက်သွားနိုင်တယ်။ နေနဲ့လ၊ ကောင်းကင်နဲ့ မြေကြီးလိုမျိုး အသုံးမဲ့ အသက်ရှင်နေထိုင်ကြတယ်။ အဲဒါ ကျင့်ကြံသူပဲ"

ဇီယန်သည် သူ၏စကားကြောင့် အံ့သြသွားရသည်။

သူမ၏ လောကအမြင်တစ်ခုလုံး ပျက်စီးသွားပြီး သူမရှေ့မှအမျိုးသားအား ကြည့်လိုက်သည်။

ဆယ်မိနစ်ကြာပြီးနောက် ဇီယန် သတိပြန်ဝင်လာပြီး "ဒါဆို ယောက်ျားက အင်မော်တယ်ပေါ့နော်”

"အဲ.. အခုတော့ မဟုတ်သေးဘူး။ ကိုယ်သွားရမယ့်လမ်းက အဝေးကြီးကျန်နေသေးတယ်။ ကိုယ်က ခုမှ စရုံပဲရှိသေးတာ” ကျန်းဟန်မှာ သူမ၏မေးခွန်းက အလွန်ရယ်စရာကောင်းသည်ကို တွေ့လိုက်ရသည်။

"ဝါး... ရှင်က အရမ်းစွမ်းထက်တာပဲ” ဇီယန်က အံ့သြတကြီးအော်လိုက်ပြီး အနည်းငယ် ဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။ "ရှင်က အရမ်းအစွမ်းထက်တယ် ဒါပေမယ့်.. ကျွန်မ.. ကျွန်မက သာမန်လူတစ်ယောက်ပဲလေ။ ကျွန်မက ရှင်နဲ့ ဒီဘဝမှာပဲ အတူတူနေနိုင်မှာ။ နောက်ဆယ်နှစ်ကြာရင် ကျွန်မက အသက်ကြီးလာပြီး ရုပ်ဆိုးသွားမှာ။ ကျွန်မ...”

"ဘယ်လိုလုပ် အဲ့လိုဖြစ်နိုင်မှာလဲ” ကျန်းဟန်က ညာလက်ကို ဝှေ့ယမ်းလိုက်ပြီး ကတ်များကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်သည်။ ထိုနောက် ဇီယန်၏နှုတ်ခမ်းဖူးလေးများပေါ်တွင် လက်ညှိုးတင်ကာ "မင်းက အနာဂတ်မှာ သေချာပေါက်ကျင့်ကြံရမှာ။ အမြဲတမ်းငယ်ရွယ်ပြီး ထာဝရလှပနေမှာ။ ကိုယ်တို့ အတူတူ ပျော်ပျော်ရွှင်ရွှင်နေကြမယ်။ အမြဲတမ်း စုံတွဲဖြစ်နေမှာ။ ကိုယ်တို့က ထာဝရအတူတူနေသွားကြမှာ”

ဇီယန်၏အသံမှာ တုန်ယင်လာပြီး "ကျွန်မ… ကျွန်မလုပ်နိုင်တာလား”

"ဒါပေါ့။ မင်းက ဒါကို လုပ်နိုင်ရုံတယ်ဆိုရုံတင်မကဘူး ကောင်းကောင်းကြီး အောင်မြင်မှာပါ။ ကိုယ်အခု နားမလည်သေးပေမယ့် မင်းရဲ့ခန္ဓာကိုယ်က ကိုယ့်ကို အဆင့်တွေအများကြီး ဖြတ်ကျော်သွားစေတဲ့ ကြီးမားတဲ့လျှို့ဝှက်ချက်တစ်ခုရှိနေတယ်။ အနာဂတ်မှာ မင်းက မင်းယောကျ်ားထက် ပိုပြီး

အစွမ်းထက်တာလည်း ဖြစ်နိုင်တယ်” ကျန်းဟန်က ပြုံးကာ ပြောသည်။

သို့သော် သူ၏စကားများက အနာဂတ်တွင် တကယ် ဖြစ်လာလိမ့်မည်ဟု သူ မမျှော်လင့်ထားချေ…

"တကယ်လား။ ဒါဆို ထာဝရအတူတူနေကြမယ်နော်” ဇီယန် ပျော်ရွှင်စွာ ပြောလိုက်သည်။

"အင်း။ ဟုတ်သားပဲ ကိုယ်မင်းကို သတိပေးရဦးမယ်။ အနာဂတ်မှာ မင်း ဘာတွေပဲမြင်တွေ့ပါစေ ကိုယ့်ကို ယုံရမယ်နော်။ ဘာလို့လဲဆိုတော့ လောကကြီးမှာ လှည့်စားမှုတွေ အပြင် အစစ်အမှန်နဲ့ အတုအယောင်က ရောနှေးနေတာတွေ အများကြီးရှိနိုင်လို့ပါ”

"ကျွန်မ ရှင့်ကို အမြဲတမ်းယုံကြည်နေမယ်လို့ ကတိပေးပါ တယ်။ ကျွန်မ ရှင့်ကို သံသယမဝင်ဘူး” ဇီယန်က လေး လေးနက်နက်ပြောသည်။

သူမ၏မျက်နှာပေါ်ရှိ အမှုအရာကြောင့် ကျန်းဟန် အနည်းငယ် သွေးဆောင်ခံလိုက်ရသည်။ ခဏလောက်စဉ်းစား ပြီး သူ ပြောသည်။

"ကိုယ်မင်းကို ပြမယ်။ အရင်ဆုံး မျက်စိမှိတ်ပြီး စိတ်ကို ရှင်းရှင်းလင်းလင်းထားလိုက်။ ဘာကိုမှ မစဉ်းစားနဲ့"

ထိုနောက် ဇီယန်သည် နာခံစွာဖြင့် မျက်လုံးများကို မှိတ်လိုက်သည်။

ကျန်းဟန်သည် ဇီယန်၏လှပသည့်ပါးပြင်လေးများကို လက်ဖဝါးဖြင့် ထိလိုက်၏။ သူ၏မျက်လုံးများက အလင်းရောင် များ တောက်ပလာပြီး စိတ်ဝိညာဉ်အာရုံသည် ဇီယန်၏စိတ်ထဲ သို့ ထိုးဖောက်ဝင်ရောက်သွားသည်။

ဝုန်း...

ဇီယန်သည် အချိန်ကိုဖြန့်၍ ခရီးသွားနေရသလို အရာ အားလုံးပြောင်းလဲသွားသည်အား ရုတ်တရက် ခံစားလိုက်ရ

သည်။ သူမ မြက်ခင်းလွင်ပြင်တစ်ခုတွင် ရောက်ရှိနေသည်ကို တွေ့လိုက်ရပြီး ကျန်းဟန်က ပျော်ရွှင်စွာ မြင်းစီးနေကာ မုန့်မုန့်က သူမ၏ရှေ့တွင် ရပ်နေသည်။

ဝုန်း...

မြင်ကွင်းက ပြောင်းလဲသွားပြန်၏။

သူမနှင့် ကျန်းဟန် အတူတူရေလှိုင်းစီးသည့်အချိန် ဖြစ်သည်။ သူမပတ်ပတ်လည်တွင် ရေစီးသံများထွက်ပေါ်နေပြီး ပင်လယ်ပြင်အား သူမ လက်ဖြင့် ထိနိုင်သလိုပင်။

"ရပြီ။ မျက်လုံးဖွင့်တော့"

ထိုနောက် မြင်ကွင်းက ပျောက်ကွယ်သွားသည်။ ကျန်းဟန်၏အသံက သူမနားထဲ တိုးဝင်လာ၏။

ဇီယန် မျက်လုံးများကိုဖွင့်၍ ကျန်းဟန်အား စိတ်ရှုပ်ထွေးစွာ ကြည့်လိုက်၏။ "အဲဒါ အရမ်းထူးဆန်းတယ်။ တကယ်ဖြစ်နေသလိုပဲ"

ဇီယန်သည် ကြောင်လေးတစ်ကောင်ပမာ ကျန်းဟန်၏ရင်ခွင်ထဲမှီရင်း ညင်သာစွာပြောသည်။ "ယောက်ျားနောက်ကျရင် ကျွန်မ မျက်စိနဲ့တပ်အပ်မြင်ရရင်တောင် အဲဒါကို မယုံတော့ဘူး။ ရှင်က ကျွန်မတစ်ယောက်တည်းကိုပဲချစ်တယ်ဆိုတာ ကျွန်မသိတယ်”

"ဟုတ်တယ်။ ကိုယ် မင်းတစ်ယောက်တည်းကိုပဲ ချစ်တယ်” ကျန်းဟန် နူးညံ့စွာ ပြုံးလိုက်၏။

"ရှင်... ရှင် ပြန်လည်မွေးဖွားလာတယ်လို့ ပြောခဲ့တယ်မလား။ အရင်ဘဝက ဘာတွေဖြစ်ခဲ့လဲ ကျွန်မကို ပြောပြပါ။ ကျွန်မ စိတ်ဝင်စားတယ်” ဇီယန် တိုးတိုးလေးပြောသည်။

"ကောင်းပြီ”

ကျန်းဟန် သူမအား ရင်ခွင်ထဲ ထွေးပွေ့လိုက်ပြီး သူ၏အတိတ်ကို ပြန်စဉ်းစားကာ ဖြည်းဖြည်းချင်း ပြောပြသည်။

"အဲဒါက ဇာတ်လမ်းရှည်ကြီးတစ်ခုပါ။ ကိုယ် ကျင့်ကြံခြင်းလောကကို မတော်တဆ ရောက်သွားခဲ့တာ။ ကိုယ် ကျန်းမိသားစုက နှင်ထုတ်ခံရတာလည်း ပေကျင်းမှာပဲ။ ငါးနှစ်ကြာအောင် ဘဝကို ခက်ခက်ခဲခဲနေခဲ့ပြီးတော့ ဒဏ်ရာရသွားခဲ့တယ်။ နောက်ဆုံးမှာ ကိုယ် ခွန်းလွန်တောင်ကို ထွက်လာခဲ့တာ။ ဘယ်နှရက်ကြာအောင် လမ်းလျှောက်ခဲ့မှန်းတောင် မသိဘူး။ မြူတွေဖုံးနေပြီး အချိန်တွေ မေ့သွားသလိုပဲ။ နောက်ဆုံးကျတော့ ကိုယ် ချောက်ကမ်းပါးကနေ ခုန်ချခဲ့တယ်.......။ အစပိုင်းမှာ ကျင့်ကြံခြင်းလောကအကြောင်းကို ဘာမှမသိခဲ့ဘူး။ အဲဒါကြောင့် အရမ်းသတိကြီးခဲ့ပြီး ဘယ်သူ့ကိုမှ မယုံရဲခဲ့ဘူး။ တဖြည်းဖြည်း လေ့လာသင်ယူရင်း ကိုယ့်ရဲ့ ရတနာအနံ့ခံနှာခေါင်းကလည်း နိုးထလာခဲ့တယ်....... ကိုယ် အတိဒုက္ခကို ဖြတ်ကျော်တဲ့အချိန်မှာ ကြောက်စရာကောင်းတဲ့နတ်ဘုရားမိုးကြိုးကိုတောင် စွဲဆောင်မိခဲ့တယ်...... ကိုယ်ပြန်လာတော့ ပေကျင်းက လန်ရှင်းတောင်ပေါ်မှာ ရောက်နေခဲ့တာ….."

ကျန်းဟန်သည် သူ၏အတွေ့အကြုံအား အတိုချုံး၍ပြောပြသည့်တောင်မှ နှစ်နာရီကျော်ခန့် ကြာမြင့်ခဲ့သည်။

ကျန်းဟန်က သူ့ကိုယ်သူသတ်သေရန် ကြိုးစားခဲ့သည်ကို ကြားလိုက်ရသည့်အခါ ဇီယန်၏မျက်လုံးများ နီရဲလာ၏။ ရင်သပ်ရှုမောဖွယ်အပိုင်းသို့ ရောက်သည့်အခါတွင် သူမကိုယ်တိုင် ထိုနေရာသို့ရောက်နေသလိုခံစားကာ အော်ဟစ်လိုက်မိသည်။

ထိုနောက် ဇီယန် အရာအားလုံးကို သိရှိသွား၏။

သူ စန္ဒယားကို ကောင်းကောင်းတီးတတ်တာ အံ့သြစရာမဟုတ်ဘူးပဲ။ သူ နှစ်ပေါင်းရာနဲ့ချီပြီး လေ့ကျင့်ခဲ့တာ....ဟင်း...

သူ ငါ့ကိုလည်း သီးချင်းတွေတိတ်တိတ်လေး ပို့ပေးသေးတယ်.... တိတ်တိတ်လေး လုပ်ခဲ့တာတွေလည်း ရှိတယ်...

ဇီယန် ရင်ထဲတွင် အလွန်ပျော်ရွှင်သွားသည်။

"ယောက်ျားက အင်မော်တယ်ပေါ့။ ရှင်က ကျွန်မရဲ့ ကိုယ့်စောင့်နတ်ပဲ” ဇီယန် အောက်နှုတ်ခမ်းအား ကိုက်လိုက်ပြီး သူမ၏မျက်လုံးများက ချစ်ခြင်းမေတ္တာကို ဖော်ပြနေသည်။

ဟူး...

ကျန်းဟန် သွေးဆောင်ခံလိုက်ရပြီး သူ၏ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်သွားသည်။ သူ၏အစွမ်းကို ပြသရန် အချိန်ရောက်ပြီဟု ခံစားလိုက်ရ၏။

ထို့ကြောင့် သူ့လက်များကို စတင်လှုပ်ရှားရင်း ပြုံးကာ ပြောလိုက်သည်။

"ကိုယ်ခုနက အပြည့်အဝမခံစားလိုက်ရဘူး။ ထပ်လုပ်ရအောင်...”

"အင်း...”

သူတို့၏ခန္ဓာကိုယ်များက နောက်တစ်ကြိမ် ပေါင်းစည်းသွားပြီး အချစ်ယာဉ်ကြော၌ နစ်မြုပ်သွားကြသည်။

ညမရောက်မချင်း မပြန်ကြဘဲ အချစ်ဇာတ်လမ်းကို ဆက်ရိုက်နေကြပုံရ၏။

ဒါက ပထမဆုံးအကြိမ်မဟုတ်သော်လည်း နောက်ဆုံးတွင် ချစ်တင်းနှောခြင်း၏ခံစားချက်ကို အပြည့်အဝခံစားနိုင်ခဲ့ကြသည်။ တဟုန်းဟုန်းတောက်နေသည့် မီးနှင့် ထင်းခြောက်ကဲ့သို့ပင်...

ကျန်းဟန်နှင့် ဇီယန်တို့ ချစ်ကြည်နူးနေချိန်၌...

နေ့လည်တစ်နာရီတွင် ဟောင်ကောင်သိုင်းလောက၌ သတင်းထူးအချို့ ထွက်ပေါ်လာသည်။

ဟဲချင်းတန် ဟောင်ကောင်သို့ ပြန်ရောက်လာပြီး ဟဲယွမ်ဖေး အသတ်ခံရကြောင်း သိလိုက်ရသည့်အခါ အလွန်ဒေါသထွက်သွားခဲ့သည်။ သူသည် ကျန်းအမည်ရှိ လူအား သုံးရက်အတွင်း ထူးဆန်းတောင်ထိပ်ကျွန်းသို့ သွားရန် ပြောခဲ့သည်။ မဟုတ်ပါက သူ၏တစ်မိသားစုလုံးကို သတ်ပစ်မည်ဖြစ်၏။

တစ်နာရီကြာပြီးနောက် အမျိုးသားလုံခြုံရေးအေဂျင်စီမှ လဲ့ထျန်းနန်ကလည်း ကျန်းဟန်ယန်သည် အေဂျင်စီ၏ အထူး ကာကွယ်ပေးထားသူဖြစ်ပြီး ဟဲယွမ်ဖေး သေဆုံးမှုသည် သူနှင့် မသက်ဆိုင်သည့်အတွက် တာဝန်ယူစရာမလိုကြောင်း ထုတ်ပြန်ခဲ့သည်။

သူ၏တင်းမာသည့် သဘောထားကြောင့် သူသည် မာစတာကျန်းအား ကာကွယ်ပေးလိုကြောင်း လူများ နားလည်သွားခဲ့ကြသည်။

ထို့ပြင် မာစတာကျန်းသည် အမျိုးသားလုံခြုံရေး အေဂျင်စီ၏ကာကွယ်သူဖြစ်ပြီး သိုင်းလောကတွင် ထိုသို့သိကြ၏။

သူသည် လူ ၁၃ ယောက်ကို သတ်ခဲ့သော်လည်း ထိုသို့ ဆက်ဆံခံရဆဲဖြစ်သည်။ သူသည် အမှန်တကယ်အစွမ်းထက်သည့်သူဖြစ်ပုံရ၏။ လူများစွာမှာ အံ့အားသင့်မှုကြောင့် ပင့်သက်မရှိုင်ဘဲ မနေနိုင်ကြချေ။

သို့သော် ဟဲချင်းက မကြောက်ရွံ့။ သူ့လူများအား ထိခိုက်နာကျင်စေသူ မည်သူမဆို သတ်ပစ်မည်ဟု ပြောခဲ့လေသည်။ သူသည် ကာကွယ်သူကျန်းကိုလည်း တစ်နေ့နေ့တွင် သူနှင့်တွေ့ဆုံရန် ပြောခဲ့သည်။

လဲ့ထျန်းနန်က တင်းမာစွာ ရပ်တည်ခဲ့ပြီး "လုံးဝမဖြစ်နိုင်ဘူးဟု" ပြန်ပြောခဲ့သည်။

သူတို့နှစ်ယောက်စလုံး အလျှော့မပေးချင်ကြသည့်အတွက် လဲ့ထျန်းနန်နှင့် ဟဲချင်းတန်တို့ နောက်တစ်နေ့တွင် ထူးဆန်းတောင်ထိပ်ကျွန်း၌ တိုက်ခိုက်ကြရန် ညနေ ၄ နာရီတွင် သဘောတူခဲ့ကြသည်။

မည်သူမှ နောက်မဆုတ်ချင်ကြသည့်အတွက် အချင်းချင်းတိုက်ခိုက်ကြရုံသာရှိသည်။ ၎င်းက သိုင်းပညာရှင်များ၏ ဖြေရှင်းနည်းပင်။

အဆုံးသတ်တွင် ၎င်းက ဟောင်ကောင်သိုင်းလောက၏ ဆရာကြီးနှစ်ဦးကြား တိုက်ပွဲဖြစ်လာခဲ့ပြီး အကြီးအကျယ် အုတ်အော်သောင်းနင်းဖြစ်သွားခဲ့သည်။

သိုင်းလောကတစ်ခုလုံး ရှော့ခ်ရသွားကြ၏။

-အပိုင်း(၁၄) အခန်း(၃၉၃)ပြီး

-စာစဉ်(၃၃)ပြီး